
ww.burmeseclassic.com

# ပေါ်ရှာရင်

ဝါးတားတား
ဝေတောတော



www.burmeseclassic.com

www.burmeseclassic.com

# အဖွင့်

ရန်ပယ်ဈေးကြီးအနီး ဂိတ်ထိုးထားသော မြင်းလှည်းဂိတ်မှာ မိုးမလင်းခင် လူစုံတက်စုံ ရောက်ရှိနေပြီ ဖြစ်၏။ သူတို့ အဓိက အားပြုနေရသည်မှာ အောက်အရပ်မှ တက်လာသည့် အဝေးပြေးကားများပင် ဖြစ်လေ၏။ မိုးမလင်းခင် ရန်ကုန်ဘက်မှ ခရီးသည်တင်ကားကြီးတွေ တဝေါဝေါ နှင့် ခေါင်းထိုးဝင်လာတတ်၏။

ခရီးသည်ကျပြီဆိုလျှင် ဂိတ်ထိုးထားသော မြင်းလှည်းတွေ တစ်စီးမှ မနားရ။ အော်ကြဟစ်ကြ သယ်ကြပိုးကြနှင့် ပွက်ပွက်ညံနေတတ်၏။ ကုန် ကားများ ရောက်လာပြီဆိုလျှင် ပို၍ ဆိုးလှ၏။ တောင်းတွေပလုံးတွေ အိတ်ကြီးအိတ်ငယ်တွေ တနင့်တပိုးတင်ကာ လူးလာစုန်ဆန် ဆွဲရ၏။

အလုပ်က ဝီရိယ မရှိလို့မဖြစ်။ ဝီရိယ မရှိလျှင် ငတ်သွားဖို့သာရှိ၏။ ထို့ကြောင့်လည်း ဖျောက်ဆိပ်တစ်ယောက် အိပ်ရာထဲမှ မိုးမလင်းခင် ထရ၏။ ဇနီးသည် အပုလေးကလည်း ယခုတစ်လော အတော့်ကို သဘောကောင်းနေ၏။ သူ အိပ်ရာမှ ထပြီဆိုသည်နှင့် ထမင်းကြော်၊ ရေနွေးကြမ်းက အဆင်သင့်။ ပို၍ အံ့ဖွယ်ကောင်းသည်က အပုလေး၏ မျက်နှာဖွေးဖွေးကြီးပင်။ သနပ်ခါး ခြေဆုံးခေါင်းဆုံး လူးကာ လင်တော်မောင်အတွက် အားကြိုးမာန်တက် လုပ်နေသည်ကို ကြည့်ပြီး ဖျောက်ဆိပ်ပင် နားဖို့မ တောင် ဖြစ်ခဲ့ရ၏။

သို့သော် ယခုလို အလိုက်သိလွန်းလှသည့် မိန်းမတစ်ယောက်

www.burmeseclassic.com



ရထားသည်မို့ သူ့အတွက် ကံအကောင်းကြီး ကောင်းနေပါတကားဟု ထင်မြင်မိလေ၏။ ဝီရိယကောင်းလှသော ဇနီးသည်ကြောင့်လည်း အိပ်ရာက စောစောစီးစီး ထနိုင်ခြင်း ဖြစ်လေ၏။

တပည့်ကျော်ကြီး ဂျာအေးကတော့ ဘယ်လိုမှ နှိုးမရ။ ပုဆိုးခြုံကာ ရေချိုပုစွန်တုပ်ကြီးလို ကွေးနေတတ်သော ဂျာအေး။ နှိုးလို့လည်း မရ။ ကန်ကျောက် နှိုးပြန်တော့လည်း ပုရွက်ဆိတ်ကိုက်သလား အောက်မေ့ရ၏။ အအိပ်မပျက်၊ အကွေးမပျက်။ နိုးလာပြန်တော့လည်း ကြောင်စီစီ။ ဆံပင် ဖိုးရိုးဖားရား၊ သွားရည်တမျှားမျှားနှင့် အလွန့်အလွန်မှ ကျက်သရေတုံးလှသည်မို့ ဇနီးသည် အပုလေးက ဂျာအေးကို မကြည့်ရဲ။

ဇနီးသည် စကားကြောင့် သူကိုယ်တိုင်လည်း အကဲခတ်ခဲ့ဖူး၏။ ဇနီးသည်စကားက မလွန်။ အိပ်ရာထဲမှ ထလာသော ဂျာအေးရုပ်က သရဲလိုလို၊ မှင်စာလိုလိုပင်။ မြို့သားကြီးလုံးလုံး ဖြစ်တာတောင် အမူစရိုက်က မဖျောက်။ ပုဆိုးကြီးခြုံပြီး အိမ်ရှေ့ရေကန်ထွက်ကာ ဆားလက်တစ်ဆုပ်နှင့် သွားကို နာရီဝက်ကြာအောင် တိုက်တတ်၏။

ရေချိုးတော့လည်း ကိုယ်ပေါ်ကချေးတွေ ရေနှူးအောင် စောင့်ပြီးမှ တိုက်ချွတ်ကာ ရေမိုးချိုးတတ်၏။ ဂျာအေးလုပ်ပုံက ပျင်းတိပျင်းရွဲ။ ထူထိုင်းလှသော ဂျာအေးလုပ်ပေါက်ကို ဖျောက်ဆိပ် သဘောမတွေ့။ ဝီရိယ နည်းလှသည်ဟု ထင်မိ၏။ ဂျာအေး လုပ်ပေါက်နှင့်ဆို သူတို့လူစု ထမင်းပါ ငတ်သွားနိုင်၏။ ထို့ကြောင့်လည်း ဂျာအေးကို ညပိုင်းပြောင်းပြီး သူက မနက်ပိုင်း တာဝန်ယူခဲ့ရလေ၏။

BURMESE CLASSIC

* * *

ယခုလည်း မြင်းလှည်းဂိတ်သို့ အစောကြီး ရောက်နေပြီ ဖြစ်၏။ သာအေးတို့လူစုကတော့ မြင်းလှည်းတွေ ဂိတ်ထိုးပြီး ပုဆိုးခြုံ ကွေးနေကြဆဲ။ အချိန်အခါက ဆောင်းလယ်ကာလ အချိန်အခါ။ နှင်းမှုန်နှင်းမွှားတို့က တဖွားဖွား တဝေဝေ။

စိန်ကျော်တို့လူစုကတော့ ဂိတ်ဘေးတွင် မီးလှုံနေကြဆဲ။

"ဟာ- ဆရာဖျောက်၊ လာဗျာ မီးလှုံရအောင်"

"ကောင်းသကွာ၊ နှင်းက အတော်ကျတာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"လာဗျာ"

ပြောပြောဆိုဆိုနှင့် စိန်ကျော်တို့ဘေး ဝင်ထိုင်လိုက်၏။ သူတို့လူစု တရဲရဲ တရှိန်ရှိန် တောက်နေသော မီးပုံကြီးဘေး တိုးတိုးခွေ့ခွေ့။

ဖျောက်ဆိပ်သည် ဆေးပေါ့လိပ် တစ်လိပ်ထုတ်ကာ မီးညှိဖွာရှိုက်လိုက်၏။

"ရန်ကုန်ကားတွေ မဆိုက်သေးဘူးလားကွ"

"မဆိုက်သေးဘူးဗျ၊ စောစောကတော့ အောင်လံကားတစ်စီး ဝင်လာတယ်"

"ဟုတ်လား၊ ဟိုကောင်တွေအုပ်စု မထသေးဘူးလားကွ။ ကိုဏာတေကြီးရော ဘယ်လိုတုံး၊ ဂိတ်မှူးလုပ်ပြီး ခုထိ မလာသေးပါလား"

"ဟာ- ဆရာဖျောက်ဆိပ်ကလည်း၊ သူ့ယောက်ဖ မနေ့ညက ဆုံးသွားတယ်လေဗျာ"

"ဩော် - ဟုတ်သားပဲ၊ ဒါဆို မင်းတို့ ဒီည ပွဲကောင်းပြီပေါ့ စိန်ကျော်ရာ"

"ဟဲဟဲ- ကျုပ်တို့က ကိုတာတေကြီးကို တစ်မေးတည်း မေးနေတာဗျ၊ သူ့ယောက်ဖက အရက် တအား သောက်တာလေ။ အိပ်ရာထဲလဲနေပြီ ဆိုကတည်းက မေးနေတာဗျ"

"ဟေ- ကောင်းကွာ"

စိန်ကျော်၏စကားကြောင့် ဖျောက်ဆိပ်တောင် တအံ့တသြ ဖြစ်သွားခဲ့ရ၏။

စိန်ကျော်တို့လူစုကျတော့ ဖဲဝိုင်းရှိသည်လို့ အသံကြားသည်နှင့် ရောက်သည့်အရပ်မှ ပြေးလာတတ်ကြ၏။ ဖဲဝိုင်းထဲရောက်လို့ကတော့ မယားမေ့၊ သားမေ့။ ယူလာသမျှ ပိုက်ဆံတွေလည်းကုန်၊ ပါလာသည့် အဝတ်အစားတွေ ချွတ်ရိုက်။ နောက်ဆုံး ဖဲဝိုင်းသိမ်းပြီဟော့ ဆိုလျှင် စိန်ကျော်တစ်ယောက် ဖဲနာကျကာ အိမ်ထဲက အိမ်ပြင်မထွက်။ အကြွေးရှင်တွေကလည်း တစ်ပုံတစ်ခေါင်း။ အိမ်က မယားနှင့် ကလေးတွေခမျာ ပိန်လိမ်ပြားချပ်နေကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



ထိုအခြေအနေကြား စိန်ကျော်တစ်ယောက် ရလိုက်သည့် နောင်တတွေက မနည်း။ ပါးစပ်ကလည်း မိန်းမကြားကောင်းအောင် ပြော လိုက်ရသည်က တဖွဖွ။ မရိုက်တော့ဘူး၊ ဖဲဆို ဝေးဝေးက ရှောင်ပါတော့ မယ်လို့ တွင်တွင်ကြီး ပြောသော်လည်း ပြောခဏပင်။ မယားလုပ်သူက တော့ စိန်ကျော့်အကြောင်း သိနေပြီမို့ ထုံဟုန့်သွားခဲ့ပြီ ဖြစ်၏။ စိန်ကျော် ဆီက ပိုက်ဆံကို မမျှော်။ အရပ်ထဲ အဝတ်လျှော်၊ ရေခပ်နှင့် ကိုယ့်ဝမ်းရေး ကိုယ်ကျောင်းခဲ့ရ၏။

ယခုလည်း တာတေကြီးယောက်ဖ ဆုံးပြီ ဆိုသောသတင်း ကြားသ ဖြင့် အတော်ကလေး ဝမ်းသာအားရ ဖြစ်နေပုံပင်။ စိန်ကျော်၏ အကြောင်း ကို ဖျောက်ဆိပ်က ကောင်းကောင်းကြီး သိနေသဖြင့် သူ့အပြောကို မအံ့ဩ တော့။ လောကကြီးကို ဖျောက်ဆိပ်က ခပ်ကြောင်ကြောင် လောကကြီးဟု ထင်၏။

မရှိဘူး၊ မရှိဘူးနှင့် ထင်သလိုပြော။ ဖဲဝိုင်း၊ အရက်ဝိုင်းကျတော့ လည်း ပိုက်ဆံတွေ ဒလဟော။ ဘယ်ကဘယ်လို ရှာလာကြသည် မသိ။ ပေါင်စရာရှိ အကုန်ပေါင်၊ ရောင်းစရာရှိ အကုန်ရောင်းနှင့် မကောင်းမှု ပြုရမည်ကို အားကြိုးမာန်တက်။ ထိုအထဲမှာ သူတို့ ဆရာတပည့်လည်း ပါပါသွားတတ်၏။ပြောရလျှင် ပုထုဇဉ် ဆိုတော့လည်း ပြောရခက်သားပင်။

စိန်ကျော်ကတော့ လောင်းကစားမှာ တစ်ဖက်ကမ်းခပ်။ တစ်ခါ တစ်ရံ အုံနာမသိအောင် မြင်းလှည်းကြီးပေါင်ပြီး ရိုက်ခဲ့ဖူးသဖြင့် အချုပ်ထဲ တောင် သုံးလေးည သွားအိပ်ခဲ့ဖူး၏။ စိန်ကျော်ကိုတော့ မြင်းလှည်းဂိတ်က လက်လန်၏။ ဂိတ်မှူး တာတေကြီးပင် စိန်ကျော့်ကို အစေးမကပ်။

ဘယ်မှာ လောင်းကစားရှိသလဲ အမြဲ နားစွင့်နေသူ။ အရပ်ထဲ အသုဘဖြစ်လို့ကတော့ စိန်ကျော် ကွေးနေအောင် ကပြီသာမှတ်။ ယခု လည်း တာတေကြီးယောက်ဖ အသုဘရှိသည်မို့ စိန်ကျော်၏ မျက်နှာက စပ်ဖြဲဖြဲ။

"စိန်ကျော်ရာ၊ အိမ်ကလူတွေလည်း သတိထားပါဦးကွ။ မင်းယူ ထားတာ ပါးစပ်ပါတဲ့လူတွေကွ"

"ဟဲဟဲ- ဆရာဖျောက်ကလည်း ဒါတော့ ဒါပေါ့ဗျာ၊ ပါးစပ်ပါခိုင်း



www.burmeseclassic.com

www.burmeseclassic.com



စားတာတော့ ဘယ်ကောင်းမှာလဲဗျ"

"ဘာကွ- ဟကောင် စိန်ကျော်၊ မင်း ထင်ရာမြင်ရာ မပြောနဲ့ကွ။ မင်းလုပ်တာ မြင်းလှည်းဆရာ သိက္ခာကျသကွာ"

"သိပ်လည်း အတွေးမရောက်ပါနဲ့ ဆရာဖျောက်ရယ်၊ ဆရာဖျောက် ပြောသလို သဗ္ဗေသခ်ီါရ အနိစ္စလေ"

"ဘာကွ။ တော်ကွာ - မင်းလုပ်တာ သဗ္ဗေသခ်ီါရ မဟုတ်ဘူးကွ၊ သဗ္ဗေမြင်သမျှ ဒုက္ခကွ"

"ဟာဗျာ"

သူ့စကားကြောင့် စိန်ကျော်မျက်နှာကြီး ရှုံ့တွသွား၏။ ဖျောက်ဆိပ်က ပြောလိုက်လျှင်လည်း ပိဿာလေးဘေးပစ် ပြောတတ်၏။ စိန်ကျော် အီလည်လည် ဖြစ်သွားသည်ကို ကြည့်ပြီး ဖျောက်ဆိပ် ပါးစပ်ထဲက မီးခိုးတွေကို မှုတ်ထုတ်လိုက်၏။

"မှတ်ထား စိန်ကျော်ရ၊ ဘာလုပ်လုပ် အတိမပါရင် ရှိတာကုန်ပြီသာမှတ်ကွ။ မင်းဥစ္စာ မိုးမလင်းခင် ထပြီး နင်လားငါလားလုပ်၊ အဲဒီလို အားကြိုးမာန်တက်လုပ်ပြီး ရလာတဲ့ငွေကျတော့ ဖျာပေါ်မှာ ဖျောပစ်တယ်ဆိုတာ တော်တော့်ကို အဆီအငေါ်မတည့်တဲ့ ကိစ္စပါကွာ"

"ဟဲဟဲ - သိတော့ သိပါတယ် ဆရာဖျောက်ရယ်၊ ဒါပေမယ့် သွေးက တောင်းနေတော့လည်း ခက်သားဗျ"

"ဘာ- သွေးက၊ တော်စမ်းပါကွာ။ ကိုယ်ထင်ရာ ကိုယ်လုပ်တာ မဟုတ်မဟတ် မပြောစမ်းပါနဲ့"

သူတို့လူစု စကားတပြောပြောနှင့် မီးလုံနေကြစဉ် အဝေးပြေးကားကြီး သုံးလေးစီး ဂိတ်ထဲ ခေါင်းထိုးဝင်သွား၏။ ထိုမြင်ကွင်းကို မြင်လိုက်သည်နှင့် မီးဆက်မလှုံနိုင်တော့။ မြင်းလှည်းပေါ် အလျှင်အမြန် တက်ကာ အဝေးပြေးကွင်းအဝသို့ ပြေးကြရ၏။

သူတို့ ရောက်ရှိသွားချိန်တွင် ခရီးသည်တွေ အလျှိုအလျှို ဆင်းလာ၏။ တောင်းတွေ၊ အိတ်တွေ ထမ်းပိုးဆင်းလာကြသော ခရီးသည်များ၏ အသံဗလံတွေကလည်း ဆူညံနေ၏။ ဖျောက်ဆိပ်တစ်ယောက် မြို့ထဲကို



www.burmeseclassic.com

www.burmeseclassic.com



သုံးခေါက် ပို့လိုက်ရ၏။

မနက်ပိုင်း သုံးခေါက်လောက် ရလိုက်ပြီမို့ အခြေအနေက မဆိုးလှ။ ဂိတ်ပြန်ရောက်တော့ ဂိတ်မှူး ကိုတာတေကြီးပင် လှည်းပေါ် ဇိမ်ခံနေပြီ ဖြစ်၏။

"ဘယ်လိုတုံးဟ၊ တွယ်လှချည်လား ဖျောက်ဆိပ်ရ။ ဟိုကောင်ဂျာအေးရော"

"နှိုးလို့မရဘူးဗျ။ ဒါထက် ခင်ဗျားယောက်ဖ ကြွက်ကလေး ဆုံးလို့ဆို"

"ဟေ- သတင်းက မြန်လှချည်လားဟ၊ ဧကန္တ ဟိုဖဲသမား စိန်ကျော်ဆီက သတင်းရတာထင်တယ်။ ဒီကောင် ငါ့ကို တစ်မေးတည်း မေးနေလို့ ပြဿနာရှင်းလိုက်ရတာ ခဏခဏကွ၊ တော်တော်ဆိုးတဲ့ကောင်"

"ခင်ဗျားယောက်ဖ ကြွက်ကလေးကိစ္စ ရှင်းသွားပြီဆိုတော့ ခင်ဗျားလည်း စိန်ကျော်လိုပဲ ဝမ်းသာနေမှာပေါ့"

"ဘာကွ၊ မင်း ဘယ်လိုပြောလိုက်သလဲကွ"

"ဟဲဟဲ- အစဉ်းသိတွေပဲ ကိုတာတေကြီးရာ၊ ကြွက်ကလေးလုပ်လို့ ခင်ဗျားမိန်းမ-နားကပ်တောင် ပြုတ်ခဲ့တာဗျ။ တစ်အိမ်လုံးပတ်ပြီး ပြဿနာ ရှာနေတဲ့ကောင် တစ်တော့ရှင်းသွားပြီ ဆိုတော့ . . ."

"ဟကောင်- ဖျောက်ဆိပ်၊ တိုးတိုးပြောပါကွာ"

တာတေကြီးတစ်ယောက် တောကြည့်တောင်ကြည့်လုပ်ရင်း ဖျောက်ဆိပ်စကားကို ဟန့်နေရ၏။ မဟန့်လို့လည်း မဖြစ်။ သူ့မိန်းမနားပြန်ကြားလျှင် အိမ်ပေါ်က ခေါင်းနဲ့ဆင်းရမည်မှာ ကျိန်းသေ။ ဖျောက်ဆိပ်နှင့်တွေ့လိုက်တော့ သူ့ပါးစပ်ထဲ ကြွက်ကလေးဘဝက ရစရာကို မရှိတော့။

ယခုလည်း ဖွာလောင်ဖွာလောင် ပြောတတ်သည့် ဖျောက်ဆိပ်အသံကြောင့် ပျာပျာသလဲ ဖြစ်နေလေ၏။ ဖျောက်ဆိပ်ကတော့ ဘာမှမှုသူ မဟုတ်။ ပြောစရာရှိလျှင် ဟောဟောဒိုင်းဒိုင်း။ အချိန်အနည်းငယ်ကြာတော့မှ တာတေကြီး၏ ပိန်ချည့်ချည့် စကားသံ ထွက်လာ၏။

"မင်းပြောတာတော့ အဟုတ်ပဲကွ၊ ကြွက်ကလေးဆိုတဲ့ကောင်က



www.burmeseclassic.com

www.burmeseclassic.com



သောက်လိုက်သမှ တကယ့် ကြွက်တွင်း။ သောက်ပြီးတော့ မင်းတို့ လိုလည်း မငြိမ်ဘူး၊ သောက်စရာမရှိ အိမ်ကပစ္စည်း ဆွဲပြီးရောင်း တဲ့ကောင်ကွ။ ဘုရားစင်ပေါ် ငှါမိန်းမစုထားတဲ့ အလှူငွေကလေး တောင် ပါသွားသကွာ။ မြန်မြန်သေလေ အေးလေတောင် ပြောရ မလားပဲ။

ယောက်ဖဆို လေသံတောင် မကြားချင်ပါဘူးကွာ။ ကြွက်ကလေး အထက် အကြီးကောင် စာကလေးက ပိုတောင်ဆိုးသေးသကွ။ သောက်လိုက်လည်း မီးတောက်မှ၊ အဲဒီကောင်ဆုံးတုန်းက ငါ ထ တောင် ကမိသကွာ"

"ကိုတာတေကြီးက ယောက်ဖဆို အတော့်ကို မုန်းတာပဲကိုး"

"ဟာ - မုန်းတာမှ နောက်ဘဝ လူပြန်ဖြစ်ရင် ယောက်ဖတွေနဲ့ မဆုံပါရစေနဲ့တောင် ဆုတောင်းမိသကွာ"

"ဟား . . . ဟား . . . ဟား"

ကိုတာတေကြီး၏ စကားကြောင့် ဖျောက်ဆိပ် တဟားဟား အော် ဟစ်ရယ်မောနေ၏။ ထိုအချိန် သူတို့ဂိတ်အနားသို့ ပေစုတ်စုတ် လူတစ် ယောက် အထုပ်ကြီးတစ်ထုပ်ကို ကျောပိုးကာ ကုပ်ချောင်းကုပ်ချောင်းနှင့် ရောက်ရှိလာ၏။

"ကိုကြီးဖျောက်"

"ဟေလကွယ်"

"ဟို- ကျွန်တော် ချစ်စိန်လေ"

"ချစ်. . . ချစ်စိန်၊ ယောက်ဖ"

"ဟုတ်ပါတယ်ဗျာ၊ ကိုကြီးဖျောက်ရဲ့ ယောက်ဖပါ ခင်ဗျာ"

"ဟိုက်- သွားလရောက်ကွာ"

သူ့ရှေ့တွင် ကြောင်စီစီ ရပ်နေသော လူတစ်ယောက်။ အရပ်က လေးပေတောင် မပြည့်ချင်။ ဆံပင်တွေကလည်း နီကြောင်ကြောင်၊ ဖွာကျဲ ကျဲ၊ ပိန်မျောမျော အသွင်ကြောင့် ဖျောက်ဆိပ် ကိုယ့်ယောက်ဖတောင် ကိုယ် မမှတ်မိ။ အသေအချာကြည့်လေမှ ယောက်ဖလုပ်သူ ချစ်စိန်မှန်း သတိထားမိလေ၏။



www.burmeseclassic.com

www.burmeseclassic.com



ချစ်စိန်၏အပြုံးက မချို။ သူ့ကို မြင်လိုက်သည်နှင့် ဖျောက်ဆိပ် တွန့်ခနဲ ဖြစ်သွားလေ၏။ ကိုတာတေကြီးနှင့် ယောက်ဖရှင်းတမ်း ထုတ်နေစဉ် ဆိုက်ဆိုက်မြိုက်မြိုက် ရောက်လာသော ယောက်ဖ ပိန်ခြောက်ခြောက်ကိုကြည့်ပြီး ပါးစပ်ကြီး အဟောင်းသား ဖြစ်နေရလေ၏။

"မင်း . . . မင်း ဘာလာလုပ်သလဲကွ"

"ဟို . . . ဟို ကိစ္စရှိလို့ပါဗျာ"

"ဟေ- ကိစ္စ ဟုတ်လား၊ ကိုင်း- လာလာ ဒါဆိုလည်း အိမ်သာလိုက်ခဲ့ပေတော့။ ကိုတာတေကြီးရေ ဟောဒီမှာ ကျုပ်ယောက်ဖ ရောက်လာလို့ အိမ်လိုက်ပို့လိုက်ဦးမယ်ဗျာ"

"ဟင်- ကောင်းရောကွာ ဟဲဟဲ"

ကိုတာတေကြီးလည်း ဗြုန်းစားကြီး ရောက်ချလာသော ချစ်စိန်ကိုကြည့်ပြီး စပ်ဖြဲဖြဲနှင့် ရယ်မောနေ၏။ ဖျောက်ဆိပ်သည် ချစ်စိန်ကို လှည်းပေါ်တင်၍ ခေါ်လာသော်လည်း မျက်ခုံးခပ်လှုပ်လှုပ်။ ချစ်စိန်အကြောင်းကို သူ အသိဆုံး။ အစ်မကွယ်ရာဆိုလျှင်တော့ ချစ်စိန်ပုံက ကုပ်ချောင်းချောင်း။ ဟန်တွေပန်တွေ မရှိ။ အစ်မရှေ့ ရောက်လာပြီ ဆိုလျှင်တော့ တကယ့် အောင်နိုင်သူကြီး အလားပင်။ ထို့ပြင် ချစ်စိန်က ပြဿနာတွေ သယ်သယ်လာတတ်သည်မို့ ရင်တထိတ်ထိတ်။

အိမ်မရောက်ခင် ဖျောက်ဆိပ်တစ်ယောက် ချစ်စိန်ဘက်လှည့်ပြီး ကြိုတင် ခေါင်းနှပ်စကား ပြောလိုက်၏။

"ဟကောင် ချစ်စိန်"

"ခင်ဗျာ"

"အေး- အိမ်လာရင်တော့ ကောင်းကောင်းလာကွာ၊ ပြဿနာ မရှာနဲ့။ မင်းအစ်မကလည်း ကလေးတစ်ဖက်နဲ့၊ ငါကလည်း အလုပ်အားတာ မဟုတ်ဘူးကွ။ ငါပြောတာကြားရဲ့လား"

"ကြား . . . ကြားပါတယ် ခင်ဗျာ"

"အေး- မင်း အခုလာတာ ငါတို့အိမ်မှာနေဖို့ မဟုတ်လား။ နေမယ်ဆိုရင်တော့ ပါးစပ်ငြိမ်ငြိမ်၊ ခြေငြိမ်ငြိမ်နေကွာ"

"ဗျာ၊ ဟာ- ကိုကြီးဖျောက်ကလည်း အိမ်တောင်မရောက်သေးဘူး



www.burmeseclassic.com

www.burmeseclassic.com



ကြိုနှိပ်ကွပ်နေပါလားဗျ။ ဟဲဟဲ ခုတစ်ခါလာတာ ကိုကြီးဖျောက် တို့ပါ ကောင်းကျိုးဆိုက်ပြီလို့သာ မှတ်ပါဗျာ"

"ဟေ- ကောင်းကျိုး၊ ဟုတ်လား"

"ဟုတ်ပ့ါ၊ကျုပ်လာတာ သိကြားမင်းလာပြီလို့သာမှတ်ဗျာ။ မ,မယ်၊ အကုန်လုံးကို မ,ပြီးမှ ကျုပ် ပြန်မှာဗျ"

"ဗုဒ္ဓေါ - မင်းစကားက တစ်မျိုးကြီးပါလားဟ။ ကြည့်လည်း ပြော စမ်းပါကွာ၊ တောင်ပြောမြောက်ပြော မပြောစမ်းပါနဲ့။ မင်းလာရင် ပြဿနာ တစ်ခုမဟုတ်တစ်ခု ပါလာမှာတော့ ကြောက်သကွ။ ဒီတော့ မ,တာတွေ၊ မ,မတာတွေ ဘေးချိတ်၊ ငါပြောချင်တာ ပြဿနာမရှာလေနဲ့၊ ဒါပဲ"

"စိတ်ချပါဗျာ၊ အိမ်ရောက်တော့ ချစ်စိန် အစွမ်းပြရတာပေ့ါဗျာ"

"ဟေ"

ချစ်စိန်သည် လှည်းပေါ်ရောက်သည်နှင့် စကားတွေ ဖောင်း ဖောင်းကားကား ဖြစ်လာ၏။ အိမ်နှင့် နီးလာလေလေ လေသံတွေ ပြောင်း လာလေလေမို့ ဖျောက်ဆိပ် စောင်းငန်းစောင်းငန်း ကြည့်ရင်း အိမ်ဝိုင်းထဲ သို့ ချိုးဝင်လိုက်လေ၏။

မြင်းလှည်းဆိုက်သံ ကြားသည်နှင့် မီးဖိုထဲမှ ပြေးထွက်လာသူက အပုလေး။သူ့နံဘေးတွင် ဂျာဖျောက်ကလေးလည်း ပါလာ၏။ လှည်းပေါ်မှ ဆင်းလာသည့် ချစ်စိန်ကိုမြင်တော့ အပုလေးတစ်ယောက် ဝမ်းသာအားရ ဖြစ်နေ၏။

"အလိုတော်၊ မောင်လေးပါလား။ ဝမ်းသာလိုက်တာကွယ်၊ မမက မင်းတို့ကို မျှော်နေတာ။ အစ်မရော နေကောင်းရဲ့လား၊ ရွာက လာသလား"

မေးခွန်းတွေ ပလုံစီနေ၏။ ဖျောက်ဆိပ်ခမျာ လှည်းပေါ်က မဆင်း နိုင်သေး။ မိန်းမလုပ်သူ၏ အဖြစ်သည်းပုံကို ကြောင်စီစီ လှမ်းကြည့်နေ၏။

ချစ်စိန်သည် လှည်းပေါ်မှ ကုန်းကုန်းကွကွနှင့် ဆင်းလိုက်ပြီး ဂျာဖျောက်ကလေးကို ချီလိုက်၏။ အပုလေးမှာလည်း မောင်ဖြစ်သူဘေး ဝမ်းသာအားရ ဖြစ်နေ၏။



www.burmeseclassic.com

www.burmeseclassic.com



"ကျုပ်က တောင်တွင်းရောက်နေတာ အစ်မရဲ့"

"ဟင်- ဟုတ်လား၊ ဘာသွားလုပ်တာလဲ"

"အိုဗျာ၊ ကျုပ်အကြောင်း ပြောတောင် မပြောချင်ပါဘူး။ ကိုင်း- အခု ကျုပ် ဘာမှ မစားရသေးဘူး အစ်မရဲ့၊ တစ်ခုခုကျွေးဗျာ"

"ဟယ်- ဟုတ်တာပေ့ါ။ ကိုရင်ဖျောက်၊ ရှင်က လှည်းပေါ် ထိုင်ပြီး ဘာလုပ်နေသတုံး။ ဆင်းလေ၊ ရှင့်ယောက်ဖ ရောက်လာတာ အားရဝမ်းသာ ကြိုစမ်းပါတော်။ ကျုပ်မောင်လေးက ကျုပ်တို့ဆီ လာခဲ့ပါဘိ"

"ဩအေးအေး၊ ဟုတ်သားဟ"

လှည်းပေါ်မှ ကမန်းကတန်း ဆင်းလိုက်ရ၏။ အပုလေးသည် ...ာင်ဖြစ်သူကို အိမ်ပေါ် အတင်း ဆွဲခေါ် သွား၏။ ထိုအချိန်တွင် ဂျာအေး ...စ်ယောက် အိပ်ခန်းထဲ ပုဆိုးခြုံ၍ ကွေးကောင်းဆဲ။ အပုလေးအသံက ...ညံစီနေ၏။ ဂျာဖျောက်ကလည်း ဘုမသိ ဘမသိ အော်ဟစ်ခုန်ပေါက်နေ ...၏။ ဖျောက်ဆိပ်သည် ယောက်ဖမျက်နှာကို ရဲရဲမကြည့်ဝံ့။

ထိုစဉ် အပုလေး၏ စကားသံ ပေါ်လာ၏။

"မောင်လေး ဘာစားမတုံးပြော၊ ငါ့မောင် ကြိုက်တာပြောစမ်း။ ဟဲ့- ဂျာအေး၊ မှင်စာလေး မထသေးဘူးလားဟဲ့။ ဒီမှာ ညွှေ့သည် ရောက်နေတယ်လေ၊ ဝယ်စရာ ခြမ်းစရာရှိ ဝယ်ရမယ်။ ဟဲ့- ဂျာအေး၊ ထစမ်း"

"အင်"

စူးစူးရဲရဲ နားထဲထိုးဝင်လာသော စကားသံကြောင့် ပုဆိုးခြုံ ကွေး ...သော ဂျာအေးတစ်ယောက် ငေါက်ခနဲ ထထိုင်လိုက်၏။ ညွှေ့သည် ...သော စကားကြောင့် အိပ်ချင်မူးတူးနှင့် အခန်းအပြင်ကို ကြည့်လိုက်၏။

ပေစုတ်စုတ်၊ ပိန်ခြောက်ခြောက် လူတစ်ယောက်။ ချစ်စိန်မှန်းပင် ...ိပ်မိ။ အိပ်ချင်စိတ်က မကုန်သေးသဖြင့် အသံပြာနှမ်းနှမ်းနှင့် လှမ်း ...ပြာလိုက်၏။

"ဘယ်လိုတုံးဗျာ၊ စောစောစီးစီး ဘာလာလုပ်သတုံး။ မိုးမလင်းခင် လာတာဆိုတော့ အိမ်ခြေရာခြေ မရှိဘူးလားဗျ"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့- မှင်စာလေး၊ ဒါ ငါ့မောင်လေ ချစ်စိန်လေ။ ပြောချလိုက်
နှစ်ပြားမတန်ဘူး၊ နင်. . . နင်နော် စကားပြောတာကြည့်ပြော
"ဗျာ၊ သြော် - ကျုပ်ကလည်း ဘယ်သူများလဲလို့။ ဆရာဖျော
အချစ်တော် ကိုချစ်စိန်ကိုး ဟဲဟဲ"

ချစ်စိန်မှန်း သိလိုက်သဖြင့် ပုဆိုးပြင်ဝတ်ကာ အိပ်ခန်းထဲမှ ထွ
ခဲ့၏။ ချစ်စိန်သည် ဂျာအေးကို တစ်ချက် လှမ်းကြည့်ရင်း ပြောလိုက်

"ဂျာအေး၊ မင်းပုံက ခုထိ ကျက်သရေတုံးတုန်းပါလားကွာ။
ရောက်တာတောင် အသွင်အပြင် အရောင်အသွေး မပြော
လားကွ"

"ဟင်- မင်းကများ ငါ့ကို ပြောရတယ်ရှိသေး။ မင်းရုပ်လည်း
ပြန်ကြည့်ပါဦး ချစ်စိန်ရာ၊ မျောက်နှာ ပုဆိုးပတ်ထားတဲ့ရုပ်က

"ဟဲ့ဟဲ့- တော်ကြပါတော့။ ဂျာအေး၊ ငါ့မောင်ကို မှိုချိုးမှ
မပြောနဲ့နော်။ မျက်နှာမြန်မြန်သစ်၊ ငါ့မောင်စားဖို့ တစ်ခုခု
ဝယ်။ ကိုရင်ဖျောက်"

"ဟေလကွယ်"

"မနက်က ဘယ်နှခေါက် ဆွဲရသတုံး၊ ပိုက်ဆံပေးဦးလေ့။ ဈေ
မပေးရင် ကျုပ်က အိုးမှောက်ပစ်လိုက်မှာ"

"ဟာကွာ- မိန်းမကလည်း အသားလွတ်ချည်းပါလား။ ရော
ဒီမနက် သုံးခေါက်ဆွဲရတယ်။ လက်ဖက်ရည်တောင် မသော
သေးဘူးဟ၊ ချစ်စိန် ရောက်လာတာနဲ့ အိမ်ပြန်လိုက်ပို့တာ"

"ဒါဆိုလည်း ရှင် ဂိတ်ပြန်တော့၊ ကျုပ်မောင်လေးလာတုန်း ပို
ပိုပိုလျှံလျှံသုံးမှ။ ခေါက်ရေလျော့လို့ မဖြစ်ဘူးတော့"

"ငါ သိပါတယ်ကွာ၊ ဒါ ငါ့အလုပ်။ ကိုင်း- ဝယ်စရာရှိဝယ်
လည်း ဘာမှ မစားရသေးဘူး"

အပုလေး စကားကို ဖျောက်ဆိပ် ဘဝင်မကျ။ အတင်း ဂိ
နှင်ထုတ်နေသဖြင့် ဖျောက်ဆိပ် ပေထိုင်နေ၏။ ထိုစဉ် ဂျာအေးသ
အိမ်ရှေ့ ရေကန်ရှေ့ရပ်ကာ မျက်နှာသစ်လိုက်၏။ သူ့ဆံပင်မျက်နှာ
ကုပ်ကုပ်ကို လှမ်းကြည့်ရင်း ဂျာအေး ပြုံးစိစိ ဖြစ်နေ၏။ မျက်နှာသ



www.burmeseclassic.com

www.burmeseclassic.com



သည်နှင့် ပုဆိုးဖြင့်သုတ်ကာ အိမ်ပေါ်တက်လာ၏။

"ကိုကြီးဖျောက်"

"ဟေလကွယ်၊ ဘာတုံး ယောက်ဖရဲ့"

"မြို့ရောက်တာ နှစ်ချီနေပြီ၊ ခုထိ စီးပွားရေးက ပေစုတ်စုတ်ပဲလား ဗျ။ ကျုပ်အစ်မကို ယူတုန်းက ပြောခဲ့တဲ့စကားတွေ ခုထိတောင် အမှတ်ရသေးသဗျ"

"ဟာကောင် ချစ်စိန်၊ မင်း ဘာစကားပြောသတုံးကွ။ မင်းအစ်မကို ငါက အိမ်နဲ့ရာနဲ့ ထားတာကွ"

"ဟာ- လူပဲဗျာ နေစရာအိမ်တော့ ရှိမှပေါ့ဗျ၊ ဒါ ဆန်းတဲ့ကိစ္စမှ မဟုတ်တာ။ ကျုပ်ပြောတာ ကျုပ်အစ်မ နားပေါက်ဟောင်း လောင်းကြီး မြင်ရတော့ ခင်ဗျားပြောခဲ့တာတွေက ကြွားလုံးတွေ ထင်ပါရဲ့ဗျာ ဟဲဟဲ"

"ဟုတ်ပ့ါ မောင်လေးရေ၊ အဲဒီဟာကြီးက ယောက်ျားသာတော်ရ တယ် ဘာတစ်ခုမှ အစွမ်းအစ မရှိဘူးဟဲ့။ အစ်မတို့သားအမိ စားရတာတောင် အနိုင်နိုင်။ ဒါတောင် အစ်မက ထိန်းနေလို့ပေါ့။ မဟုတ်လို့ကတော့ ဇရပ်သွားအိပ်ရမယ့်ကိန်းပဲ မောင်လေးရေ"

"ဟေ- ကောင်းရောဟာ"

မယားနှင့် ယောက်ဖကြား ဖျောက်ဆိပ်တစ်ယောက် ချာချာလည် နေ၏။ ဂျာအေးသည် သူ့ဆရာ ခံနေရပုံကို ကြည့်ပြီး မကျေနပ်။ ပြောပြန် လျှင်လည်း အပုလေး ထသောင်းကျန်းမှာစိုးသဖြင့် အိမ်ပေါ်မှ မှုန်ကုပ် ကုပ်နှင့် ဆင်းသွား၏။

ဖျောက်ဆိပ်ခမျာ ဂျာအေး မရှိတော့မှ ဘောလုံးတစ်လုံးလို လှိမ့် အကန်ခံနေရ၏။ ချစ်စိန်ကတော့ အစ်မရှေ့ ရောက်သည်နှင့် အိုင်ဒီယာ တွေ ပြောင်းလဲသွား၏။

"မောင်လေး၊ နင်က ဘယ်လိုလုပ်ပြီး တောင်တွင်းက ပြန်လာ သတုံးဟဲ့။ နှင်းစိန်လည်း မပါပါလား""ဟာ- နှင်းစိန်နဲ့ ကျုပ် စကားများပြီး ကွဲသွားပြီဗျ"

"အလိုတော်၊ ဘယ်လိုဖြစ်ကြသတုံး"

www.burmeseclassic.com

www.burmeseclassic.com



"မမေးစမ်းပါနဲ့ အစ်မရာ၊ ဒီမိန်းမ တယ်လည်း လောဘကြီး
တာဗျ။ ကျုပ်က နွားနှစ်ကောင်နဲ့ ရှန်းကန်နေတုန်း ဒင်းက နှစ်
လုံးချည်း လိုမ့်ထိုးနေတာလေ။ ပြောတော့ ကျုပ်ကို ကက်ကက်
လန်အောင် ရန်ထောင်တာဗျ။ အဲဒါ ကျုပ်က ထလည်း ရိုက်ရော
ကွဲမယ်ကွာမယ်ပြောပြီး တောင်တွင်း ပြန်သွားတာဗျ"

"ဟင်- ဒါဆို နင် နင့်မိန်းမ သွားခေါ်တာပေါ့"

"ဟုတ်ပ။ ခေါ်ဖို့သွားတာပဲ။ ဟိုကျတော့ ကျုပ်ကို နှစ်လုံးမထိုး
ရရင် ပြန်မလိုက်ဘူးတဲ့လေ။ ကျုပ်နဲ့ နှစ်လုံး ဘယ်ဟာ စွန့်မလဲ
မေးတော့ ကျုပ်ကို စွန့်မယ်တဲ့ဗျ"

"အလိုတော်၊ နင့်မိန်းမ စကားက ကြောက်စရာကြီးပါလား။ ဒါဆို
ခု ပြန်လာတာလား"

"အိုဗျာ၊ သူ မလိုက်လည်း နေပေ့ါဗျာ။ ကျုပ်ရုပ် ကျုပ်ရည်နဲ့ဆို
နောက်ထပ် မိန်းမတွေ ယူရပါသဗျာ"

"ဟုတ်တယ်၊ငါ့မောင်ပြောတာ အစ်မ ထောက်ခံတယ်။ယူသာယူ"

"ဟေ"

ဟေခနဲ အသံထွက်သွားသူက ကြားမှ ကြောင်စီစီ နားထောင်နေ
သော ဖျောက်ဆိပ်။ အပုလေး၏ စကားတွေက ပို၍ပို၍ ဖောင်းကားလာ
သလိုပင်။ မောင်လုပ်သူကို အတင်း မြှောက်ပင့်ပေးနေသည်မို့ ဘယ်လို
တောင် နားမလည်။ ထိုစဉ် ဂျာအေးတစ်ယောက် ယောင်ချာယောင်ချာနှင့်
ပြန်ရောက်လာ၏။ လက်ထဲမှာလည်း စားသောက်ဖွယ်ရာ ဘာတစ်ခုမှ
ဝယ်မလာ။ အပုလေးသည် ဂျာအေးကို မျက်လုံးကြီး ပြူးကြည့်ပြီး မေး
လိုက်၏။

"ဟဲ့- ဂျာအေး၊ ဘယ်မှာတုံး စားစရာ"

"ဗျာ၊ ဟာ- မပုလေးကလည်း ကျုပ်ကို ပိုက်ဆံမှ မပေးလိုက်တာ
ဗျ။ ဆိုင်ရောက်မှ ကျုပ် သတိရလို့ ပြန်လာတာ"

"အလိုတော်၊ ဒါဆို အိပ်ချင်မူးတူးနဲ့ ဘာဖြစ်လို့ အိမ်ပေါ်က ဆင်း
သွားသတုံး၊ နင် ရူးနေပြီလားဟဲ့"

"ဗျာ"

www.burmeseclassic.com

www.burmeseclassic.com



အပုလေးတစ်ယောက် ဖျောက်ဆိပ်ကို တွယ်လိုက်၊ ဂျာအေးကို တွယ်လိုက်နှင့် လုပ်နေလေ၏။ ကြာတော့ ဖျောက်ဆိပ် မခံစားနိုင်တော့။ ယောက်ဖ ချစ်စိန်ကလည်း မြင်းလှည်းဂိတ်လာတုန်းကပုံစံ မဟုတ်တော့။ သူတို့ကို ကြည့်ပုံက စီးစီးပိုးပိုး။ ထို့ကြောင့်လည်း ဖျောက်ဆိပ် ထိုင်ရာမှ ထလိုက်၏။

"ကဲ - ပေးပေး ငါ သွားဝယ်မယ်။ ဂျာအေး လာကွာ၊ ငါတို့နှစ်ယောက် သွားမယ်"

ဖျောက်ဆိပ်သည် အပုလေးလက်ထဲမှ ငါးရာတန်တစ်ရွက်ကို လှမ်းယူကာ ဂျာအေးကိုခေါ်၍ အိမ်ပေါ်မှ ဆင်းခဲ့၏။ မြင်းလှည်း ပေါ် ရောက်သည်နှင့် ဖျောက်ဆိပ် ပေါက်ကွဲလေတော့၏။

"တောက်- တော်တော် မတရားလုပ်တဲ့ မောင်နှမ"

"ဘယ်လိုတုံးဗျ၊ ဆရာဖျောက် ယောက်ဖက ဝင်လာကတည်းက ဘီလူးက ကလာပါလား။ ပြောပုံဆိုပုံကလည်း မပုလေးနဲ့ ဆရာ ဖျောက်ကြား မီးမွှေးပေးနေတာဗျ"

"ဟုတ်ပ့ါကွာ၊ ချစ်စိန်ဆိုတဲ့ ကောင်ကလည်း ခုတစ်မျိုး တော်ကြာ တစ်မျိုး။ ငါ့မိန်းမကလည်း သူ့မောင်ရှေ့ အာဏာတွေ၊ ပါဝါတွေ ပြလိုက်တာကွာ။ငါတော့ မြင်ပြင်းကို ကတ်လာသကွာ၊ကဏန်းမ"

"ကဏန်း၊ ဘယ့်နှယ် ကိုယ့်မိန်းမကိုယ် ကဏန်းလို့ ပြောရတာ လဲဗျ"

"ဟာ- ကဏန်းမျိုးက တစ်ကောင်လက် တစ်ကောင် တွဲယှက်ပြီး သွားတာကွ။ ငါ့မိန်းမကလည်း အမျိုးတွေလာရင် လက်ချင်းချိတ် ထားတာကွ"

"ဟား. . . ဟား. . . ဟား"

နှစ်ယောက်သား စကားတပြောပြောနှင့် ထွက်ခဲ့ရာ လမ်းထိပ် လက်ဖက်ရည်ဆိုင်သို့ ရောက်လာ၏။ ဆိုင်ထဲရောက်သည်နှင့် ဖျောက် ဆိပ်၏ ဖွာလောင်လောင်အသံ ပေါ်လာ၏။

"စားစမ်းကွာ၊ ဟောဒီပိုက်ဆံ အကုန်သာ စားပစ်လိုက်"

"ဟာ- ဆရာဖျောက်ကလည်း မဟုတ်တာ မလုပ်စမ်းပါနဲ့ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ- ငါ ဘာမဟုတ်တာ လုပ်လို့လဲ၊ အဲဒီ ချစ်စိန်ဆိုတဲ့ ကောင်ကို ငါက အရည်ကျိုပစ်လိုက်ချင်တာကွ။ လာတုန်းက ပေစောင်းစောင်း၊ အိမ်ရောက်တာနဲ့ ဘီလူးသရဲလုပ်တာ ငါ မကြိုက်ဘူးကွ။ အပုလေးမျက်နှာကြောင့်ပေါ့ကွာ"

"အဲဒီလောက်လည်း မပေါက်ကွဲစမ်းပါနဲ့ ဆရာဖျောက်ရာ"

"ဟ- မင်းကလည်း ငါ့ကို ရွှေပြည်အေးတရားတွေ ဟောနေပါလား ကွ။ မှတ်ထား ဂျာအေးရ၊ သည်းခံတယ်ဆိုတာ အတိုင်းအတာ တစ်ခုပဲ ကောင်းတယ်။ ခုဥစ္စာ မဟုတ်သေးဘူးကွ"

"ဒါတော့ ဒါပေါ့ ဆရာဖျောက်ရာ၊ ချစ်စိန်လာတာနဲ့ ဖျောက်ဆိပ် အိုင်ဒီယာတွေ ပြောင်းဆန်သွားတာ ပညာရှိ ဘယ်ပီသပါ့မလဲဗျ"

"ဟေ"

ဂျာအေးထံမှ ထူးထူးဆန်းဆန်း ထွက်ပေါ်လာသော စကားကြောင့် ပညာရှိကြီး ဖျောက်ဆိပ် နားဝေတိမ်တောင် ဖြစ်နေ၏။ ဒီစကားတွေက သူပြောနေကျ စကားများ ဖြစ်၏။ ယခုတော့ သူ့စကားတွေက ဂျာအေး ပါးစပ်ဖျား ရောက်နေပြီမို့ ဖျောက်ဆိပ် တောင်တောင်ဤဤ ဖြစ်နေ၏။

"ဟုတ်သေးဘူးလေကွာ"

"ဘာလို့ မဟုတ်ရမှာလဲ အာစရိရယ်၊ ပညာရှိဆိုတဲ့ လူစားဟာ လောကဓံကို ကောင်းကောင်းကြီး သိနေတဲ့လူစားဆို၊ ဆရာပဲ ပြောခဲ့တာပဲဗျ။ အဲဒီ လောကဓံလုပ်လာတဲ့ ယောက်ဖကို တည် တည်ငြိမ်ငြိမ် ရင်ဆိုင်ပစ်လိုက်စမ်းပါဗျာ"

"ဘာကွ - ဂျာအေး၊ မင်းက ငါ့လို ပညာရှိကို ပြန်နားချနေရ သလားကွ။ ငါ မသိတာ ဘာမှ မရှိဘူးကွ၊ ခုဥစ္စာ ဟိုကောင် မိန်းမနဲ့ကွဲပြီး အိမ်ပေါ်ရောက်လာတာကွ။ ဒီကောင် အပုလေး အားရအောင် ထင်တာတွေ ပြောတော့မှာကွ၊ အဲဒီလို သတ္တဝါမျိုး ကျတော့ ရိုက်ကိုချရသကွ"

"ဟုတ်သေးဘူးလေ ဆရာဖျောက်ရဲ့၊ မတုန်မလှုပ် ကျောက်ဖစ် ရုပ်နှယ် နှုတ်ထွက်စကား တည်ငြိမ်ထားမှ တရားအမှန် သိလိမ့် မည်ဆို။ ဆရာရွတ်တဲ့ ကဗျာကို မမေ့ပါဘူးဗျာ။ ခုလည်း အဲဒီ



www.burmeseclassic.com

www.burmeseclassic.com



ကဗျာလိုပေါ့။ ပြောရရင် ချစ်စိန်ဟာ ခုချိန်မှာ အိမ်ပေါ်ကို မပုလေး အားကိုးနဲ့ ရောက်လာတာဗျ။ မပုလေးကို ဆရာဖျောက်က အမိန့်နာခံရတာလေ။ ဒီတော့ အညာကိုင်ပြီး တက်လာတဲ့ ငတကို ဆရာဖျောက် ဆန့်ကျင်မယ်ဆိုရင် ကိုယ့်မိန်းမ ပြန်ဆန့်ကျင်သလို ဖြစ်သွားမှာပေါ့"

"ဟေ- ဟုတ်သေးဘူးထင်တယ်၊ မင်းက ငါ့ကို မယားကြောက်လို့ ထင်နေသလားကွ"

"ဟဲဟဲ- သဘောပြောတာပါ အာစရိရယ်"

ဂျာအေး အပြောကြောင့် ဖျောက်ဆိပ် ရှုံ့ရှုံ့ရွဲ့ရွဲ့ ဖြစ်လာ၏။ ယ့်ကိုယ်ကိုယ် ပညာရှိလို့ ခံစားထားသော်လည်း ယောက်ဖတွေ၊ ာက္ခမတွေ ရောက်လာလျှင် ဘာကြောင့် ပေါက်ကွဲရသည်ကို သူကိုယ် နားမလည်။ ထို့ပြင် ဖျောက်ဆိပ် ဘယ်တော့မှ မယားကြောက် အဖြစ် ခံ၊

"မှတ်ထားကွ၊ မယားကြောက်ရင် တရားပျောက်သကွ။ ငါ ဘယ်တော့မှ မယားမကြောက်ဘူး"

ဖျောက်ဆိပ်၏ နီကြောင်ကြောင် မျက်နှာကြီးမြင်တော့ ဂျာအေး ရိတ်အုပ်လိုက်ရ၏။ ကိုယ့်ဆရာအကြောင်း ကိုယ်သိပြီးသား။ စွတ် ည်း မြှောက်မပေးရဲ။ တော်ကြာ သူပါ အိမ်ပေါ်က ဆင်းရမည့်ကိန်း င်သဖြင့် စပ်ဖြဲဖြဲ လုပ်လိုက်ရ၏။

"သိပ်သိတာပေါ့ ဆရာဖျောက်ရာ၊ ရန်သူကို ဆန့်ကျင်ပြီး တိုက်တာထက် ပူးပေါင်းပြီးတိုက်တာ အောင်မြင်တယ်လို့ ဆရာပဲ မိန့်ခဲ့တာလေ"

"ဘာကွ၊ ဒါ ငါ့စကားတွေကွ"

"ဟုတ်တယ်လေ၊ ဆရာ့ရဲ့စကားပါ။ ဒီတော့ ချစ်စိန်ဟာ ကျုပ်တို့အတွက် ပြဿနာကောင်ဗျ။ အဲဒါကို ခွာတိုက်လို့ မရဘူး၊ ပူးတိုက်မှ ဖြစ်မှာဗျ"

"ဟင်"

ဂျာအေး၏ သတိပေးစကားကြောင့် ဖျောက်ဆိပ် ဖျတ်ခနဲ သတိ



www.burmeseclassic.com

www.burmeseclassic.com



ဝင်လာ၏။ ထို့ကြောင့်လည်း ခေါင်းတညိတ်ညိတ် လုပ်လိုက်၏။

"ဟုတ်ပေသားပဲ၊ ပညာရှိ သတိဖြစ်ခဲ့ပေါ့ တပည့်ကြီးရာ။ ဟုတ်ပြီ ဒီကိစ္စ နောက်မှ စဉ်းစားမယ်။ လောလောဆယ် မင်းပြောသလို ချစ်စိန်ကို ငါတို့ ပူးရမယ်။ စားစမ်းကွာ၊ အကြွေးဝယ်လို့ရရင် တစ်ဆိုင်လုံးသာ မ,ချ လာပေတော့"

"ဟာဗျာ"

ဖျောက်ဆိပ် အမြင်မှန်ရသွားပုံက လျှင်မြန်လွန်းလှ၏။ လက်ဖက်ရည်ဆိုင်မှ စားဖွယ်သောက်ဖွယ်များ တစ်ပုံတစ်ခေါင်းဝယ်ကာ အိမ်ဘက်သို့ ပြန်လာကြ၏။ အပုလေးနှင့် ချစ်စိန်မှာ ဖျောက်ဆိပ် လုပ်လာပုံကြည့်ပြီး အံ့သြနေ၏။ ဖျောက်ဆိပ်၏ မှုန်ကုပ်နေသော မျက်နှာကြီး ဖျတ်ခနဲ ပြောင်းလဲသွားသည်မို့ အတွင်းသိ အစဉ်းသိ သိထားသော အပုလေးက သံသယ ဖြစ်နေ၏။

"အလိုတော်၊ ဝယ်ခြမ်းလာတာ များလှချည်လား"

"ဟုတ်တယ်လေ၊ ရွှေယောက်ဖ ရောက်နေတုန်း ကျွေးချင်မွေးချင်လို့ပေါ့ကွာ။ စားစမ်းကွာ၊ တစ်ဝသာစား။ မိန်းမရေ၊ ယောက်ဖလာတုန်း ဟင်းကောင်း ထမင်းကောင်းတော့ ချက်လေကွာ"

"ဟုတ်တယ်ဗျ၊ မပုလေးရဲ့ လက်ရာကောင်းကောင်း မစားရတာကြာပြီ။ ချစ်စိန်လာတုန်း လုပ်စမ်းဗျာ"

သူတို့နှစ်ယောက်၏ အချီအချစကားကြောင့် မောင်နှမနှစ်ယောက် ဝဲတားတား ဖြစ်နေ၏။ ချစ်စိန်သည် ဖျောက်ဆိပ် ဝယ်လာသော ပဲပြုတ်နှင့် နံပြားကို ဆာဆာနှင့် တဝတွယ်လိုက်၏။ ဂျာအေးနှင့် ဖျောက်ဆိပ်ကိုလည်း ရှိတယ်တောင်မမှတ်။

အပုလေးသည် လက်ဖက်ရည်တွေ၊ မုန့်တွေ ဝယ်ကာ ယောက်ဖလုပ်သူကို အတင်း ကျွေးနေသည်မို့ စိတ်ထဲ မသင်္ကာ။

"ကိုရင်ဖျောက်၊ တော့်သဘောက ရိုးမှရိုးရဲ့လား"

"ဟေ- ဘယ်လိုပြောလိုက်သတုံးဟ၊ ဒါ ငါ့ယောက်ဖလေ။ ဘာတုံးကွ၊ ငါက အဆိပ်ခတ်ကျွေးနေတယ်များ အောက်မေ့နေသလား"

"သိဖူးလေ၊ တော့်သဘောက အပြောင်းအလဲ မြန်လွန်းလို့ပေါ့။



www.burmeseclassic.com

www.burmeseclassic.com



တော်တို့နှစ်ယောက်ကို ယုံရတာ မဟုတ်ဘူး။ မောင်လေး၊ စားတာ ကြည့်စားနော်။ ငါ့ယောက်ျားပေမယ့် ဒင်းက စိတ်မှန်တာ မဟုတ်ဘူးဟဲ့"

"ဗုဒ္ဓေါ- အပုလေး၊ မင်း ဘာတွေပြောသတုံးဟ။ စေတနာနဲ့ကျွေးရင် အဆိပ်တောင် ပြယ်သတဲ့။ ခုဥစ္စာ ငါ့ယောက်ဖအပေါ် စေတနာကြီးကြီးနဲ့ကျွေးတာ မင်းဥစ္စာ ကိုယ့်ယောက်ျားကိုယ် ဆိုင်းဘုတ်ချိတ်တဲ့ မိန်းမပဲကွာ။ ဘာမှ သံသယ ဖြစ်မနေစမ်းပါနဲ့ ယောက်ဖ၊ စားသာစား။ သေမှာ မကြောက်နဲ့၊ သေသွားလည်း အေးသပေါ့ကွာ"

"ဗျာ- ဟို ဟိုဒင်း၊ ကိုကြီးဖျောက်ပြောတာ အူလည်ချာလည်နဲ့ စားရတာတောင် လန့်နေပြီ"

"အလကားပါကွာ၊ မင်းအစ်မက ငါ့ဆို တယ်ပြောချင်သကိုး။ ရောက်တုန်း တွယ်ရတာကွ၊ တွယ်တွယ်"

ချစ်စိန်တစ်ယောက် တွန့်တွန့်ဆုတ်ဆုတ်နှင့် သူ့ကို ကြည့်နေ၏။ အပုလေးက သူ့ကို မျက်စောင်းတခဲခဲ။ မောင်ဖြစ်သူ တစ်ခုခုဖြစ်လို့ကတော့ အမှုန့်ကြိတ်ပစ်မည်ဟု စိတ်ထဲမှ ကြုံးဝါးနေ၏။ ထိုစဉ် ချစ်စိန်မှာ စားသောက်ပြီးသည်နှင့် ဖျောက်ဆိပ်ဘက်လှည့်၍ ပြောလိုက်၏။

"ကိုကြီးဖျောက်"

"ဘာတုံးဟ"

"ဟို- ကျုပ် ဒီကိုလာတာ ကိစ္စရှိတယ်ဗျ။ ကျုပ်ကိစ္စ အောင်မြင်သွားရင် ကျုပ်တို့တစ်မျိုးလုံး ပဒေသာပင်ပေါက်မှာဗျ"

"ဟေ"

"ဟယ်- မောင်လေး၊ မင်းပြောတာ ဘာတွေတုံးဟဲ့။ ချမ်းသာဖို့ လမ်းမြင်နေပြီလား၊ ပြောစမ်း"

"သိပ်ဟုတ်တာပေါ့ အစ်မရာ၊ ကျုပ် ဒီကိုလာတာ အလကား လာတာ မဟုတ်ဘူးဗျ။ မ,မယ် စ,မယ်ဆိုတဲ့ စိတ်ကူးနဲ့ လာတာဗျ"

"ဟေ"

ချစ်စိန်၏ ထူးထူးဆန်းဆန်း စကားကြောင့် ဖျောက်ဆိပ်တို့ လင်



www.burmeseclassic.com

www.burmeseclassic.com



မယား အူလည်လည် ဖြစ်သွား၏။ ဂျာအေးကတော့ ချစ်စိန်အပြောကို မျက်တောင် ပုတ်ခတ်ပုတ်ခတ်နှင့် ကြည့်နေဆဲ။ ထိုစဉ် ချစ်စိန်သည် ကျောပိုးအိတ်ထဲမှ တစ်စုံတစ်ခုကို ဆွဲထုတ်လိုက်၏။

ဝါးကျည်တောက်ကြီးတစ်ခု။ ချစ်စိန်၏ လုပ်ပုံကြည့်ပြီး မှုန်ဝါးဝါး ဖြစ်နေကြ၏။ ထိုစဉ် ချစ်စိန်သည် ဝါးကျည်တောက်ဘူးကို ဖွင့်ကာ အထဲမှ ဂါရော်ရော် ပုရပိုက်ကြီးတစ်ခုကို ဆွဲထုတ်လိုက်၏။

"ဟာ- ဘာတွေတုံး"

"ဟဲဟဲ- ဟောဒါ နှယ်နှယ်ရရ မဟုတ်ဘူး ကိုကြီးဖျောက်ရ"

"ဟေ - ဘယ်က ပုရပိုက်ကြီးတုံးဟ"

"အဲဒါ မင်းတုန်းမင်းကြီးရဲ့ လက်ရေးပေမူတဲ့ဗျ"

"ဗုဒ္ဓေါ"

ဖျောက်ဆိပ် ဗုဒ္ဓေါတ,သွားရ၏။ အပုလေးမှာလည်း ဝါးတားတား။

"ဘာလုပ်ရမှာလဲ မောင်လေးရဲ့၊ အဲဒီ ပုရပိုက်က ပေါင်လို့ရ သလား"

"ဟာ- အစ်မကလည်းဗျာ၊ ဒါ အနှစ် နှစ်ရာနီးပါးရှိပြီဖြစ်တဲ့ ပုရပိုက်ကြီးဗျ။ ဒါကြီးဟာ လွှတ်အဖိုးထိုက်တဲ့ ပစ္စည်းတဲ့ဗျ။ နိုင်ငံခြားသားတွေဆို ကျုပ်တို့ဆီက ရှေးဟောင်းပစ္စည်းတွေ တအား မက်တာ။ အဲဒါ ကျုပ်တို့ အဲဒီပုရပိုက်ကြီးသာ အရောင်းအဝယ် ဖြစ်ရင် ငါးသိန်း၊ ခြောက်သိန်းလောက် အနည်းလေး ရမှာဗျ"

"အလိုတော်"

"ဟင်- ငါးသိန်း ခြောက်သိန်း၊ ဟုတ်ရဲ့လားကွာ"

"သိပ်ဟုတ်တာပေါ့ဗျာ၊ လိုချင်တဲ့လူတွေ ခြေရာခံနေတဲ့ ပုရပိုက်ကြီးဗျ။ အဲဒါ ကျုပ်တို့ လိုက်ရောင်းကြမယ်ဗျာ။ ငါးသိန်းရလို့ကတော့ ကျုပ်က တစ်ဝက်ပေးခဲ့မှာပါ"

"ဟယ်တော်- ဒါဆို လုပ်လေ ကိုရင်ဖျောက်၊ ကျုပ်မောင်ပြောတာကြားလား။ ငါးသိန်းဆိုတာ နည်းလား၊ ရှင် အဲဒီကိစ္စ လိုက်သာလုပ်၊ မြင်းလှည်းမောင်းမနေနဲ့"

"ဟေ- ပြစမ်းပါဦးကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဖျောက်ဆိပ်သည် ပုရပိုက်ကြီးကို မယုံသင်္ကာနှင့် ယူကြည့်လိုက်၏။ ရေးထားသည့် လက်ရေးမှုကလည်း ကွေးတိကွေးကောက်။ ဘာတွေရေးထားမှန်းလည်း မသိ။ ဒေါင်းတံဆိပ်၊ နေမင်းတံဆိပ်တွေလည်း ပါ၏။ ...တ်ထဲ မှုန်တိမှုန်ဝါး။

ဖါးသိန်း ခြောက်သိန်းဟုသာ ပြောသော်လည်း သူ့စိတ်ထဲတွင် ...န်ဖိုးရှိလိမ့်မည် မထင်။ ဆိုသော် အပုလေးကပါ အားတက်သရော ...စ်နေသည်နှင့် ခေါင်းခါလို့ မဖြစ်။

"ဘာကြည့်နေသေးတုံးတော့၊ ဒီကိစ္စ ပဒေသာပင်ပေါက်မယ့်ကိစ္စ ...နော် ကိုရင်ဖျောက်။ ကျုပ်မောင်လေး အပြောကို မယုံမရှိနဲ့"

"အေးပါ မိန်းမရာ၊ ဒါကြီးကို ငါ ဘယ်မှာ သွားရောင်းရမှာတုံးဟ"

ဖျောက်ဆိပ်သည် ပုရပိုက်ကြီးကိုင်ကာ အူလည်ချာလည် ဖြစ်နေ၏။ ထိုစဉ် မျက်တောင် ပုတ်ခတ်ပုတ်ခတ် လုပ်နေသော ဂျာအေးက ...င်၍ ပြောလိုက်၏။

"ကိုကြီးဖျောက်၊ ချစ်စိန်ပြောတာ မှန်ရင်ဆိုရင် အလွယ်လေးပါဗျာ"

"ဟင်- ဘယ်လိုလွယ်သတုံးဟ"

"ဩော်- ဒီကိစ္စ ကိုတာတေကြီးနဲ့ ချိတ်ပစ်လိုက်ပေါ့ဗျာ။ ကိုတာတေကြီးက ပွဲစားတစ်ပိုင်း ဖြစ်နေတာကို ကိုကြီးဖျောက်သိသားပဲ"

"ဟာ- သူက အိမ်တွေ၊ ခြံတွေ ရောင်းတဲ့ကိစ္စပဲ သိတာကွ"

"ဟုတ်သေးဘူးဗျ၊ တစ်လောက ရှေးဟောင်း ရွှေထည်တွေကိစ္စ သူ ကြားဝင်လုပ်ပေးတာ ကြားဖူးတယ်ဗျ။ ဒီတော့ အဲဒီဟာကြီး ပြကြည့်လိုက်ပါလား"

"ဟင်- ဒါဆို ဂျာအေးပြောတဲ့အတိုင်း လုပ်စမ်းတော်၊ ကျုပ်မောင်က မ,မလို့ ရောက်လာတာ ရှင်က လက်မနှေးစမ်းပါနဲ့"

"အင်- ဟို့ဒင်း . . ."

"တော်ကြီး ဘာမှ အထွန့်တက်မနေနဲ့၊ လုပ်စရာရှိတာ အမြန်လုပ်ပေတော့။ ကျုပ်မောင်စိုက်မယ့် ပဒေသာပင်ပေါက်ရင် ရှင် ကျုပ်ကို လုပ်ကျွေးစရာတောင် မလိုဘူး"

"ကောင်းရောကွာ"



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ အပုလေးစကား အောင်သွားသည်ပဲ ဆိုရချေမည်။ ချစ်စိန်၏ ပုရပိုက်ကြီးယူကာ ဂျာအေးနှင့်အတူ ဂိတ်မှူးတာတေကြီးတို့အိမ်ဆီ ရောက်ရှိသွားလေတော့၏။

✿ ✿ ✿



www.burmeseclassic.com

ww.burmeseclassic.com

လောဘဘေဇောနှင့်
သွားလာနေကြသူတွေအတွက်
အကုသိုလ်က မယူလည်း ရနေသည်ပင်။
မာယာအမျိုးမျိုး
ဆောင်တတ်သည့်လောဘကို
ဘယ်သူမှ ရေရေရာရာ မခွဲခြားတတ်ပါချေ။

www.burmeseclassic.com

ww.burmeseclassic.com

# အခန်း(၁)

တာတေကြီးသည် ယောက်ဖလုပ်သူ အသုဘကိစ္စကြောင့် မြင်း လှည်းနားထားရ၏။မိန်းမလုပ်သူကလည်း ငိုလိုက်သမှ တပြုပြု။ အလောင်း မြေကျသွားသည်အထိ ငိုသံမစဲသေး။ တာတေကြီးသည် သူ့ကို ဒုက္ခလှလှ ကြီးပေးနေသော ကွက်ကလေး ကိစ္စပြီးသွားသဖြင့် ဝမ်းသာအားရ ဖြစ်နေ ၏။

ကွက်ကလေးကြောင့် ရပ်ကွက်လူကြီးမျက်နှာကို ရဲရဲတောင် မကြည့်ဝံ့။ ရုံးရောက်၊ ဂါတ်ရောက်ရသည်မှာလည်း အကြိမ်ကြိမ်။ ယခု တော့ ယောက်ဖဒုက္ခက လွတ်ပြီကျွတ်ပြီဖြစ်၍ ကျိတ်ပြီး ဝမ်းသာနေ၏။

အိမ်မှာလည်း ဖဲသမားတစ်သိုက်က တရုန်းရုန်း။ အဆိုးဆုံးက စိန်ကျော်တို့လူစု။ ရိုက်လိုက်သမှ မိုးလင်းမိုးချုပ်။ ချက်လိုက်ပြုတ်လိုက် သည်မှာလည်း မီးချင်းဆက်နေ၏။

တာတေကြီးမှာ မီးဖိုနားက မခွာရ။ ထင်းတွေခွဲ၊ ရေခပ်၊ အသား ငါးတွေ လှီးချွတ် ချက်ပြုတ်လိုက်နှင့် တစ်ယောက်တည်း လုံးထွေးပတ် ချာလည်နေ၏။

ဇနီးသည် မိစန်းက လေးဖက်နာသမား။ အိပ်ရာထဲကနေမှ လင် တော်မောင်ကို ဩဇာပေးနေ၏။ တာတေကြီးသည် ချက်ရင်းပြုတ်ရင်း ခွက်ပုန်းတွယ်နေ၏။ ထိုစဉ် အိမ်ဝိုင်းထဲ ဝင်လာကြသော ဂျာအေးနှင့် ဖျောက်ဆိပ်ကိုမြင်တော့ ရင်ထိတ်သွား၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘာကိစ္စတုံးဟ"

"ကိုတာတေကြီးက အချက်အပြုတ်လည်း ရသကိုး၊ မျက်နှာမှာလည်း အိုးမဲတွေနဲ့၊ ကောင်းဗျာ။ဟင်းချက် ထမင်းချက် ပညာကလည်း အဋ္ဌာရသပညာပဲဗျ"

"ဟကောင် ဖျောက်ဆိပ်၊ မဟုတ်တာ မပြောစမ်းနဲ့ကွာ။ ဒီမှာ တောင်မနိုင် မြောက်မနိုင် ဖြစ်နေရတဲ့ကြား။ ဘာတုံး၊ ဖဲကစားဖို့ လာကြသလား"

"ဟုတ်ပါဘူးဗျာ၊ ကိုတာတေကြီးနဲ့ တိုင်ပင်စရာရှိလို့ဗျ"

"အရေးထဲကွာ၊ ဒီမှာ အသုဘကိစ္စဖြစ်နေတာ မင်းတို့ အသိပဲကွ။ ဘာတုံး၊ ငါ့ယောက်ဖအလောင်း ပြန်ဖော်ပြီး ဆေးဖော်မလို့လား"

"ဟာ- ကြံကြံဖန်ဖန်ဗျာ"

"ဒါဆို ခဏစောင့်ကွာ။ ထိုင်ကြဦး၊ မင်းတို့ တစ်ခွက်တစ်ဖလား တွယ်ချင်သပဆို ဟောဒီမှာ တွယ်ကြ"

"ကောင်းပါ့ဗျာ"

တာတေကြီးက မီးဖိုဘေးရှိ ထင်းပုံကြားထဲမှ မီးတောက်တစ်လုံးကို ထုတ်ပေးလိုက်၏။ အရက်က လက်သုံးလေးလုံးသာ လျော့သေး၏။ ဖျောက်ဆိပ်သည် ပုလင်းကိုဖွင့်၍ ခွက်ထဲ ငှဲ့ထည့်လိုက်ပြီး ဂျာအေးကို ပေးလိုက်၏။ ဂျာအေးကလည်း တစ်ချက်မငြင်း။ နှစ်ယောက်သား တဂွပ်ဂွပ်နှင့် တွယ်လိုက်ကြ၏။

"ငါ့ဖို့လည်း ထားပါဦးဟ"

"မပူပါနဲ့ဗျာ၊ နောက်ဆို မြို့ထဲက ဟိုတယ်မှာ ဝီစကီတောင် သောက်ချင်သောက်ရမှာဗျ"

"ဟေ- မင်းစကားက ဘာစကားတုံးဟ"

"ခင်ဗျား အလုပ်ပြီးမှ ပြောမယ်ဗျာ၊ ကျုပ်လာတာ အချိုကြီး ပွနိုင်တဲ့ကိစ္စဗျ။ ခင်ဗျားက ပွဲစားဆိုတော့ ကျုပ်ယူလာတဲ့ပစ္စည်း ရောင်းပေးရမှာ"

"ဟုတ်လား၊ ဘာတုံးဟ ကြည့်လည်းလုပ်ပါဦးကွာ"

"ကျုပ်စကားကို ယုံစမ်းပါဗျာ၊ ခင်ဗျားက အသုဘရှိနေတော့ ခက်



www.burmeseclassic.com

www.burmeseclassic.com



သွားဗျ”

“ရပါတယ်ကွာ၊ ကိုင်း- ပြောစမ်း၊ ဘာရောင်းချင်သလဲ”

“တန်ဖိုးက အနည်းလေး ငါးသိန်း ခြောက်သိန်းတော့ ထိုက်တာဗျ”

“ဟော- ငါးသိန်း ခြောက်သိန်း။ ပြစမ်းပါဦး၊ ဒါဆို စိတ်ဝင်စားလာပြီ”

အားတက်သရော ပြောဆိုလာမှုကြောင့် ဖျောက်ဆိပ်သည် ဆွဲအိတ်ထဲမှ ပုရပိုက် ဝါကြောင်ကြောင်ကြီးကို ထုတ်၍ ပြလိုက်၏။ တာတေကြီးသည် ပုရပိုက်ကြီးကို ကြည့်ရင်း ဝါးတားတား ဖြစ်နေ၏။

“ဘာကြီးတုံးဟ”

“ဟာ- ဒါ မင်းတုန်းမင်းရဲ့ လက်ရေးစာမူ ပုရပိုက်ဗျ။ ရှေးဟောင်းပစ္စည်း ဝယ်ချင်သူတွေကြားမှာ ဒီပစ္စည်းကို တအား လိုချင်ကြတာဗျ။ သုံးသိန်းပေးမယ်ဆိုပြီး ရှာတဲ့လူတွေလည်း တစ်ပုံကြီးဗျ”

“ဟင်- ဟုတ်လား၊ အံ့ပါကွာ။ ဒီပုရပိုက် ငါးသိန်းပေးမယ့်အတူတူ မိန်းမ လေးငါးယောက်ယူပြီး ကမ္ဘာပတ်လိုက်တာမှ ဟုတ်သေး”

“ဟာ- ခင်ဗျားကလည်း ပွဲစားလုပ်နေပြီး ပစ္စည်းတန်ဖိုးကိုနားလည်အောင် ကြိုးစားစမ်းပါဗျာ”

“နေပါဦး၊ ဒါဆို အဲဒီပုရပိုက်ကို မင်းက ငါးသိန်းနဲ့ရောင်းမယ်ပေါ့”

“ဟုတ်တယ်၊ ခင်ဗျားကို ပွဲစားခပေးမှာဗျ။ ခင်ဗျားမှာ အဆက်အသွယ်ကောင်းကောင်း ရှိတယ်ဆို”

“နေဦးဟ၊ အဲဒီ ပေမူက မင်းတုန်းမင်းရဲ့ လက်ရေးပေမူလို့ မင်းဘယ်သူ ပြောသတုံးကွ”

“ဟာဗျာ၊ ဒီကိစ္စ ကျုပ် အာမခံပါတယ်”

“ဟုတ်တယ်၊ ကိုကြီးဖျောက်စကားက အဟုတ်ဗျ”

“ဟကောင်၊ မင်း ဘာသိသတုံး”

“ဟာ- ကိုတာတေကြီးကလည်း၊ ကိုကြီးဖျောက် ယောက်ဖ ရောင်းခဲ့တဲ့အိမ်က မင်းတုန်းမင်းရဲ့ ဆွေတော်မျိုးတော်အိမ်ဗျ။ ကျုပ်ကြားတာကတော့ မင်းတုန်းကိုယ်တော်ကြီးရဲ့ အိမ်တော်ထိန်း မတလုတ်မကြီးရဲ့ မျိုးဆက်လို့ ပြောတယ်ဗျ”



www.burmeseclassic.com

www.burmeseclassic.com



"အင်"

"ဟုတ်ရဲ့လား ဂျာအေးရ"

ဖျောက်ဆိပ်သည် ဂျာအေးကို စွေစွေကြီး လှည့်ကြည့်ရင်း သူပါ ရောယောင်ပြီး ခေါင်းညိတ်လိုက်၏။ တာတေကြီးမှာ ဂျာအေးစကားကို ယုံရအခက် ဖြစ်နေ၏။ ထိုစဉ် ဖျောက်ဆိပ်ကလည်း ဂျာအေးစကားနင်းပြီး ဆက်ပြောလိုက်၏။

"အဲဒါတော့ သေချာတယ်ဗျ။ မတလုတ်မကြီးရဲ့ အဘိုးက မင်းတုန်း ကိုယ်တော်ကြီး ရေးသမျှ စာတွေ အကုန်ထိန်းရတာဗျ။ ဒီပေမူက ဒုတိယမြောက် မိဖုရားကို ရေးတဲ့စာဗျ၊ ကျုပ်ယောက်ဖဆီမှာ မင်းတုန်းကိုယ်တော်ကြီးက သူ့မိဖုရား လေးငါးဆယ်ကိုပေးတဲ့ လက်ရေးပေမူတွေ တစ်ပုံကြီး"

"ဟေ- ရေးလှချည်လားဟ"

"အဲဒါပြောတာပေါ့၊ လွှတ်တန်ကြေးရှိတာနော်။ သမိုင်းတန်ဖိုးက လည်း ကြီးပါ့။ ဒါကြောင့် ဒီကိစ္စ အလုပ်ဖြစ်တာနဲ့ နောက်ထပ် ပေမူတွေ လာဦးမှာဗျ"

"ဟုတ်လား"

တာတေကြီးသည် ပေမူကြီးကို နားလည်သည်တော့မဟုတ်။ သို့ သော် ရှေးဟောင်းပစ္စည်းတွေ အရောင်းအဝယ် လုပ်နေသည့် သူဌေး တစ်ဦးကမှာကြားထားသည်မို့ အလုပ်ဖြစ်လိမ့်မည်ဟု ယူဆ၏။ သို့သော် လာလောဆယ် ယောက်ဖအသုဘပေါ်နေသည်မို့ ချက်ချင်းကြီး မဆောင် ရွက်နိုင်သေး။ ပေမူကြီး သူများဆီ ပါသွားမှာ စိုးရိမ်နေ၏။ ထိုအချက် ကြောင့် ချည်ပြီးတုပ်ပြီး ဖြစ်စေရန် စကားနှစ်ခွ ပြောလိုက်ရ၏။

"ကောင်းပြီ၊ ငါ ဒီကိစ္စ အလုပ်ဖြစ်အောင် လုပ်မယ်။ လာလော ဆယ် ငါ့ယောက်ဖ အသုဘရှိသေးတော့ လုပ်လို့မဖြစ်သေးဘူး။ ဒါပေမယ့် ဒီပေမူကို ဘယ်သူ့မှ မရောင်းစေချင်ဘူးကွာ"

"ဟာဗျာ၊ ကျုပ်ယောက်ဖက လောလောဆယ် ငွေလိုနေတာဗျ"

"ဟေ- ဘယ်လောက်လိုသတုံး"

"သိန်းချီတဲ့ကိစ္စ ဆိုတော့ . . ."



www.burmeseclassic.com

www.burmeseclassic.com



"ကိုင်း - မင်း ဘာမှ ထပ်မပြောနဲ့၊ လောလောလတ်လတ် ငါ မင်းတို့ကို ပိုက်ဆံတစ်သိန်း ကြိုထုတ်ပေးထားမယ်ကွာ။ ဘယ်လို တုံး"

"အင်း- ဒါလည်း မဆိုးပါဘူး၊ ဒါပေမယ့် ပေမူကြီးကို မပေးနိုင်သေး ဘူးနော်"

"အေးပါကွာ၊ ရက်လည်ပြီးတာနဲ့ ငါတို့ အဲဒီကိစ္စကို အကောင် အထည်ဖော်မယ်။ အမှန်တော့ ငါ့မှာ ပိုက်ဆံရှိတာ မဟုတ်ဘူးကွ။ ငါ့သီမ အပ်ထားတဲ့ ပိုက်ဆံထဲက ထုတ်ပေးရမှာ"

"ဒါဆို လုပ်ဗျာ"

တာတေကြီးက ထောင်မြင် ရာစွန့်ကိန်း ဆိုက်နေ၏။ မင်းတုန်း ကိုယ်တော်ကြီး၏ ပေမူသာမှန်လျှင် တန်ကြေး လွတ်ရှိမှန်း ရိပ်မိ၏။ ထို့ကြောင့်လည်း အိမ်ပေါ်တက်ကာ သေတ္တာထဲ သိမ်းဆည်းထားသော ပိုက်ဆံထုပ်ကိုယူ၍ ဖျောက်ဆိပ်တို့အား ပေးလိုက်၏။

ဖျောက်ဆိပ်တို့ ဆရာတပည့်မှာ လက်ထဲ ပိုက်ဆံတစ်သိန်း ဖျတ် ခနဲ ရောက်လာသည်မို့ စိတ်ထဲ မဝံ့မရဲ ဖြစ်နေ၏။ ပိုက်ဆံ တစ်သိန်း ဆိုတာ တိုင်ရခဲပါဘိ။

နှစ်ယောက်သား ခွက်ကျန်မော့လိုက်ပြီး ပိုက်ဆံတစ်သိန်းပိုက်ကာ ရပ်ကွက်ထဲ ထွက်လာကြ၏။

"အံ့သြစရာပဲဗျာ၊ အဲဒီပေမူရတော့ ဘာလုပ်ကြမလဲ မသိဘူး"

"ဟာကွာ- အဲဒါ သူတို့ကိစ္စပါကွ။ နေပါဦး၊ မင်းက ဘယ်က တစ်လုတ်မတို့ နှစ်လုတ်မတို့ ထည့်ပြောတာလဲကွ"

"ဩော်- ဆရာဖျောက်ကလည်း အရောင်းအဝယ် လုပ်တယ် ဆိုတာ အကြောင်းအရာလေး ခိုင်လုံမှ ကောင်းတာပေါ့ဗျာ"

"အေး - ဟုတ်သား၊ ဒါကြောင့်လည်း ငါက မင်းစကားနင်းပြီး ပါးစပ်ထဲရှိရာ ပြောလိုက်တာပေါ့ကွ။ ဟားဟားဟား ဟုတ်သော်ရှိ မဟုတ်သော်ရှိ ယောက်ဖ မ,လို့ ငါတို့လက်ထဲ တစ်သိန်းတော့ ရပြီကွ၊ ဘာလုပ်ကြရင် ကောင်းမလဲ"

"ဆရာဖျောက်ကလည်း လက်ထဲ ပိုက်ဆံရောက်လာတော့ လေသံ



www.burmeseclassic.com

www.burmeseclassic.com



ကအစ တစ်မျိုးတစ်မည်ပါလားဗျ"

"ဟာကောင်-ဂျာအေး၊ တိတ်စမ်းကွာ။ ဟောဒီ တစ်သိန်းကို အကုန်ပေးလို့ မဖြစ်ဘူးကွ။ ငါ့ယောက်ဖက လွယ်လွယ်ရလို့ လွယ်လွယ်သုံးချင်တာကွ။ ဒီတော့ ဒီကောင့်လက်ထဲ ငါးသောင်းလောက် ထည့်ပေးလိုက်မယ်ကွာ၊ ကျန်တဲ့ပိုက်ဆံ ငါသိမ်းထားမှ ဖြစ်မယ်"

"ကောင်းတာပေါ့ ဆရာဖျောက်ရယ်၊ တန်ဖိုးသိမှ တန်ဖိုးရှိတာဗျ။ ဒီတော့ တန်ဖိုးသိသွားအောင် အနီလေးဘာလေး ဝင်မော့ရအောင်ဗျာ"

"ကောင်းသားပဲကွ၊ ဝီစကီတို့ ရမ်တို့ မသောက်ရတာ ကြာပြီ။ အထူးသဖြင့် ကြက်ကြော်၊ ဝက်ကြော်ကိုတော့ သဘောကျသကွာ"

ဆရာတပည့်နှစ်ယောက် အတိုင်အဖောက်ညီစွာ ဘီယာဆိုင်ကြီးတစ်ဆိုင်ထဲဝင်ကာ ကောင်းပေ့ညွန့်ပေ့ဆိုသော အစားအသောက်များကို ယူစားသောက်လိုက်ကြ၏။ ဖျောက်ဆိပ်သည် ဝီစကီခွက်ထဲမှ ပေါ်လောများနေသော ရေခဲတုံးကလေးများကို ပြုံးစိစိ ကြည့်လိုက်၏။

"ဟား. . . ဟား. . . ဟား တော်တော် ရယ်စရာကောင်းတဲ့အဖြစ်ပဲ ဂျာအေးရေ"

"ဘာတုံးဗျ၊ ဘယ်လိုအကြောင်းအရာ တွေ့နေလို့လဲ"

"ဟောဒီ ရေခဲတုံးကလေးတွေကို ကြည့်လေကွာ"

"ဘာဖြစ်သတုံးဗျ"

"ရေခဲတုံးနဲ့ ဝီစကီ၊ လူနဲ့ လောဘ ဟားဟားဟား ဟီဟီ"

"ဆရာဖျောက် ဘယ်လိုဖြစ်နေသတုံးဗျ၊ ဝီစကီထဲ ရေခဲတုံးမျောတာပဲ ရယ်စရာလားဗျ။ ဘာလဲ၊ ရေခဲတုံးထဲမှာ မပုလေးမျက်နှာကြီး ပေါ်လာလို့လား။ ပျော်သွားမှာပါဗျာ"

"အေး- အဲဒါလည်း တစ်ကြောင်းပေါ့ကွာ။ ငါ စဉ်းစား...နံတာ ရေခဲတုံးက ဝီစကီထဲ ပျောက်သွားတာလား၊ ဝီစကီက ရေခဲတုံးထဲ မျောသွားတာလား။ အဲဒါ ပွိုင့်ပဲကွ။ ပြောရရင် ရေခဲဆိုတာသည်း



www.burmeseclassic.com

www.burmeseclassic.com



အပူ၊ ဝီစကီ ဆိုတာလည်း အပူ။ အပူအပူချင်းတွေ့ရင် ထွေးလုံး ပတ်ချာလည်သွားတာပဲကွ"

"ဘာတွေလဲဗျ၊ ရှုပ်နေတာပဲ။ ပျော်သွားတော့လည်း မူးသွားတာ ပေါ့ဗျာ"

"အေး- ဟုတ်သား၊ ဒီလိုပဲကွ လူနဲ့လောဘ။ လူကလည်း လောဘ ကို အပူလို့ မြင်တယ်၊ လောဘကလည်း လူကို အပူလို့ သိနေ တယ်။ အဲဒီ အကြောင်းအရာနှစ်ရပ် တွေ့သွားတော့ . . ."

"ကောင်းလိုက်တဲ့ အတွေးပဲ အာစရိရာ၊ ဒါကြောင့်လည်း ကျုပ် အာစရိ ဖြစ်တာပေါ့။ ဒါပေမယ့်ဗျာ၊ ဘာပဲဖြစ်ဖြစ် ဆရာဖျော ယောက်ဖကြောင့် ကျုပ်တို့ ဝီစကီတွယ်ရပြီလေဗျာ"

"ဟုတ်သေးဘူးကွ၊ ဒီကိစ္စ မင်းတုန်းမင်းကြီးကို ကျေးဇူးတင်ရမှာ"

"ဘာဖြစ်လို့တုံးဗျ"

"ဟာ- မင်းကလည်း တုံးပါ့ကွာ၊ ခုချိန်မှာ မင်းတုန်းကိုယ်တော်ကြီး ရဲ့ အတွင်းခံဘောင်းဘီရလည်း ရှေးဟောင်းပစ္စည်းဆိုပြီး ရောင်း ရင် ငွေလေးငါးသောင်းတော့ ပက်ခနဲကွ"

"ဗျာ- မြင်တတ်လိုက်တဲ့ အာစရိပါလား။ ဒါဆို အဲဒီဘောင်းဘီ ဘယ်မှာသွားရှာမတုံးဗျ"

"ဟကောင်၊ ငါက သဘောပြောတာဟ။ ခက်ပါ့ကွာ၊ မင်း ဉာဏ် တစ်ထွာတစ်မိုက်ကလည်း ဇလာစရိုက်ပဲ ရှိသကိုး"

"ဟဲဟဲ မြောကြည့်တာပါဗျာ"

ဂျာအေး ထင်ရာမြင်ရာ တွေးနေသလောက် ဆရာကြီး ဖျော ဆိပ်ကတော့ ကုန်းဘောင်ရာဇဝင်ကို စိတ်ဝင်တစား ဖြစ်နေ၏။ ယောက် လုပ်သူ ချစ်စိန်ကိုလည်း အံ့ဩနေမိ၏။ မင်းတုန်းကိုယ်တော်ကြီး၏ လ ရေးစာမူကို ဘယ်လိုကဘယ်လို ရလာပါလိမ့်။ ချစ်စိန်လျှောက်ခဲ့သ လမ်းကြောင်းအတိုင်း လျှောက်ရလျှင် ကောင်းပေသားဟု ရောက်တ ရာ တွေးနေမိ၏။

ဆရာတပည့်နှစ်ဦး သောက်စားပြီးနောက် အိမ်ပြန်ရောက်သ နှင့် ချစ်စိန်လက်ထဲ ပိုက်ဆံငါးသောင်း ပက်ခနဲ ထည့်လိုက်၏။ ချစ်



www.burmeseclassic.com

www.burmeseclassic.com



သည် ငွေငါးသောင်းထုပ်ကို ကြည့်ပြီး ထခုန်မိမတတ် ဝမ်းသာအားရ ဖြစ်နေ၏။

"ဟာ- မြန်လှချည်လား ကိုကြီးဖျောက်ရ"

"ဟဲဟဲ- ဒါ စရန်နော်။ နေပါဦး၊ မင်းမှာ မင်းတုန်းကိုယ်တော်ကြီးနဲ့ ပတ်သက်ပြီး ဘာတွေရှိသေးလဲကွာ။ ပြောစမ်း"

"ဗျာ- အဲ အဲဒါတွေ့ . . ."

"ဟာကွာ၊ ငါမေးတာ မင်းတုန်းကိုယ်တော်ကြီးရဲ့ အသုံးအဆောင် တွေပေါ့ကွာ။ ဥပမာ သူစီးခဲ့တဲ့ ဖိနပ်တို့၊ ဝတ်ခဲ့တဲ့ အတွင်းခံ ဘောင်းဘီတို့၊ ဘာတို့ညာတို့ပေါ့ကွာ"

"မင်းတုန်းကိုယ်တော်ကြီးက ဘောင်းဘီဝတ်လို့လားဗျ"

"သဘောပြောတာကွ၊ ဒီပေမူ မင်း ဘယ်သူ့ဆီက ယူလာသလဲ ပြောစမ်း။ နောက်ကြောင်းလိုက်သင့်ရင် လိုက်ရတာပေါ့ကွာ"

ယောက်ဖလုပ်သူ ချစ်စိန်မှာ လောဘတကြီးနှင့် မေးနေသော ဖျောက်ဆိပ်ကို အံ့သြနေ၏။ အမှန်မတော့ ပုရပိုက်ကြီး၏ တန်ဖိုးကို သူလည်း သိသည်မဟုတ်။ တောင်တွင်းရောက်တုန်း ကပ္ပိယ ဖိုးထင်နှင့် တွေ့ခဲ့ရာမှ ပုရပိုက်ကြီး ရလာခဲ့ခြင်း ဖြစ်လေ၏။ သူ့စိတ်ထဲလည်း ပိုက်ဆံ များများစားစား ရလိမ့်မယ် မထင်။

ယခုတော့ လက်ထဲမှ ပိုက်ဆံငါးသောင်းထုပ်ကို ကြည့်ပြီး ဝမ်းသာ အားရ ဖြစ်နေ၏။

"ဟုတ်ပြီ၊ ဟောဒီမှာ အစ်မအတွက် ပိုက်ဆံ နှစ်သောင်းခွဲ"

"ဟင်- ငါ့မောင်လေးက အစ်မအပေါ် သိတတ်လိုက်တာကွယ်။ ကိုရင်ဖျောက်၊ ရှင် မြင်ပြီလား။ ကျုပ်တို့ သွေးသားတွေက တစ် ယောက်ရှိရင် တစ်ယောက် မနေတတ်ဘူး"

"ဟားဟားဟား ဟုတ်တယ် အပုလေးရေ"

"ကိုရင်ဖျောက်၊ တော် ကျုပ်ကို ရိသဲ့သဲ့ ပြောသလား"

"မိန်းမကလည်းကွာ၊ ဒီကိစ္စ ငါတို့နှစ်ယောက် ဖန်တီးလိုက်တာပါ မိန်းမရဲ့။ ကိုင်း- ဒီနေ့တော့ အသားလေး ငါးလေး ချက်စမ်းပါ မိန်းမရာ၊ ဟင်းကောင်း ထမင်းကောင်း မစားရတာ ကြာပြီကွဲ"



www.burmeseclassic.com

www.burmeseclassic.com



အပုလေးသည် လက်ထဲ ပိုက်ဆံရောက်လာသည်နှင့် မျက်နှာက ချိုလိုက်တာမှ ပုရွက်ဆိတ်၊ ခါချဉ်တွေ တက်မှတတ်။ ဂျာအေးကို ကြည့် သည့်အကြည့်ပင် ကြည်ကြည်ဖြူဖြူ ဖြစ်နေလေ၏။

"ဟဲ့- ဂျာအေး၊ နင်တို့ အရက်တွေ သောက်လာသလား။ အိမ်မှာ သောက်ကြတာ မဟုတ်ဘူး။ ကိုဖျောက်"

"ဟေလကွယ်"

"တော်ကြီးလည်း သောက်ထားတယ် မဟုတ်လား"

"နည်းနည်းပါကွာ"

"အိမ်မှာ သောက်ပေ့ါတော်၊ ကျုပ်မောင်ရောက်တုန်း အမြည်း ကောင်းကောင်း ကျုပ်လုပ်ပေးမှာပေ့ါ။ အပြင်မှာသောက်တာ သိက္ခာကျပ့ါ"

"ဟော"

"အပြောင်းအလဲကတော့ မြန်သဗျာ"

"ဟဲ့- ဂျာအေး၊ နင် ဘာတွေပြောသတုံး"

"ဟဲ ဟဲ မပုလေးကလည်းဗျာ"

အပုလေး၏ ပြုံးရွှင်နေသော မျက်နှာကြီးကို ကြည့်ပြီး ဖျောက်ဆိ တစ်ယောက် ကိုယ့်ကိုယ်ကိုယ် အိပ်မက်မက်နေသလားဟုပင် ယုံထ ကြောင်ထင် ဖြစ်နေ၏။ ချစ်စိန်ကလည်း လျှင်ပ့ါ။ အစ်မလုပ်သူ ခွင့် ချက်ရသည်နှင့် အိမ်ဦးမှာ ပုလင်းထောင်တော့၏။ သောက်တော့လည ဗရမ်းဗတာ။ မူးလာပြန်တော့လည်း သူ့မိန်းမနှင့်စိန်နှင့် ပတ်သက်ပြ မကျေနပ်ချက်တွေ အန်ထုတ်လေတော့၏။

"မိန်းမဆိုတဲ့အမျိုးကို ကိုကြီးဖျောက်က ဘယ်လိုမြင်သတုံးဗ"

"ဟေ- အဲဒါတော့ ပြောလို့မဖြစ်ဘူးထင်တယ်၊ တော်ကြာ မ အစ်မကြားလို့ ခုနစ်သံချီပြီး အော်ဟစ်နေပါဦးမယ်ကွာ"

"ဟာဗျာ၊ ပြောစရာရှိရင် ပြောသာပြောချလိုက်စမ်းပါ ဆ ဖျောက်ရာ"

"ဟကောင် ဂျာအေး၊ မင်း ငါ့ကို စွတ်ပင့်မနေစမ်းပါနဲ့ကွာ။ အ လေး ဘယ်လောက် လက်သံပြောင်တယ်ဆိုတာ မင်းအသိသာ



www.burmeseclassic.com

www.burmeseclassic.com



ခုတောင် ဟောဒီ ရွှေယောက်ဖ လာလို့ကွ။ ပြီးတော့ ငါ့မိန်းမက ပိုက်ဆံသံကြားရင် ခေါင်းတထောင်ထောင်နဲ့ကွ။ ဟဲဟဲ မပြောပါရစေနဲ့ကွာ"

"အိုဗျာ၊ ကြောက်စရာမရှိ ကြံဖန်ကြောက်နေသကိုး"

"ဂျာအေး၊ မင်း ပြောစမ်းကွာ။ မိန်းမတွေရဲ့ ခေါင်းထဲမှာ ဘာရှိသတုံးကွ"

ချစ်စိန်၏ စကားတွေက ဖျောက်ဆိပ်ဆီမှ ဂျာအေးထံသို့ ဦးတည်သွား၏။ ဂျာအေးကတော့ သူ့ဗီဇအတိုင်း ဘာကိုမှ မှုသူမဟုတ်။ စိတ်ထဲရှိရာ ပြောချလိုက်၏။

"ဟာ- မိန်းမတွေရဲ့ ခေါင်းထဲမှာ ပိုက်ဆံတွေ၊ စိန်နားကပ်တွေ၊ အချဉ်ထုပ်တွေ၊ မရန်းသီးမဆလာတွေ ရှိမှာပေါ့ဗျ"

"ဟေ - ကောင်းရောကွာ၊ ငါ့တပည့် ဂျာအေးရဲ့ အတွေးဟာ တော်တော့်ကို မွှေမွှေနှောက်နှောက် တွေးတာပဲကိုး"

ဂျာအေးကိုကြည့်ပြီး ချစ်စိန်ပင် ချာလည်ချာလည် ဖြစ်သွား၏။ အမည်စုံလှသော မိန်းမတွေအကြောင်းကို ချစ်စိန် ခေါင်းတညိတ်ညိတ်လုပ်နေ၏။ ဆရာလုပ်သူ ဖျောက်ဆိပ်ကတော့ ဂျာအေးကို လီဗာ ဆက်တင်ပေးလိုက်၏။

"ဒါဆို ပြောပါဦး တပည့်ကြီးရ၊ မိန်းမတွေရဲ့ ရင်ဘတ်ထဲမှာရော"

"ဟာဗျာ၊ ခက်တာမှတ်လို့။ ဖိနပ်တို့၊ သနပ်ခါးတုံးတို့၊ လက်သည်းဆိုးဆေးတို့ ရှိမှာပေါ့ဗျာ"

"ကောင်းကွာ၊ မင်းစကားတွေဟာ အတော့်ကို ပြောင်မြောက်လှပါလားကွ"

"ဟုတ်ပါ့ဗျာ၊ ဂျာအေး ပြောလိုက်ရင် တကယ့် ဂန္ထဝင်တွေပဲဗျ။ ချဗျာ၊ တွယ်သာတွယ်"

ချစ်စိန်တစ်ယောက် အတော်ကလေး ထွေနေပြီ ဖြစ်၏။ ဂျာအေးကလည်း ထင်ရာပြော၊ ဖျောက်ဆိပ်ကလည်း စပ်ဖြဲဖြဲ၊ ချစ်စိန်ကလည်း ထွေတေတေနှင့် သုံးယောက်သား လုံးထွေးပတ်ချာလည်နေ၏။

အဆိုးဆုံးက ချစ်စိန်။ မူးလာမှ ဇနီးသည် မနှင်းစိန်ကိုစွဲ ဖေကျ



www.burmeseclassic.com

www.burmeseclassic.com



မချမ်း ရင်ဖွင့်လေ၏။

"တောက်- မတရားဘူးဗျ၊ မိန်းမဆိုတာ ယောကျ်ားလုပ်စာ ထိုင်စားရမယ်လို့ ဘယ်သူ အမိန့်ထုတ်ခဲ့သတုံး။ အဲဒီဥပဒေ ရှိသလား ကိုကြီးဖျောက်"

"ဟုတ်ပြီ၊ အဲဒါက အစဉ်အလာ အမှားကြီး ယောက်ဖရဲ့။ ရှေးလူကြီးသူမတွေဟာ မိန်းမသားကို အားနွဲ့သူလို့ ထင်ခဲ့ကြတာကွ"

"ဟာ- အားမနွဲ့ပါဘူးဗျာ၊ ကျုပ်ကို နှင်းစိန်က တွေ့ရာနဲ့ ကောက်တွယ်တာဗျ။ ကျုပ်က လုပ်ရတယ် မရှိဘူး၊ ခုလည်း ကျုပ်တို့ သူလုပ်ချင်တာ မလုပ်ရလို့ တွေ့ရာနဲ့ ကောက်ရိုက်ပြီး အိမ်ပေါ်က ဆင်းသွားတာဗျ"

"ဟားဟားဟား အဲဒါပဲလေ၊ ခေတ်တွေ စနစ်တွေ ပြောင်းလဲနေသလို လူတွေလည်း ပြောင်းလဲကုန်ပြီကွ။ အရင်က မိန်းမသားဟာ အားနွဲ့တယ် ဘာတယ် ပြောကြတာ၊ ခုတော့ မိန်းမတွေဟာ ယောကျ်ားတွေနဲ့ ရင်ပေါင်တန်းကုန်ပြီကွ။ တချို့ မိန်းမတွေဆို ယောကျ်ားကို ကိုင်တောင် ပေါက်တာကွ"

"ဟုတ်တယ်၊ မိန်းမတွေ အားကောင်းမောင်းသန် ဖြစ်ကုန်ပြီဗျ၊ ဒါဆို ကျုပ်တို့ လုပ်ကျွေးစရာ မလိုဘူးဗျ"

"ဟကောင် - ယောက်ဖ တိုးတိုးပြောပါကွာ။ မင်းစကားက မှန်တော့ မှန်သကွ၊ ဒါပေမယ့် မင်းအစ်မ ကြားသွားလို့ကတော့ ပြဿနာ လိုမ့်ရှာနေပါဦးမယ်"

ချစ်စိန် ဖွာလောင်ဖွာလောင် ပြောချလိုက်သည့် စကားကြောင့် ဖျောက်ဆိပ် မနည်းတားနေရ၏။ အမှန်မတော့ အပုလေးကို သူ သဘောမတွေ့ခဲ့သည်မှာ ကြာမြင့်လှပြီ ဖြစ်၏။ ပိုက်ဆံသာရမည်ဆိုလျှင် ယောကျ်ားကို ဖားထွက်ရိုက်ခိုင်းခဲ့သည့် မိန်းမ။ လင်လုပ်စာစားပြီး သန်ချင်သော မိန်းမ။ သဘောမတွေ့လှသော်လည်း ရင်ထဲ စုထားခဲ့သည်မှာ ကြာလှပြီ ဖြစ်၏။ ယခုတော့ ချစ်စိန် ရင်ဖွင့်လိုက်သည်နှင့် သူလည်း ရင်ဖွင့်ချင်ချင် ဖြစ်သွားခဲ့လေပြီ။

သို့သော် အရမ်း ရင်မဖွင့်ရဲသေး။ အပုလေးက တစ်နေရာ



www.burmeseclassic.com

www.burmeseclassic.com



ချောင်းမြောင်း နားထောင်နေမှာလည်း စိုးလှ၏။ ထို့ကြောင့်လည်း ယောက်ဖလုပ်သူက လက်သီးလက်မောင်း တန်းနေပေမယ့် နောက်က လိုက်ပြီး လက်သီးလက်မောင်း မတန်းရဲ။

ဂျာအေးက သူ့ဆရာ မချိတင်ကဲ ဖြစ်နေပုံကို ကြည့်ပြီး မကျေနပ်။

"ဆရာဖျောက်ကလည်း ပြောစရာရှိရင် ရဲရဲသာ ပြောစမ်းပါဗျာ၊ မပုလေးဟာ ဆရာဖျောက်ရဲ့ တတိယနံရိုးကို ထုတ်ပြီး ဖန်တီးထားတာလေ"

"ဟေ- အဲဒါ ဘယ်သူပြောသတုံးကွ"

"ဟာ- ဆရာဖျောက်ပဲ ပြောပြီး"

"ဟုတ်လား၊ ငါ အဲဒီလို ပြောခဲ့သလား"

ဂျာအေးကို ဖျောက်ဆိပ် မျက်လုံးကြီးပြူးပြီး ကြည့်လိုက်၏။ ထိုစဉ် သူတို့အပြောကို နားစွန်နားဖျား ကြားလိုက်သူက အိမ်ဝိုင်းထဲ ဝင်လာသော မခွေးမ။ မခွေးမက အပုလေးနှင့် အတင်းချဖော်ချဖက်။

ဖျောက်ဆိပ်နှင့် ဂျာအေးတို့ ဆရာတပည့် အတိုင်အဖောက်ညီညီ ပြောဆိုသံများကို အသေးစိတ် မှတ်သားပြီး အိမ်ဝိုင်းထဲမှ အလျင်အမြန် ထွက်သွား၏။ သူ၏ ဦးတည်ရာက နတ်ကတော် ဒေါ်သန်းစိန်တို့အိမ်။

အပုလေးတစ်ယောက် ဒေါ်သန်းစိန်အိမ်သွားကာ နတ်မေးနေခြင်း ဖြစ်၏။ မခွေးမသည် ဒေါ်သန်းစိန်တို့ အိမ်ဝိုင်းထဲ ဝင်လာပြီး အပုလေးနား ကပ်ကာ ဖျောက်ဆိပ်၏ နှုတ်ထွက်စကားကို ပြောပြလိုက်၏။

"အလိုတော်၊ ကျုပ်ကို ဒင်းကြီးက ဒီလိုပဲ ပြောသလား"

"ပြောပါ့တော်၊ ဟို- ပေစုတ်စုတ်ကောင်က ပိုဆိုးသေး"

"ဘယ်သူလဲ၊ ဂျာအေးလား"

"ဟုတ်ပါ့တော်၊ တော်ကြီးကို ပြောလိုက်တာများ ရစရာ မရှိဘူး။ တော်က ကိုဖျောက်ဆိပ်ရှေ့ဆို မြွေကြီးလိုပဲတဲ့။ စကားတွေက လည်း ကွေ့တိကွေ့ကောက်၊ အမူအရာတွေကလည်း လိမ်ဖယ် လိမ်ဖယ်တဲ့တော့။ စကားပြောရင်လည်း မြွေလိုပဲ လျှာနှစ်ခွနဲ့တဲ့"

"ဘုရားရေ- အဲဒီ မှင်စာလေးက ငါ့ကိုများ ပြောရက်လိုက်တယ်။ တွေ့မယ်၊ ငါက စေတနာနဲ့ ရှောင်ပေးတာတောင် ဒင်းတို့က ငါ့ကို



www.burmeseclassic.com

www.burmeseclassic.com



ကွယ်ရာမှာ အပုပ်ချတယ်။ တွေ့ကြပြီပေါ့ဟယ်"

"အပုလေး၊ ဒီစကား ကျုပ်ပြောတယ်လို့ မပြောနဲ့နော်"

"အေးပါဟယ်၊ တစ်သက်လုံး ငါ့ရှေ့ အပိုးကျိုးခဲ့တဲ့ဟာတွေ ငါ့ ကွယ်ရာ ထောင်ထောင် ထောင်ထောင် လုပ်တာတော့ မကျေနပ် ဘူး"

အပုလေးတစ်ယောက် ရှုးရှုးရှဲရှဲ ဖြစ်နေ၏။ ကြားရသည့်စကား တွေက သူ့စိတ်စေတနာကို ဓားတုံးတုံးနှင့် လှီးချလိုက်သလိုပင် အခံရခက် ပါဘိ။

ဒေါသထွက်လွန်းသဖြင့် နတ်ကတော် ဒေါ်သန်းစိန်ကိုတောင် မေ့ နေ၏။ ကလေးခါးထစ်ခွင်ကာ တန်းလျားပေါ်မှ ဖျတ်ခနဲထ၍ ထွက်သွား လေ၏။ ဒေါ်သန်းစိန်မှာ မျက်စိကြီး တမှိတ်မှိတ်၊ ပါးစပ်ကလည်း ပွစိပွစိ လုပ်နေ၏။ မခွေးမသည် ဒေါ်သန်းစိန်ကို ကြည့်၍ လက်တို့လိုက်၏။

"အပုလေး မရှိတော့ဘူး အရီးသန်းစိန်ရဲ့"

"ဟဲ့-ဟဲ့ ဘယ်ထွက်သွားသတုံး၊ ဒီမှာ ကိုယ်တော်လေး မေးနေ တာဟဲ့"

"သူ့ယောကျ်ားကို ပြဿနာသွားရှာပြီလေ"

"အလိုတော်- ဒါဆို ငါ့ကို နတ်ဟောခ တစ်ပြားမှ ပေးမသွားဘူး ပေါ့ ဟုတ်လား။ ငါ့မှာတော့ ကိုယ်တော်ကြီး ပင့်လိုက်၊ ကိုယ် တော်လေး ပင့်လိုက်နဲ့ သုံးဆယ့်ခုနစ်မင်းတွေနဲ့ သူ့အကြောင်း ပြောလိုက်ရတာ အမော။ မကျေနပ်ဘူး၊ ဒါ သက်သက် ငါ့ကို မထီမဲ့မြင် လုပ်သွားတာပဲ။ မရဘူး၊ ပိုက်ဆံ လိုက်ကိုတောင်းမယ်"

"တောင်းတောင်း၊ တော်ကြာ အရီးသန်းစိန်ကိစ္စ မေ့သွားဦးမယ်၊ အပုလေးက ယူရမှာပဲသိတာ၊ ပေးရမှာ သိတာ မဟုတ်ဘူး"

"ဟုတ်ပါပြီ၊ မဖြစ်ဘူး လိုက်မှ"

မခွေးမ၏ အချွန်အမ,ကြောင့် နတ်ကတော် ဒေါ်သန်းစိန်တစ် ယောက် ပွစိပွစိ ဖြစ်နေ၏။

ထိုအချိန် အပုလေးမှာ ဖျောက်ဆိပ်တို့ဘေး ဘွားဘွား ရောက်ရှိ လာကာ လေသံပြုပြုကြီးနှင့် ပြဿနာရှာလေတော့၏။ အပုလေး၏ အသံ



www.burmeseclassic.com

ww.burmeseclassic.com



ကြီးကြောင့် ဖျောက်ဆိပ်တစ်ယောက် ခေါင်းကြီးတလည်လည်နှင့် မနည်း တောင်းပန်နေရ၏။

"တော်တို့စကားက ဘာစကားတုံး"

"ဟေ- ဘာတွေပြောမိလို့လဲ မိန်းမရာ"

"တော်ကြီးနော်၊ အပုလေးကို လျှော့မတွက်နဲ့၊ ကျုပ်မှာ မျက်လုံးတွေ၊ နားတွေ တစ်ပုံတစ်ခေါင်း။ ကိုင်း- ဟိုဘက်က မှင်စာလေး ပြောပါဦးဟဲ့၊ နင်က ငါ့ကို မြွေဆိုးမြွေဟောက်လို့ ပြောတယ်ဆို၊ မူရာမာယာများတယ်၊ လိမ်တယ်ညာတယ်ဆို။ ဟဲ့- မှင်စာလေး ဘာခုမှ ထွေတေတေ လုပ်ပြနေသလဲ"

"ရော်- ခက်ပါ့ မပုလေးရာ၊ ဒီစကား ကျုပ် မပြောရပါလားဗျာ"

"ဟဲ့- နင် မပြောရင် ဘယ်သူပြောသတုံး"

"မြွေလို့တော့ မပြောပါဘူးဗျာ၊ မြွေဆိုတာ ခြေမပါ လက်မပါတဲ့ တီကောင်ကြီးပါ"

"အင်- ဘာရယ်၊ ငါ့ကို တီကောင်လို့ ပြောတာပေါ့ ဟုတ်လား"

"ဟာဗျာ၊ ကိုကြီးဖျောက် လုပ်ပါဦးဗျာ။ ကျုပ် မြွေလည်း မပြောပါဘူး၊ တီကောင်လည်း မပြောပါဘူးဗျာ"

"ဒါဆို နင် ဘာပြောသတုံး"

"ဩော်- ဟို ဟိုဒင်း ကိုကြီးဖျောက်ရဲ့ နံရိုးနဲ့ . . ."

"ဘာ- နံရိုး၊ ဘာလုပ်ဖို့တုံး။ အဲဒီနံရိုး ဘာလုပ်ဖို့တုံး"

"ဟိုလေဗျာ၊ အဲ- နံရိုးဟာ မပုလေး"

"တိတ်စမ်း၊ ကဲ- ဘယ်လိုတုံး ဆရာကြီးရယ်"

"ဟေလကွယ်"

"တော်ကြီးနော်၊ ကျုပ်ကို နံရိုးလို့ ပြောသလား"

"ပြဿနာပါလားဟ၊ ယောက်ဖ ကယ်ပါဦးကွာ"

ဖျောက်ဆိပ် ဘာပြောလို့ ပြောရမှန်း မသိ။ စကားတွေ ရှုပ်ယှက်ခတ်နေ၏။ ဂျာအေးကလည်း သူ့ကို လက်ညှိုးတထိုးထိုး။ ယောက်ဖလုပ်သူ ချစ်စိန်ကို အကူအညီတောင်းတော့လည်း ချစ်စိန်က ခေါင်းကြီးစိုက်နေ၏။

"အစ်မ၊ ကိုကြီးဖျောက် နံရိုးဟာ အစ်မလား။ အဲဒီစကားတော့



www.burmeseclassic.com

ww.burmeseclassic.com



ကိုကြီးဖျောက်လား၊ ဂျာအေးလား မသိဘူး တစ်ယောက်ယောက် ပြောတာပဲဗျ"

"ဘာ -ဘယ့်နှယ်ရှိစ"

ချစ်စိန် ပြောခါမှ ပို၍ ရှုပ်ကုန်၏။ အပုလေးက သူတို့ဘေးတွင် ခုန်ဆွခုန်ဆွ။

ဖျောက်ဆိပ် မနည်းကြီး တောင်းပန်ယူရ၏။ ချစ်စိန်ကပါ ဝင်ပြောမှ အပုလေး ငြိမ်ကျသွား၏။ ဂျာအေးရော ဖျောက်ဆိပ်ပါ အရှိန်ပျက်သွား၏။ ထို့ကြောင့်လည်း သူတို့နှစ်ယောက် ကိုတာတေကြီးတို့ အသုဘအိမ်ဘက် ထွက်ခဲ့ကြရ၏။

လမ်းတစ်လျှောက်လုံး ဖျောက်ဆိပ်က ဖျစ်တောက်ဖျစ်တောက်၊

"ဒီစကား ဘယ်သူ သွားပွားသလဲ မသိဘူးကွာ"

"ဟုတ်ပ့ါဗျာ၊ ကျုပ်လည်း အဲဒီလောက် ခြေလွန်လက်လွန် မပြောမိပါဘူးဗျာ"

"ဟာ- မင်းက နံ့ရှိုးတွေ ဘာတွေ စွတ်ပြောတာကိုးကွ။ ကေန္တီကိစ္စ အပုလေးရဲ့ အဲထောက်တော်တွေဆီက စကားပဲ ဖြစ်မယ်"

"ဒါဆို မခွေးမပေ့ါဗျာ"

"ဟင်- ခွေးမ အိမ်လည်း မလာပါဘူးကွ"

"ဟာ- ချောင်းနားထောင်တာ ဖြစ်မှာပေ့ါ"

"သိပ်ဟုတ်နိုင်တာပေ့ါကွာ၊ ခွေးမက သူ အတင်းပြောစရာ မရှိရင် မနေတတ်တဲ့ မိန်းမကွ။ တောက်- တော်တော်ဆိုးတဲ့ဟာတွေ"

"ခံစားမနေပါနဲ့ဗျာ၊ ကိုကြီးဖျောက်ပြောသလို သဗ္ဗေသချီရာ အနိစ္စပေ့ါဗျာ"

"ဘာကွ - မင်းကလည်း ငါ့စကားနဲ့ ငါ့ပြန်ချည်နေပါလားကွ။ နေပါဦး၊ ငါတို့က တာတေကြီးတို့အိမ်သွားတာ ဘာလုပ်ဖို့လဲ"

"ပြောတတ်ဘူးလေဗျာ၊ ကိုကြီးဖျောက်မိန်းမ ပွစိပွစိ လုပ်နေလို့ ထွက်မိထွက်ရာ ထွက်ခဲ့တာပေ့ါ"

"ကောင်းကွာ၊ ဒါဆို တာတေကြီးနဲ့ စကားစမြည်ပြောရင်း နေလိုက်ကြတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အိမ်မပြန်တော့ဘူးလား"

"ဟာ- ပြန်လို့မဖြစ်ဘူးကွ၊ အပုလေးက မင်းနဲ့ငါ့ကို မြင်ချင်ပုံမရဘူး။ တော်ကြာ ပြဿနာရှာနေပါဦးမယ်ကွာ၊ တာတေကြီးတို့အိမ်မှာပဲ မိုးလင်းလိုက်ကြတာပေါ့"

"သိပ်ကောင်းတာပေါ့ဗျာ"

နောက်ဆုံးတော့ သူတို့နှစ်ယောက် တာတေကြီးတို့အိမ်ဝိုင်းထဲ ဝင်ခဲ့ကာ ဖဲသမားတွေကြား ယောင်ချာယောင်ချာလုပ်ရင်း မိုးစင်စင်လင်းသွားလေတော့၏။

✿ ✿ ✿



www.burmeseclassic.com

www.burmeseclassic.com



"အိမ်း- ငါ အဲဒီဟာကြီးတော့ လိုချင်သကွာ၊ လောလောဆယ် ငါ့မှာ ပိုက်ဆံ မရှိဘူးကွ"

"ဟာ- ဦးလေးပွကလည်း၊ သိန်းချီချမ်းသာတဲ့ ပုဂ္ဂိုလ်ကြီးမှာ ပိုက်ဆံ မရှိဘူး ဆိုတော့ ကြားမကောင်းပါဘူးဗျာ"

"တာတေကြီးကလည်း စွတ်ပြောနေပြန်ပြီ။ငါပြောတာ နားထောင်၊ မီးခံသေတ္တာသော့ကို ငါ့အစ်မက သိမ်းထားတာကွ။ ခက်ပြီကွာ၊ ငါကလည်း ဒီပေမူကို လိုချင်တာ။ ဒီတော့ ဒီလိုလုပ်ကွာ"

"ဘာတုံးဗျ"

"ငါ့မှာ ဟောဒီ ခြံကြီးစာချုပ် ရှိတယ်၊ မင်းတို့ယူသွား။ ကြိုက်တဲ့ နေရာမှာပေါင်လိုက်၊ ပြီးရင် ငါ့ကို လိပ်စာတော့ ပေးထား။ ငါ့ အစ်မ မန္တလေးက ပြန်လာရင် ပြန်ရွေးမယ်"

"ဟင်- သေချာရဲ့လား"

"ဟကောင်-တာတေကြီး၊ ဟောဒီခြံကြီးက သိန်းသုံးလေးရာ တန် တာကွ။ ဘာလဲ၊ မင်းက ငါ့ကို မယုံသင်္ကာ ဖြစ်နေသလား"

"ဟာ- ယုံပါတယ်ဗျာ"

"ဒါဆို အဲဒီ ပေမူပေး၊ ငါ စာချုပ်ပေးလိုက်မယ်"

ဦးပွသည် ပေမူကြီးကိုကြည့်ပြီး အတော့်ကို သဘောကျနေပုံရ၏။ ထိုင်ရာမှ ချက်ချင်းထကာ အိမ်ကြီးပေါ် အလျင်အမြန် တက်သွားပြီး ဆွဲအိတ်နှင့် ထည့်ထားသော အိမ်ဂရန်စာချုပ်ကို ယူလာ၏။ တာတေကြီး သည် ပိုက်ဆံ မရသော်လည်း အိမ်စာချုပ်ရလာသဖြင့် ဖျောက်ဆိပ်တို့ ဘက်လှည့်ပြီး လက်မထောင်ပြလိုက်၏။

သို့နှင့် သူတို့လူစု ဦးပွခြံဝင်းကြီးထဲမှ ထွက်ခဲ့ကြပြီး အရုပ်ထဲတွင် ငွေတိုးပေးစားသော ကိုဆိတ်ညိုတို့ လင်မယားဆီ ချီတက်ခဲ့ကြ၏။ ထို အချိန်တွင် ဦးပွတစ်ယောက် အိမ်ကြီးပေါ် တက်လာကာ စာကြည့်ခန်းထဲ ဝင်သွား၏။ သူ့အမူအရာကို တစ်နေရာရာမှ စောင့်ကြည့်နေသူမှာ ဈေး လုပ်သူ ဒေါ်မြနှစ်။

ဈေးကပြန်လာလာချင်း မီးဖိုချောင်ဝင်ကာ အိမ်ဖော်နှစ်ဦးနှင့် ချက်ပြုတ်နေ၏။ ထိုစဉ် အိမ်ကြီးပေါ် ဝမ်းသာအားရနှင့် တက်သွားသော



www.burmeseclassic.com

www.burmeseclassic.com



ယောက်ျားလုပ်သူ၏ အသံကို ကြားလိုက်ရသဖြင့် စိတ်ထဲ သံသယဖြစ်နေ၏။ ထို့ကြောင့်လည်း မီးဖိုချောင်မှထွက်ကာ တစ်နေရာမှ စောင့်ကြည့်နေခြင်း ဖြစ်လေ၏။

ဦးပွသည် စာကြည့်ခန်းထဲရောက်သည်နှင့် ပေမူကြီးကို စားပွဲပေါ်တင်ပြီး လက်ကိုင်ရိုးပါသည့်မှန်ဘီလူးဝိုင်းစိုင်းကြီးနှင့် ပြူးပြူးပြဲပြဲကြည့်နေ၏။

ပေမူထဲမှ မင်းတုန်းကိုယ်တော်ကြီး၏ လက်ရေးမူများက ကွေ့တိကွေ့ကောက်။ ရုတ်တရက်ကြည့်လျှင် ပုရွက်ဆိတ်ကလေးတွေ မွစာကြဲနေသလိုပင်။

မှန်ဘီလူးကြီးကို ကပ်ကြည့်လိုက် ခွာကြည့်လိုက်၊ မျက်လုံးကြီးပြူးလာလိုက် မျက်မှောင်ကြီးကြုတ်သွားလိုက်နှင့် အမူအရာအမျိုးမျိုးပြောင်းလဲနေ၏။

သူ့အသွင်ကိုကြည့်ပြီး ဇနီးဖြစ်သူ ဒေါ်မြနှစ် စိုးရိမ်တကြီး ဖြစ်နေခဲ၊ ထိုစဉ် ဦးပွ၏ အော်သံဟစ်သံကို ကြားလိုက်ရပြန်၏။

"ဟာ- လူလိမ်တွေ၊ ငါ့ကို အရှုံးလုပ်တဲ့ကောင်တွေ။ ငါ့ကို ရှုံးတယ်လို့ ထင်နေကြသလား မသိဘူး"

"အို- ကိုပွ. . . ကိုပွ၊ ဘာဖြစ်သတုံး"

"မြကလေးရေ၊ ကျုပ်ကို ဟိုကောင်တွေက အရှုံးကြီးထင်ပြီး တစ်ပတ်ရိုက်သွားပြီကွ"

"တစ်ပတ်ရိုက်သွားတယ်၊ ဘယ်လို တစ်ပတ်ရိုက်သွားတာလဲ"

"ဟို. . . ဟို- ကျုပ်ဆီက အိမ်ဂရန် ယူသွားတယ်"

"ဘယ်က အိမ်ဂရန်တုံး"

"ဟို- ကျုပ်သိမ်းထားတဲ့ စာချုပ်ကြီးလေ"

"အလိုတော်"

"ဒီကောင်တွေ ကျုပ်ကို မင်းတုန်းကိုယ်တော်ကြီးရဲ့ လက်ရေးမူလို့ပြောတာ၊ ကျုပ် အသေအချာ ဖတ်ကြည့်တော့ ဘုန်းကြီးကျောင်းစာချုပ်ကြီးဗျ"

"ဟင်- ဘာတွေတုံး၊ ဘယ်လိုဟာတွေတုံး။ ကိုပွရယ်၊ ဘာတွေလျှောက်လုပ်နေသတုံး"



www.burmeseclassic.com

www.burmeseclassic.com



"မကျေနပ်ဘူးကွာ။ လူလိမ်တွေ၊ တွေ့ပြီပေါ့ကွာ"

"နေပါဦး၊ ကိုပွ။ အို- ဒုက္ခပါပဲ"

ဦးပွတစ်ယောက် ဒေါသဖြစ်ဖြစ်နှင့် ထိုင်ရာမှ ဝုန်းခနဲ ထလို၏။ ပေမူကြီးကို လွယ်အိတ်ထဲ အတင်းထိုးထည့်လိုက်ပြီး အိမ်ကြီးပေါ်ဆင်းသွား၏။ ဒေါ်မြနှစ်ခမျာ ခင်ပွန်းဖြစ်သူကို ကြည့်ပြီး အူကြောင်ကြောင် ဖြစ်နေ၏။

ဦးပွသည် ခြံအပြင်သို့ ရောက်သည်နှင့် နီးရာဌာနာတစ်ခုထဲ တန်းတန်းမတ်မတ်ကြီး လျှောက်သွား၏။ ထိုအချိန်တွင် ဌာနာအု တင်ဝင်းတစ်ယောက် ဆေးပေါ့လိပ်ကြီး တဖွာဖွာ လုပ်ကာ အမှုမှတ်တ ကြီးကို ဖတ်ရှုနေ၏။

"ဒီမှာ ဘယ်သူရှိသတုံးဟေ့၊ ရှိတဲ့လူ ထွက်ခဲ့"

"ဟိုက်- ဘယ်သူပါလိမ့်၊ လေသံတယ်ပြင်းပါလား"

အခန်းအပြင်မှ အသံအောအောကြီးကြောင့် တင်ဝင်း ထိုင်ရာ ထကာ အခန်းအပြင်သို့ ထွက်လာ၏။

"ဘယ်လိုတုံးကွ၊ အထဲမှာ ဘာလုပ်နေသတုံး"

"ဗျာ၊ ဟိုဒင်း. . ."

"ဘာဟိုဒင်းလဲ၊ ပြောစမ်း-မောင်ရင်က ဘယ်သူတုံး။ လောက မှာ လူလိမ်လူညာတွေကို ဘာဖြစ်လို့ လက်ပိုက်ကြည့်နေသ မမြင်ကြဘူးလား။ မပြောကြတော့ဘူးလား"

"အင်- မြင်တော့ မြင်ပါတယ်ဗျာ"

"ဟော- မြင်တယ်၊ မဖြစ်နိုင်ဘူး။ မင်း မျက်လုံးတွေ သူငယ် ပြောင်းပြန်လန်နေပြီလား"

"ဗျာ၊ ဟာ- ဘာတွေပြောသတုံးဗျာ။ ဘာကိစ္စရှိသတုံး၊ ကျုပ်နာ တင်ဝင်း။ ဌာနာအုပ် တင်ဝင်းဗျ၊ ဒုစရိုက်လောကကြီးကို သု သွက်ခါအောင် ကိုင်လှုပ်နိုင်တဲ့လူဗျ"

"ဟေ - ဟားဟားဟား"

"ဟီးဟီးဟီး. . . အဟွတ်အဟွတ်"

"ဟော့ကောင် ဘာရယ်သတုံးကွ"



www.burmeseclassic.com

www.burmeseclassic.com



"သိဘူးလေ၊ ခင်ဗျားရယ်လို့ လိုက်ရယ်တာပေါ့ဗျ"

"မင်း ရူးနေသလား ပြောစမ်း"

"ဗျာ"

တင်ဝင်းတစ်យောက် ပြူးတူးကြောင်တောင် ဖြစ်နေ၏။ သူ့ကိုယ်သူ ဌာနာအုပ် ဆိုသည်ကိုပင် မေ့နေ၏။ ထိုစဉ် ဦးပွသည် လွတ်နေသော ထိုင်ခုံတွင် ဖြုန်းခနဲ ဝင်ထိုင်လိုက်၏။ တင်ဝင်းလည်း အူချာချာနှင့် မျက်နှာချင်းဆိုင် ထိုင်ခုံတွင် ဝင်ထိုင်လိုက်၏။

"ကိုင်း- ဘယ်မှာတုံး မှတ်တမ်း၊ ငါ အမှုဖွင့်မလို့ကွ"

"ဗျာ- အမှု၊ ဘာကိစ္စ"

"ဟ- ဘယ်လိုဖြစ်နေသတုံး၊ မင်းဆီကို ငါ လာလည်တာများ အောက်မေ့နေသလား။ အမှုလာဖွင့်တာကွ၊ အမှုက ဖိုးတွမ်တီး။ ပြောရရင် လိမ်လည်မှု။လိမ်တာနဲ့ ညာတာ မဈေးဘူးကွ။ အဲဒါရော သိရဲ့လား၊ မုသာဝါဒ ဆိုတာကိုရော ခွဲခြားတတ်ရဲ့လား"

"ဟာ- ဒုက္ခပါပဲ၊ ဒီမှာ ခင်ဗျားက အမှုလာအပ်တာလေ။ ဘယ့်နှယ် ဥပဒေတွေ၊ သဘောတရားတွေ လာရွတ်နေတာလဲ။ ကိုင်း- ပြောစမ်း၊ ဘာအမှုလဲ"

"အေး- အဲဒီလိုမှပေါ့ကွ၊ ဟောဒီဟာကြီးကို ကြည့်စမ်း"

"ဗျာ"

စားပွဲပေါ် ဖြုန်းခနဲ ပစ်တင်လိုက်သော ပေမူကြီးကို ကြည့်ကာ တင်ဝင်း ကြောင်စီစီ ဖြစ်နေ၏။ ခေါင်းကြီးတခါခါနှင့် မေးလိုက်၏။

"ဘာကြီးတုံး၊ အဲဒီဟာကြီးက"

"ဟာ- ဒါ ပေမူကွ၊ တော်တော်တုံးတဲ့ကောင်"

"ဗျာ"

"မှတ်ထားကွ၊ ငါလာတာ အဲဒီကိစ္စပဲ။ ပြောရရင် ငါ့ကိုလိမ်တဲ့ကောင်က မင်းတုန်းမင်းတရားကြီးရဲ့ လက်ရေးပေမူလို့ ပြောသကွာ၊ ငါကလည်း သမိုင်းသုတေသီ ဆရာကြီး ဦးပွကွ။ ဒီတော့ ငါလည်း ပွပြီဆိုပြီး ငါ့အိမ်က ဂရန်စာချုပ်ကြီးနဲ့ လဲလိုက်တာကွ"

"ဟုတ်လား၊ ဒါဆို ဘယ်လိုလိမ်သွား"



www.burmeseclassic.com

www.burmeseclassic.com



"ကြားဖြတ်ပြီး မမေးနဲ့ကွာ"
"ခင်ဗျာ၊ ဟုတ်ကဲ့ ပြောပါခင်ဗျာ"
"အေး၊ ဒါပေမယ့် အဲဒီပေမူက မင်းတုန်းမင်းတရားကြီးရဲ့ လ
ရေးမူ မဟုတ်ဘူးကွ။ ဘုန်းကြီးကျောင်းစာချုပ်ကြီးကွ"
"ဗျာ၊ ဘုန်းကြီးကျောင်းစာချုပ်"
"ဟုတ်တယ်၊ ငါ့ကို တာတေကြီးဆိုတဲ့ကောင် လာရောင်းတာကွ
ဒါ တောင်တွင်းကြီးက ဘုန်းကြီးတစ်ပါးက ကျောင်းလှူခဲ့
စာချုပ်ကွ"
"ဟင်- တောင်တွင်းကြီးက၊ ဟုတ်ပြီ"
"ဘာဟုတ်သတုံး၊ မင်းဥစ္စာ ပြုံးကြောင်ကြောင်နဲ့"
"ဒါဆို ဦးပွကို ကျွန်တော် ဖမ်းချုပ်ရတော့မယ်ဗျ၊ ဟန်ကျလို
တာဗျာ"
"ဘာကွ၊ မင်းက ငါ့ကို ဖမ်းမယ်။ အောင်မယ်၊ ငါလို သမိုင်းဆ
ကြီးကို မင်း ဖမ်းချုပ်ရင် သမိုင်းမျိုးဆက်ကြီးတစ်ခုလုံး ပြောင်းပြ
လန်သွားမှာပေါ့ကွာ"
"မသိဘူးဗျာ၊ လာလာ ထ၊ ခုချက်ချင်းထ။ ခုံချိန်ကစပြီး ခင်ဗျား
ဖမ်းလိုက်ပြီ။ ကိုင်း- ထ၊ အချုပ်ထဲဝင်"
"ဟကောင်"
"စကားမရှည်စမ်းပါနဲ့ဗျာ"
"ဟာ- ဟို. . . နေကြပါဦး"
"မနေဘူးဗျာ"

ဌာနာအုပ် တင်ဝင်း၏ရိုက်ချက် ပြင်းလှပေစွ။ သူ့ဆီ အမှုလာအ
သော ဦးပွကို ချက်ချင်း ဖမ်းဆီးကာ အချုပ်ထဲ သွင်းလိုက်လေတော့
ဦးပွသည် အချုပ်ခန်းထဲရောက်သည်နှင့် ခုန်ကာပေါက်ကာနှင့် အသံ
ကြီးနှင့် အော်ဟစ်နေ၏။

အချုပ်သား တစ်စုမှာလည်း ဦးပွကိုကြည့်ပြီး ပေါ်ကွဲနေ
ထိုအထဲတွင် ကိုယ့်မိန်းမကိုယ်ရိုက်မှုနှင့် အချုပ်ထဲရောက်နေသော
ကြီးသည် ဦးပွကို မျက်စောင်းကြီး တထိုးထိုးနှင့် မေးလိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လိုဖြစ်လို့ ခုန်နေတာလဲဗျ။ ခါးချဉ်ကိုက်လို့လား၊ ကဏန်း ညှပ်လို့လား"

"ဘာကွ- ဟကောင်၊ ငါ ဘယ်လိုလူဆိုတာ သိရဲ့လား။ ငါဟာ နှယ်နှယ်ရရလူ မဟုတ်ဘူးကွ၊ ဟောဒီ တိုင်းပြည်ကြီးရဲ့ သမိုင်းကို မျိုထားတဲ့ကောင်ကွ။ ငါ့နာမည် ဦးပွ"

"သမိုင်းမျိုထားတာဆိုရင် ကိုယ်လုပ်တော်၊ မောင်းမတော်ဆိုတာ ဘာလဲ ပြောစမ်းပါဦး ပုဂ္ဂိုလ်ကြီးရ"

"မင်း ဘာတွေမေးနေသတုံး။ မဟုတ်တဲ့မေးခွန်းတွေ မမေးစမ်းနဲ့ကွာ။ တောက်- လောကကြီး ဘာတွေဖြစ်ကုန်ပြီလဲ။ မမြင်ကြ မသိကြတော့ဘူးလားဟ၊ ငါလို အဖိုးဖြတ်မရတဲ့ လူကြီးကို ဘာလုပ်ကြတာတုံး။ လုပ်သင့်သလား ပြောကြစမ်း"

ဦးပွကြီး၏ အော်သံဟစ်သံကြီးကဆူညံနေ၏။ တင်ဝင်းခမျာ နား ငြီးလွန်းလှသဖြင့် နားရွက်နှစ်ဖက်ပိတ်ပြီး ထိုင်နေရ၏။ ထိုစဉ် ငှက်ကြီး၏ မေးသံ ထွက်လာပြန်၏။

"အဖိုးဖြတ်မရဘူးဆိုတော့ ဘယ်လောက်တန်သတုံးဗျ။ အတော်ပဲ ဗျာ၊ ကျုပ်က ကိုယ့်မိန်းမကိုယ် ရိုက်လာတဲ့လူဗျ။ နာမည်က ငှက် ကြီးတဲ့"

"ဟေ- မင်းက မိန်းမပြန်ရိုက်တဲ့ကောင်လား"

"ဟုတ်တယ်၊ ကျုပ် ပိုက်ဆံမရှာနိုင်လို့ ပြဿနာရှာတဲ့ မိန်းမကို တွေ့ရာနဲ့ ကောက်ထုလို့ နဖူးကွဲသွားပြီဗျ။ ဟားဟားဟား ပြဿနာအရင်းခံက ပိုက်ဆံပဲ၊ ဒီတော့ ခင်ဗျား ဘယ်လောက် တန်သတုံးဗျ"

"မင်း ဘာလုပ်မလို့တုံး"

"အာမခံရရင် ခင်ဗျားကို အပေါင်ဆိုင်မှာ သွားပေါင်မှာပေါ့ဗျ၊ ဟုတ်ဘူးလား"

"မင်း ငါ့ကို စော်ကားတာလား၊ ဟားဟားဟား ငပွကွ"

"ဟီးဟီးဟီး ဟိုးဟိုးဟိုး ငှက်ကြီးဗျ"

"ဘာတွေတုံး၊ ဘယ်လိုလုပ်ပြီး အော်ဟစ်ရယ်မောနေကြသတုံး။



www.burmeseclassic.com

www.burmeseclassic.com



ပျော်နေကြသလား ပြောစမ်း၊ ဒါ ကလေးကစားကွင်းများ မှတ်နေကြသလား။ ပြောကြလေ"

"ဟို. . . ဟိုဒင်း သူ. . ."

"ဘာကွ၊ ငါ့ကို လက်ညှိုးမထိုးနဲ့"

"ခင်ဗျားကြီး ဘာဖြစ်လို့ ရယ်သတုံး"

"မင်းကရော ဘာဖြစ်လို့ ရယ်သလဲ"

"ဟာ- တော်ကြပါတော့၊ ဒါ အချုပ်ခန်းကွ။ တိတ်ကြစမ်း၊ ပါးစပ်မပိတ်တဲ့လူကို ပြဿနာရှာမယ်၊ တင်ဝင်းကွ ဟင်းဟင်း ဟီးဟီး"

"ဟားဟား . . . ဟူးဟူး"

"အဟားဟား. . . အဟွတ်"

"တိတ်ကြ၊ အရူးတွေ"

ဒွာနာအုပ် တင်ဝင်းတစ်ယောက် ငှက်ကြီးနှင့် ဦးပွကို လက်လန်သွား၏။ သူက နည်းနည်း ရယ်ကျဲကျဲ လုပ်ပြလိုက်သည်နှင့် နှစ်ယောက်စလုံး ပါးစပ်ကြီးတွေ တဖြဲဖြဲ လုပ်လာသဖြင့် မနည်းဝေါက်ငမ်းလိုက်ရ၏။

အချုပ်သားအားလုံးလည်း သူတို့လုပ်ပုံကြည့်ပြီး အူကြောင်ကြောင်ဖြစ်နေကြ၏။ တင်ဝင်းသည် အချုပ်ခန်းရှေ့မှ ဆောင့်ကြီးအောင့်ကြီးနှင့်ထွက်လာခဲ့ပြီး ထိုင်ခုံပေါ် ဖြုန်းခနဲ ထိုင်ချလိုက်၏။

"ဂွတ်. . . ဝုန်း ဒိုင်း"

"အောင်မယ်လေး သေပါပြီဗျ"

"ဟင်- ဟားဟားဟား ဟီးဟီးဟီး ဟူးဟူးဟူး"

"ဟကောင် စိုးတင့် တိတ်စမ်း၊ ငါလဲကျတာ မထူဘဲ ဘာဖြစ်လို့ရယ်နေရသတုံးကွ။ ဆွဲထူစမ်း"

"ဟဲဟဲ ဆရာကျပုံက ဟို- မျောက်အိပ်ငိုက်ပြီး ပြုတ်ကျသလိုပဲ"

"ဘာကွ"

တင်ဝင်းတစ်ယောက် ကျိုးပဲ့သွားသော ထိုင်ခုံကြားမှ အတင်းလူးလဲထလိုက်၏။ တခွီးခွီး တဖွီးဖွီးနှင့် ရယ်မောနေသော ရဲသား စိုးတင့်မှာတင်ဝင်း၏ စကားကြောင့် ဇက်ကလေး ပုဝင်သွား၏။

"တောက်- ဒီနေ့ ပြဿဒါးနေ့ ထင်ပါရဲ့ကွာ၊ အချုပ်ထဲလည်း



www.burmeseclassic.com

www.burmeseclassic.com



ဘယ်ကအရှူးတွေ ရောက်လာသလဲ မသိဘူး။ တော်တော် ပြဿနာရှာတဲ့လူတွေပဲ၊ ဟကောင် စိုးတင့်"

"ခင်ဗျာ၊ အမိန့်ရှိပါ"

"မင်း ငါ့ကို လှောင်တာလား။ မင်းနော်၊ မင်းကို ငါ ကြည့်မရတော့ဘူးကွ။ ကိုယ့်ဆရာသမား ပြုတ်ကျတာ ရယ်ရသလားကွ"

"ဟို- ဟဲဟဲ ရယ်စရာကောင်းလို့ပါ ခင်ဗျ"

"တိတ်စမ်း၊ အလကားကောင်"

သူတို့ ဆရာတပည့်နှစ်ယောက် အချီအချ ပြောဆိုနေစဉ် ဦးပွ၏ ဇနီးသည် ဒေါ်မြနှစ် လိုက်လာ၏။ အသွင်က ထိပ်ထိပ်ပျာပျာအသွင်။ မှိုင်ရှုံ့မဲ့ ဖြစ်နေသော ဌာနာအုပ် တင်ဝင်းရှေ့ရောက်သည်နှင့် တအီးအီး ငိုချလိုက်၏။ရုတ်တရက်မို့ တင်ဝင်း ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်သွား၏။

"ဟာ- ဘာဖြစ်လို့ ငိုသတုံး၊ ဒါ စခန်းဗျ"

"ဟုတ်ပါတယ် ဆရာလေးရယ်၊ ဒီအချုပ်မှာ ကျွန်မယောက်ျား ကိုပွကို ချုပ်ထားတယ်ဆို"

"ဦးပွ၊ ဟာ- ဟုတ်တယ်"

"ဘာဖြစ်လို့ ချုပ်ရတာလဲ ဆရာလေးရယ်၊ သူက ခေါင်းသိပ် မကောင်းဘူး"

"ဗျာ"

"ဟုတ်ပါတယ် ဆရာလေးရယ်၊ တောဘက်ကို ခရီးထွက်ရင်း ကား တိုက်မိလို့ ခေါင်းနည်းနည်း ထိသွားတာပါ"

"ဩော်- ဒီလိုလား"

ဒေါ်မြနှစ်ထံမှ ကြားလိုက်ရသော စကားကြောင့် ဌာနာအုပ် တင်ဝင်း ဦးပွ၏ဖြစ်စဉ်ကို သဘောပေါက်သွား၏။ ဒေါ်မြနှစ်သည် မျက်ရည်လေး တစမ်းစမ်းနှင့် ပြောလိုက်၏။

"ဟို- သူ အခု ဘယ်မှာလဲဟင်"

"အချုပ်ခန်းထဲမှာလေ၊ လောလောဆယ်တော့ လွှတ်ပေးလို့ မဖြစ်ဘူးဗျ။ ဘာဖြစ်လို့လဲဆိုတော့ တောင်တွင်းက ဆရာတော်ကြီး



www.burmeseclassic.com

www.burmeseclassic.com



တစ်ပါးက ကျောင်းပိုင်စာချုပ်ပေမူ ပျောက်သွားလို့ တိုင်ချက် ဖွင့်ထားတယ်ဗျ။ အဲဒါ စာချုပ်ပေမူက ဦးပွလက်ထဲ ရောက်နေ တော့ လောလောဆယ် ချုပ်ထားရမှာပဲ အစ်မကြီး"

"ဒုက္ခပါပဲတော်၊ သင်းပြောတော့ မင်းတုန်းမင်းရဲ့ပေမူဆို။ ပြီးတော့ သူ့ကို လူခပ်နုပ်နုပ်သုံးယောက် လာပြီးရောင်းသွားတာတဲ့ကွယ့်"

"ဒီအတွက် ဘာမှမပူပါနဲ့၊ ကျွန်တော် အသေအချာ စုံစမ်းပါ့မယ်"

"အစ်မကြီး ခဏလောက် တွေ့ပါရစေ ဆရာလေးရယ်"

"ရပါတယ် ခင်ဗျာ၊ တွေ့ပါ။ ဟော့ကောင် စိုးတင့် ဒီအစ်မကြီးကို လိုက်ပြလိုက်"

"ဟုတ်ကဲ့"

စိုးတင့်သည် ဒေါ်မြနှစ်ကို အချုပ်ခန်းဆီသို့ ခေါ်လာခဲ့၏။ အခန်း ထဲ ငေါင်စင်းစင်းကြီး ထိုင်နေသော ဦးပွသည် ဇနီးသည်ကို တွေ့သည်နှင့် တပြုပြု ငိုလေတော့၏။

"မြ မြကလေးရေ၊ မောင်ကြီးကို ကယ်ပါဦး မြကလေးရယ်၊ မင်းမှ မကယ်ရင် ကိုပွတော့ နဂိုဘဝ ပျက်ရချည်ရဲ့ကွယ် အီးအီး"

"အောင်မယ်လေး ကိုပွရယ်၊ ရှင့်အဖြစ်က ဆိုးလှချည်လား။ ကျွန်မ ပြောခဲ့တယ် မဟုတ်လား၊ ကြောင်တွေလှောင်ထား ခွေးတွေ လှောင်ထား မလုပ်ပါနဲ့၊ ဝင့်လည်တတ်တယ်ပြောတာ ရှင်ကြီးက မယုံဘူးလေ။ ခု ယုံပြီ မဟုတ်လား"

"ယုံပါပြီ မြကလေးရယ်၊ ဘဝပေးအဖြစ်တွေးရင်း ဝင့်ကြွေးပေါ့ ကွယ်။ ကိုပွ လွတ်ရေးမှ ရှိသေးရဲ့လား"

"ဟာ- ငိုတာတောင် ကဗျာနဘောနဲ့ ရွတ်သဟ။ ဟီးဟီး စောစော က အဒေါ် ယောကျ်ား တဟားဟားနဲ့ အော်ရယ်နေတာဗျ"

"ဟကောင် ငှက်ကြီး၊ တိတ်စမ်း"

"ခင်ဗျားကြီး ပြောင်မလိမ်နဲ့ဗျ၊ မိန်းမရှေ့ရောက်မှ လွတ်ချင်တဲ့ လူကြီး"

"ဘာကွ- ဟော့ကောင် ငှက်ကြီး၊ ငါ့မိန်းမ ငါချွဲတာ မင်းအမေကို ချွဲတာ မဟုတ်ဘူးကွ"



www.burmeseclassic.com

ww.burmeseclassic.com



"ဘာဗျ"

"ဟဲ့ဟဲ့ တော်ကြပါတော့၊ ပြောပါဦးကွယ်"

ငှက်ကြီးက ထင်ရာမြင်ရာ စွတ်ပြောလိုက်၏။ ဦးပွတစ်ယောက် ငှက်ကြီးကို မျက်ထောင့်နီကြီးနှင့် ကြည့်ရင်း လေသံပြဲပြဲကြီးနှင့် ဟောင်ဖွာ ဟောင်ဖွာ အော်ဟစ်လေ၏။ ငှက်ကြီးကလည်း ဆတ်ဆတ်ထိမခံ။ အော်ကြီးဟစ်ကြီးနှင့် အချုပ်ခန်းရှေ့ရပ်နေသော ဒေါ်မြနှစ်တစ်ယောက် ငိုလျက် တန်းလန်းက အနီးရှိ ရဲသားစိုးတင့်ကို အကူအညီတောင်းလိုက်ရ၏။

စိုးတင့်သည် ဦးပွနှင့် ငှက်ကြီးတို့နှစ်ဦးကို မျက်လုံးကြီး ပြူးပြရင်း တိန်းဟောက်လိုက်၏။

"ဟေ့လူတွေ၊ ဘယ်လိုဖြစ်နေသတုံး"

"သူ. . . သူ ကျုပ်ကို ပြဿနာရှာတာ"

"ဟာ- ခင်ဗျားကြီးက ကိုယ့်မိန်းမကိုယ် လိမ်တာကိုး"

"ဘာကွ"

"တိတ်ကြစမ်း၊ ခင်ဗျားတို့ ဘယ်လိုဖြစ်နေကြသလဲ။ ဒါ အချုပ်ခန်းဗျ၊ ဒီလောက် ရန်ဖြစ်ချင်ရင် အပြင်ကျမှဖြစ်ကြ။ တိတ်ချင်တိတ်၊ မတိတ်လို့ကတော့ ကျုပ် ဝင်လာမှာနော်။ ဒုစရိုက်လောကမှာ စိုးတင့်ဆို ကျားထက်တောင် ကြောက်ကြတာဗျ"

စိုးတင့်ကပါ ဝင်ပြီးပြဿနာရှာနေသည်မို့ အချုပ်ခန်းတစ်ခုလုံး ပြောင်းဆန်နေရာ တင်ဝင်း အပြေးအလွှား ရောက်လာ၏။ စိုးတင့်အသွင်ဆာ ဦးပွကို အစိမ်းလိုက် ဝါးစားတော့မည့် အသွင်။ တင်ဝင်း မနည်းဆန့်တားလိုက်ရ၏။

"ကိုင်း- တော်ကြစမ်း၊ အစ်မကြီး ခင်ဗျားယောကျ်ားကို တွေ့ပြီးပြီမဟုတ်လား၊ ပြန်ပေတော့။ အာမခံကိစ္စ မနက်ဖြန်လာခဲ့"

"အလိုတော်၊ ငါတို့လင်မယား အလွမ်းတောင် မသယ်ရသေးပါဘူးကွယ်"

"ဟုတ်တယ်၊ ဟိုငတေ ဝင်ရှုပ်တာ။ ကျုပ်တို့လင်မယားက တစ်နေ့လေးတောင် ခွဲဖူးတာ မဟုတ်ဘူး။ ခုတော့ မြွကလေး၊ ပေါင့်အသက်ဘူးလေးရေ၊ ကိုပွတော့ မချိမြန်နိုင်တော့ဘူးကွယ်"



www.burmeseclassic.com

www.burmeseclassic.com



"ချိုချင်ရင် သကြားများများစား၊ ပျားရည်များများသောက်"

"ဟကောင် တိတ်စမ်း"

ငှက်ကြီးက မမှတ်သေး။ ထင်ရာမြင်ရာ စွတ်ပြောနေသဖြင့် တင်ဝင်း လှမ်းဟန့်လိုက်ရ၏။ ဦးပွတစ်ယောက် ငှက်ကြီးကို မျက်စောင်းကြီး တထိုးထိုး လုပ်ရင်း ငိုရမလို ရယ်ရမလို ဖြစ်နေ၏။

ထိုစဉ် တင်ဝင်း၏စကားကြောင့် ဒေါ်မြနှစ်တစ်ယောက် ငိုမဲ့ငိုမဲ့နှင့် အချုပ်ခန်းရှေ့မှ ထွက်သွားလေ၏။ ဦးပွခမျာ သံတိုင်ကြားမှ လက်ကလေးထုတ်ရင်း ဇနီးသည်ကို အတင်း လက်ယပ်ခေါ်နေ၏။

"သွားတော့မလား မြကလေးရယ်၊ ကိုပွကို ထားခဲ့ပြီလားကွယ်။ မြကလေး အီးအီး. . ."

"ဟာ- ငိုပြန်ပြီလား၊ ငိုလိုက်ရယ်လိုက် အော်လိုက်ဟစ်လိုက်နဲ့ ငါတော့ ရူးချင်ပြီကွာ။ တိတ်ပါတော့ ဦးပွရယ်"

"အီး- ကျုပ်က မြကလေးနဲ့ တစ်ညကလေးတောင် ခွဲအိပ်ဖူးတာ မဟုတ်ဘူး"

"ဗျာ- ခွဲအိပ်တော့ ဘာဖြစ်သတုံးဗျ"

ဦးပွ၏ စကားကြောင့် တင်ဝင်းက ပြန်မေးခွန်းထုတ်လိုက်၏။ ထိုစဉ် တအီအီ ငိုနေသော ဦးပွတစ်ယောက် ငိုသံတိတ်သွား၏။

"ကျုပ်က အသက်ကြီးလေ အချစ်ကြီးလေဗျ။ ခွဲအိပ်ရင် အသည်းအဆိပ်တက်တာပေါ့။ အသက်ကြီးလာလေလေ အချစ်ဟာ လိုအပ်လေလေကွ"

"တော်ပါတော့ဗျာ၊ ကိုင်း- တိတ်တိတ်နေကြပါဗျာ"

တင်ဝင်းသည် ဦးပွတို့လူစုကို တောင်းပန်ပြီး စိုးတင့်နှင့်အတူ ထွက်လာ၏။ စိုးတင့်မှာလည်း ငူငူကြီး ဖြစ်နေ၏။ ဦးပွနှင့်သူ ဘယ်လိုကြောင့် ပြဿနာတွေ ဖြစ်ခဲ့ရသည်ကိုပင် သူ့ကိုယ်သူ ဝေခွဲမရ။ ထိုစဉ် တင်ဝင်း၏ စကားသံ ပေါ်လာ၏။

"ဟကောင် စိုးတင့်"

"ခင်ဗျာ ဆရာ"

"ကိုင်း- ဆရာကြီး သံချောင်းတို့လူစုရှိလား"



www.burmeseclassic.com

www.burmeseclassic.com



"ရှိပါတယ် ဆရာ"

"ဒါဆို သူတို့ကို ထားခဲ့ပြီး မင်းနဲ့ငါ တရားခံသွားဖမ်းမယ်"

"ဗျာ- တရားခံ၊ ဘယ်ကလဲ ဆရာ"

"လာစမ်းပါကွာ၊ ဦးပွ ပြောစကားအရ ဟောဒီ ဘုန်းကြီးကျောင်း ပေမူစာချုပ်ကို လာရောင်းတာ တာတေကြီးတို့လူစုတဲ့ကွ"

"မြင်းလှည်းဂိတ်က ဂိတ်မှူးလား ဆရာ"

"ဟုတ်တယ်၊ မြန်မြန်လာကွ"

သူတို့နှစ်ယောက် လူဆိုးထိန်း သံချောင်းတို့ကို စခန်းတွင်ထားခဲ့ တာ တာတေကြီးတို့ မြင်းလှည်းဂိတ်ဆီသို့ ထွက်ခဲ့၏။ ထိုအချိန်တွင် တာ တေကြီးတို့လူစုမှာလည်း ပြဿနာ အကြီးအကျယ် ဖြစ်နေကြ၏။ ဦးပွပေး လိုက်သည့် အိမ်ဂရန်စာချုပ်သည်လွန်ခဲ့သော အနှစ်ခြောက်ဆယ်ခန့်က စာချုပ်အဟောင်းကြီးဖြစ်ပြီး အိမ်မှာလည်း ဦးပွတို့အိမ် မဟုတ်ပါချေ။

ထို့ကြောင့်လည်း အပေါင်ခံသူက မှုန်ဝါးဝါး စာချုပ်ကြီးကိုကြည့် တာ ခေါင်းခါထုတ်လိုက်သဖြင့် သူတို့လူစု မြင်းလှည်းဂိတ်တွင် ပွစိပွစိ ဖြစ်နေကြလေ၏။ ဖျောက်ဆိပ်သည် တာတေကြီးကို မကျေမချမ်း ပြော ဆိုနေ၏။

"ဘယ်လိုတုံးဗျ၊ ခင်ဗျားအဘိုးကြီးက ကျုပ်တို့ကို နှပ်ချလိုက်တာ လား ပြောပါဦး"

"ဟာ- ဖျောက်ဆိပ်ကလည်း မဟုတ်တာဘဲကွာ၊ ဦးလေးပွက ဒီလိုလူမျိုး မဟုတ်ဘူးကွ။ သူက ရှေးဟောင်းပစ္စည်းဆို တအား မက်မောတဲ့လူ။ ခုဥစ္စာ ငါတို့ကို မှားပြီး ပေးလိုက်တာ ဖြစ်မယ်"

"ခင်ဗျားက အသေအချာ ကြည့်ရမှာပေါ့"

"မင်းတို့လည်း ပါသားပဲကွာ။ အသက်ကြီးလာတော့ မျက်စိတွေ နားတွေက သိပ်မကောင်းချင်တော့ဘူးလေ၊ ကိုင်း- ငါတို့ ဦး လေးပွဆီ တစ်ခေါက် ပြန်သွားကြတာပေါ့"

"ကောင်းတယ်၊ လုပ်ရင်လည်း ရှင်းရှင်းပြတ်ပြတ်လုပ်တာ အ ကောင်းဆုံးပဲ။ သွားကြမယ်ဗျာ"

သူတို့လူစု ပြောဆိုနေကြစဉ် ဌာနာအုပ်တင်ဝင်းနှင့် ရဲသားဖိုးတင့်



www.burmeseclassic.com

www.burmeseclassic.com



တို့ ရောက်ရှိလာလေ၏။ ဌာနာအုပ်တင်ဝင်းကို မြင်လိုက်သည်နှင့် မျက်လုံး မျက်ဆန်ပြူးသွားသူက တာတေကြီး။

"ဟာ- ဆရာတင်ဝင်း၊ ဘာကိစ္စတုံး။ ဘယ်လိုက်ပို့ပေးရမလဲ ပြောပါ"

"ဟော့လူ ကိုတာတေကြီး၊ ခင်ဗျားတို့ အူတိအူကြောင် မလုပ်နဲ့။ သတင်းရထားပြီးသားဗျ။ ခု ကျုပ်တို့ ဒီကိုလာတာ ဘာကိစ္စနဲ့ လာတယ် ဆိုတာ မသိဘူးလား"

"ဟင်- ဟဲဟဲ လက်ဖက်ရည် လာတိုက်တာထင်တယ်"

"တိတ်စမ်း၊ ဟော့ကောင် စိုးတင့်"

"ဗျာ၊ ဆရာ"

"အဲဒီလူကို လက်ထိတ်ခတ်လိုက်ကွာ"

"ခင်ဗျာ၊ ဆရာတင်ဝင်း မှားနေပြီ။ ကျွန်တော်လို သူတော်ကောင်း ကို ပြစ်မှားရင် ဆရာတော့ ကံကြီးထိုက်တော့မယ်"

"ဘာကွ၊ မင်း မဟုတ်တာတွေ မပြောနဲ့တာတေကြီး။ မင်း ဦးပွကို ရွှေဟောင်းပစ္စည်းဆိုပြီး လိမ်လည်သွားတဲ့ကိစ္စကွ"

"ဗျာ- ဦးပွ၊ ရွှေဟောင်းပစ္စည်း။ ဟာ- ဒါဆို သူတို့သုံးယောက်၊ ဟုတ်တယ် သူတို့လည်း ပါတယ်ဗျ"

"ဟင်"

"ဟုတ်တယ်၊ ဟိုဒင်း ပေမှုကြီး ယူလာတာ ဖျောက်ဆိပ်ဗျ"

"ငါ မဟုတ်ပါဘူး၊ ငါ့ယောက်ဖကွ"

"ဟ- ရှုပ်ထွေးနေပါလား၊ ကိုင်း- မင်းတို့သုံးယောက်စလုံး စခန်း လိုက်ခဲ့ကြစမ်း"

"ဗျာ၊ ကျွန်တော် မပါဘူးဗျ"

ဂျာအေးက ပြူးပြူးပြဲပြဲနှင့် ငြင်းဆန်ကာ နောက်တဆုတ်ဆုတ် လုပ်နေ၏။ ဖျောက်ဆိပ်ကလည်း ဂျာအေးနည်းတူ နောက်တဆုတ်ဆုတ် ရဲသား စိုးတင့်က သူတို့ဆီ ကပ်လာ၏။ ထိုအချိန် ဂျာအေးသည် နီးရာ မြင်းလှည်းပေါ် လွှားခနဲ ခုန်တက်လိုက်၏။ ဂျာအေးတက်သော့ ဖျောက် ဆိပ်ရော တာတေကြီးပါ လှည်းပေါ် ဒရောသောပါး ခုန်တက်လိုက်ကြ၏။



www.burmeseclassic.com

ww.burmeseclassic.com



"ဘာလုပ်ကြတာလဲကွ"

"မောင်း. . . မောင်းဟို့"

လှည်းပေါ်တွင် အိပ်ငိုက်နေသူက ဖဲသမား စိန်ကျော်။ ဖဲဝိုင်းတွင် တစ်ညလုံး မိုးလင်းခဲ့သည်မို့ လှည်းပေါ်ထိုင်ပြီး ငိုက်မျဉ်းနေခြင်း ဖြစ်၏။ ထိုအချိန် လှည်းပေါ် တလွှားလွှား ခုန်တက်လာသော ဂျာအေးတို့လူစု ကြောင့် ပုဆိုးခြုံကွေးနေရာမှ အတင်း လူးလဲထလိုက်၏။

ဂျာအေးသည် မြင်းဇက်ကြိုးကို ခပ်ပြင်းပြင်းလှုပ်ကာ မြင်းရိုက်ကြိမ်နှင့် မြင်းညိုကြီး၏ တင်ပါးကို ရိုက်ပစ်လိုက်၏။ မြင်းကြီးသည် တဟီး ဟီးအော်ရင်း မြင်းလှည်းဂိတ်မှ တစ်ဟုန်ထိုး ပြေးလေတော့၏။ သူတို့လူ စု လှည်းထဲတွင် ဝရုန်းသုန်းကား ဖြစ်နေ၏။ ထိုအချိန်တွင် ဌာနာအုပ် တင်ဝင်းနှင့် ရဲသား စိုးတင့်တို့မှာ ကြောင်စီစီနှင့် ရပ်လျက်သား ကျန်ရစ်ခဲ့ ၏။

"ဟာ- ပြေးပြီ ပြေးပြီ ဆရာ"

"လိုက်စမ်း၊ လိုက်စမ်း"

စိုးတင့် အော်သံကြောင့် တင်ဝင်း သတိဝင်လာ၏။ နှစ်ယောက် သား နီးရာမြင်းလှည်းပေါ်သို့ အလျင်အမြန် တက်လိုက်ကြ၏။ သူတို့ တက်လိုက်သည့် မြင်းလှည်းက သာအေး၏ မြင်းလှည်း။

သာအေးက ခပ်ထူထူ။ လှည်းပေါ် အရပ်ဝတ် အရပ်စားနှင့် တလွှားလွှား ခုန်တက်လာသော တင်ဝင်းနှင့် စိုးတင့်တို့ကို ကြည့်ပြီး ကြောင်စီစီ ဖြစ်နေ၏။

ထိုစဉ် တင်ဝင်းက လေသံပြပြကြီးနှင့် လှမ်းအော်လိုက်၏။

"မောင်း၊ မောင်းလေကွာ"

"ဟာ- ခင်ဗျားတို့က ဘယ်သူတွေတုံး၊ လူဆိုးတွေလား"

"ဘာကွ၊ တော်တော် လျှာရှည်တဲ့ကောင်၊ ဖယ်စမ်းကွာ"

"ဟာ"

"ဟိုက်- ဆရာတော့ လုပ်ပြီဟေ့"

စိုးတင့် မျက်လုံးပြူးသွား၏။ ကြောင်စီစီ မေးမြန်းနေသော သာ အေးကို လှည်းပေါ်မှ ကန်ချကာ ဇက်ကြိုးတောင် မကိုင်တော့ဘဲ မြင်း



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ပေါ် လွှားခနဲ ခုန်ကူးလိုက်၏။

သာအေး၏ မြင်းဖြူကြီးက သူ့ကိုယ်ပေါ် ခုန်တက်လာသည့် တင်ဝင်း၏ လုပ်ရပ်ကြောင့် ကြောက်အားလန့်အားနှင့် ပတတ်ရပ်လိုက်ပြီး ဟီလိုက်၏။

"အီး. . . ဟီး. . . ဟီး"

"ဟာ- မြင်းလှည်းကြီး ထောင်နေပြီဗျ"

"ဟိုက်"

လှည်းကြီးက ဇောက်ထိုးမိုးမျှော် ဖြစ်သွား၏။ စိုးတင့်မှာ မြင်းလှည်းပေါ်မှ ပြုတ်မကျအောင် မြင်းလှည်းအမိုးကို မရမက ခိုထားရ၏။ ပါးစပ်ကလည်း ကယ်ပါယူပါနှင့် အော်ဟစ်နေ၏။ ထိုစဉ် တင်ဝင်းသည် ဇက်ကြိုးကို မရမက ပြန်ထိန်း၍ မြင်းကြီးကို အချိုသတ်လိုက်၏။

ထိုအခါ ဦးမော့နေသော မြင်းလှည်းကြီး ဝုန်းခနဲ ပြန်ကျလာ၏။

"ဆရာ ကယ်. . . ကယ်ပါ"

"ဟာ- အရေးထဲ မြဲမြဲကိုင်ထားကွ၊ ဟိုကောင်တွေ လွတ်သွားလို့ မဖြစ်ဘူး။ ဟေးဟေး. . ."

"ရွှမ်း"

"ဟီး. . . ဟီး. . . ဟီး"

တင်ဝင်းသည် ကြာပွတ်နှင့် မြင်းကြီး၏ တင်ပါးကို သုံးလေးချက် ရိုက်ပစ်လိုက်ရာ လေးညှိုမှ လွှတ်လိုက်သည့် မြားတစ်စင်းအလား လှစ်ခနဲ လှစ်ခနဲ ပြေးလေတော့၏။ ရှေ့မှ ဒရောသောပါး မောင်းနှင်နေသော ဂျာအေးတို့လှည်းကလည်း ကားလမ်းပေါ်တွင် တရိပ်ရိပ် ပြေးလွှားနေ၏။

ထိုစဉ် လမ်းပေါ်တွင် ဥဒဟိုသွားလာနေကြသော ကားကြီးကားငယ် အသွယ်သွယ်နှင့် မြင်းလှည်းတွေလည်း ရှုပ်ယှက်ခတ်ကုန်၏။ ဥဒဟိုသွားလာနေကြသော လူတွေမှာလည်း ဖရိုဖရဲ ပြေးလွှားနေကြ၏။

အော်ကြဟစ်ကြနှင့် ဆူညံနေ၏။ လမ်းဘေး ဈေးရောင်းနေကြသော ဈေးသည်တွေမှာလည်း ဆိုင်တွေ အလျင်အမြန် ပိတ်လိုက်ကုန်၏။ ဖြောင်းဆန်အောင် ပွက်လောထနေသော အခြေအနေကြားထဲ ကြောင့် ယခုလို ဖြစ်မှန်းပင် ဂယနဏ မသိကြ။ ပြေးပြေး ဆို၍သာ ပြေးကြရ၏။



www.burmeseclassic.com

www.burmeseclassic.com



အားလုံး ကသောင်းကနင်း။

ထိုအချိန် ဂျာအေးတို့ မောင်းနှင်လာသည့် လှည်းသည် မြသလွန်ဘက်သို့ ရောက်လာ၏။

တစ်လမ်းလုံးလည်း အုတ်အော်သောင်းတင်း။ လှည်းတစ်စီးနှင့်တစ်စီးကလည်း သိပ်မကွာလှ။ ဝါးသုံးလေးရိုက်သာသာပင် ရှိ၏။ တင်ဝင်း၏ အော်သံကြီးကလည်း တပြုံပြုံ။ စိုးတင့်ခမျာ လှည်းထဲ ဆီးဖြူသီးလိမ့်သလို အလူးလူး အလဲလဲ ဖြစ်နေ၏။

ဂျာအေးသည် မြသလွန်ဘုရား ခြေတော်ရင်းသို့ ရောက်သည်နှင့် မြင်းလှည်းကို အလျင်အမြန် ထိုးရပ်လိုက်၏။

"ဆင်းဆင်း၊ မြန်မြန်ဆင်း"

"အေးပါဟ"

ဖျောက်ဆိပ်နှင့် တာတေကြီးတို့နှစ်ယောက် လှည်းပေါ်မှ အလျင်အမြန် ဆင်းခဲ့ကြကာ ဘုရားစောင်းတန်းအတွင်း ကွေ့ပတ်ပြီး ဒရောသောပါး အပြေးတက်ခဲ့ကြ၏။ တင်ဝင်းတို့နှစ်ဦးကလည်း ဂျာအေးတို့ နည်းတူ စောင်းတန်းပေါ် အပြေးတက်လိုက်လာကြ၏။

သူတို့အားလုံး မောဟိုက်နေကြ၏။ ချွေးတလုံးလုံး ဖြစ်နေကြ၏။ ဘုရားရင်ပြင်တော်ပေါ်ရောက်တော့ ဂျာအေးတို့လူစုမှာ စေတီကြီး၏ အနောက်ဘက်တွင် ပုန်းအောင်းနေကြ၏။ ထိုအချိန် တင်ဝင်းနှင့် စိုးတင့်တို့နှစ်ဦး ရင်ပြင်တော်ပေါ် ရောက်လာ၏။

"ဘယ်ရောက်သွားပြီလဲကွ"

"ပတ်ရှာကြည့်မယ်ဗျာ"

"ရှာကွာ၊ တော်တော် ဒုက္ခပေးတဲ့ကောင်တွေ"

နှစ်ယောက်သား ရင်ပြင်တော်ပေါ် ပတ်ရှာလိုက်၏။ ဂျာအေးတို့သုံးဦးကလည်း တင်ဝင်းတို့ကို မြင်သည်နှင့် ပတ်ပြီး ပြေးလေ၏။ သူတို့လူစု စေတီကြီးကို ပတ်ချာလည် ပြေးလွှားနေရာမှ နောက်ဆုံး အင်္ဂါထောင့်တွင် မျက်နှာချင်းဆိုင် တိုးမိကြလေ၏။

တင်ဝင်းနှင့် စိုးတင့်တို့နှစ်ဦးက ဂျာအေးနှင့် တာတေကြီး၏ ပုဆိုးစကို ဆွဲထား၏။



www.burmeseclassic.com

www.burmeseclassic.com



"မပြေးနဲ့၊ ပြေးတာနဲ့ အပစ်ပဲနော်"

"ဗျာ၊ ဟို. . . ဟို"

"တိတ်စမ်း၊ ဟိုလူ မပြေးနဲ့နော်။ ပြေးလို့ မလွတ်ဘူးဆိုတာ သိရဲ့လား"

"ခင်ဗျာ၊ ကျွန်တော်တို့ လူရိုးလူကောင်းတွေပါ ခင်ဗျာ"

"တော်စမ်း၊ မင်းတို့သုံးယောက်စလုံး မလှုပ်နဲ့။ စိုးတင့် လက်ထိတ်မြန်မြန်ခတ်လိုက်"

"ဟုတ်ကဲ့ ဆရာ၊ ဟို- လက်ထိတ်က တစ်ခုတည်းရှိတော့ ဘယ်လိုခတ်ရမလဲ ဆရာ"

"ဟာ- ပြဿနာပဲကွာ၊ ကိုင်း- ဟိုလူ ခင်ဗျားဆီမှာ အတွင်းခံဘောင်းဘီပါလား"

"ဗျာ- ဘာလုပ်ကြမလို့လဲ ခင်ဗျာ၊ ဘုရားပေါ်မှာ ဟီရိုသြတ္တပ"

"တိတ်စမ်း၊ ပါသလား မပါဘူးလားပြော"

"ပါပါတယ် ခင်ဗျာ"

ဖျောက်ဆိပ်တစ်ယောက် တင်ဝင်းကို မျက်လုံးအပြူးသားနှင့်ကြည့်ရင်း ပုဆိုးချွတ်ပေးလိုက်ရ၏။ တင်ဝင်းသည် သုံးယောက်စလုံး၏လက်ကို ပုဆိုးနှင့် ချည်နှောင်လိုက်ပြီး ဘုရားပေါ်မှ ခေါ်ချလာခဲ့၏။ ဖျောက်ဆိပ်မှာ ဘောင်းဘီတိုကလေးနှင့်မို့ ဘေးဘီကို မကြည့်ရဲ။

ဘုရားဖူးရောက်လာကြသူများမှာ ဂျာအေးတို့လူစုကို ကြည့်ပြီး သူခိုးတွေ၊ ဓားပြတွေ ထင်နေကြ၏။ သုံးယောက်စလုံး ခေါင်းတောင်မဖော်ရဲကြ။ နောက်ဆုံး သူတို့ စီးနင်းလာသော လှည်းနှင့်အတူ စခန်းသို့ပြန်လည် ရောက်ရှိလာ၏။

"ဟာ- ဟို. . . ဟိုမှာ၊ အဲဒါ ကျွန်တော့်လှည်းကို ခိုးပြေးသွားကြတာဗျ။ ဆရာကြီး ဖမ်းပါ၊ အမြန် ဆီးဖမ်းလိုက်ပါ"

"ဘာကွ"

လူဆိုးထိန်း သံချောင်းသည် မြင်းလှည်း အခိုးခံရမှုနှင့် စခန်းထဲလာရောက် တိုင်ကြားနေသော သာအေးကို စစ်ဆေးမေးမြန်းနေ၏။ ထိုစဉ် စခန်းရှေ့သို့ တင်ဝင်းတို့လူစု လှည်းနှစ်စီးနှင့် ရောက်လာပြီး လှည်းပေါ်မှ



www.burmeseclassic.com

www.burmeseclassic.com



ဆင်းလာ၏။

သူတို့ကို မြင်သည်နှင့် သာအေးက ခုန်ဆွခုန်ဆွနှင့် အော်ဟစ်နေ၏။ သံချောင်းသည် သာအေးညွှန်ပြသော လူတွေကိုကြည့်ပြီး အော်ကြီးတစ်ကျယ် ပြောလိုက်၏။

"ဟာ- အဲဒါ ငါတို့ ဌာနာအုပ်ကွ၊ ဘယ့်နှယ် လှည်းသူခိုးရမှာလဲကွ"

"ဗျာ၊ ဌာနာအုပ်"

"ဟုတ်တယ်"

သာအေးတစ်ယောက် တင်ဝင်းတို့လူစုကို ကြောင်စီစီနှင့် လှမ်းကြည့်နေ၏။ ထိုစဉ် ပုဆိုးနှင့် ပူး၍ ချည်နှောင်ထားသော ဂျာအေးတို့လူစုကို မြင်ရသောအခါ သာအေး အံ့သြသွား၏။ ဂိတ်မှူး တာတေကြီးကိုယ်တိုင် အချုပ်အနှောင် ခံထားရသည်မို့ အံ့သြလို့ကို မဆုံးတော့။

"ဟာ- ဘယ်လိုဖြစ်ကုန်ပြီတုံးဗျာ"

"သာအေး"

"ဆရာဖျောက် ဘယ်လိုလဲဗျ၊ သုံးယောက်စလုံး အဖမ်းခံရပါလား။ ပြီးတော့ ဆရာဖျောက်မှာ ပုဆိုးလည်း မပါဘူး"

"မေးမနေပါနဲ့တော့ကွာ၊ ငါ့မိန်းမဆီ ပြေးပြီး ပြောပေတော့ဟေ့"

"ဟင်- ဟုတ်ကဲ့"

သာအေးတစ်ယောက် စခန်းထဲမှ အလျှင်အမြန် ထွက်ကာ မြင်းလှည်းပေါ် တက်လိုက်ပြီး ဖျောက်ဆိပ်တို့အိမ်သို့ အလျှင်အမြန် ထွက်ခဲ့၏။

"မမပု၊ မမပု"

"ဟေ- ဘယ်သူတုံးဟဲ့"

"ကျုပ် သာအေးပါဗျ"

"ဟဲ့- ဘာတုံး၊ ထိတ်လန့်တကြား"

သာအေးအသံကြောင့် အပုလေး ကလေးခါးထစ်ခွင်ကာ ထွက်လာ၏။ သူ့နောက်မှ ချစ်စိန် ပါလာ၏။ သာအေးသည် သူတို့နှစ်ဦးကို အထိတ်တလန့် ကြည့်ရင်း ပြောလိုက်၏။

"ဟို. . . ဟို ဆရာဖျောက်ဆိပ်တို့လူစုကို စခန်းက ဖမ်းသွားပြီဗျ"



www.burmeseclassic.com

www.burmeseclassic.com



ပြီးတော့ ဆရာဖျောက်ဆိပ်မှာ ပုဆိုးတောင် မပါဘူးဗျ"

"ဟယ်တော်- ဘယ်လိုဖြစ်ကုန်ပြီတုံး။ ကေနဲ့ ကြက်ဝိုင်းဘက်သွားလို့ ထင်တယ်။ ဖမ်းခံရတာတောင် နည်းသေးတယ်။ အိမ်က မယားကျတော့ ပေးရမှာ ကပ်နေတယ်၊ ယောက်ဖလာတာတောင် မကျေမချမ်း ဖြစ်နေတဲ့ဟာကြီး"

"ဟာ- မမပုကလည်း မလုပ်ပါနဲ့ဗျာ၊ ဆရာဖျောက်ခမျာ ငိုမဲ့မဲ့နဲ့ဗျ။ သူ့ကို ကယ်ပါဦးလို့တောင် ပြောလိုက်သဗျာ။ ဖမ်းတဲ့ကိစ္စက ကြက်ဝိုင်းကိစ္စတော့ မဖြစ်နိုင်ဘူးဗျ။ ဘာကြောင့်လဲဆိုတော့ ကြက်သမား မြဖေတို့လူစု ပြည်ဘက်ဆင်းသွားကြပြီဗျ၊ ဘယ်နည်းနဲ့မှ ဝိုင်းလုပ်ဖြစ်မှာ မဟုတ်ဘူး။ လိုက်သွားပါဦးဗျာ"

အပုလေးမှာ လင်တော်မောင်သတင်း ကြားရသောအခါ မကျေမချမ်း ဖြစ်နေ၏။ သူ့စိတ်အထင်က ကြက်ဝိုင်းထဲရောက်၍ ဖမ်းခံရပြီပဲ ထင်၏။ သာအေးစကားကြောင့် တစ်မျိုးတစ်မည် ဖြစ်သွားခဲ့၏။ ချစ်စိန်သည် သာအေးထံမှ သတင်းကြားလိုက်သည်နှင့် မျက်စိပျက် မျက်နှာပျက် ဖြစ်နေ၏။

"မောင်လေး၊ လုပ်ဦးပါကွယ်။ စခန်းကို လိုက်သွားစမ်းပါ၊ မင်းယောက်ဖ ကိုကိုဖျောက်က သူတော်ကောင်းကြီးပါကွယ်။ လိုက်သွားစမ်းပါ မောင်လေးရယ်"

"ဟာ- အစ်မကလည်း ကျုပ်က ဒီအရပ်ကမှ မဟုတ်တာဗျ"

"ဒုက္ခပါပဲကွယ်၊ ကိုင်း- ဒါဆို မင်းတူလေး ကြည့်ထား၊ ငါ အရပ်လူကြီးခေါ်ပြီး လိုက်သွားမယ်"

"ဟုတ်ကဲ့"

အပုလေးတစ်ယောက် ပျာယာခတ်နေ၏။ ဂျာဖျောက်ကို ချစ်စိန်ထံ ပေးခဲ့ပြီး အရပ်လူကြီးအိမ် ပြေးရ၏။ အရပ်လူကြီး ဆရာကြိုင်က လူပုစိတ်တို၊အရပ်က လေးပေသာသာရှိပြီး စကားပြောလျှင်လည်း မှာဆတ်ဆတ်။ ဖျောက်ဆိပ်တို့လူစုနှင့်လည်း မျက်နှာကြောမတည့်လှ။

ဖျောက်ဆိပ်တို့ပြဿနာ ဖြေရှင်းရသည်မှာလည်း အကြိမ်ကြိမ် အခါခါ ရှိနေပြီ ဖြစ်၏။ ယခုလည်း အပုလေးကိုမြင်သည်နှင့်မျက်ထောင့်



www.burmeseclassic.com

ww.burmeseclassic.com



ကြီးနှင့် လှမ်းကြည့်လိုက်၏။

"ဟဲ့- ဘာလာလုပ်ပြန်ပြီတုံး၊ ကေန္တ နင့်ယောကျ်ား ပြဿနာတက်ပြန်ပြီထင်တယ်"

"ရှင်- ဟုတ်ပါတယ် အရပ်လူကြီးရယ်၊ သူတို့ကို စခန်းက ဖမ်းထားလို့တဲ့။ ကျုပ်ယောကျ်ားက သူတော်ကောင်းကြီးပါတော်"

"ဟေ- သူတော်ကောင်း ဟုတ်လား၊ ကြည့်လည်း ပြောစမ်းပါဟာ။ နင့်ယောကျ်ားက အရက်သောက်၊ ကြက်တိုက် ထင်ရာတွေလုပ်နေတာ ဘယ်လိုလုပ် သူတော်ကောင်း ဖြစ်နိုင်မှာလဲဟ"

"အိုတော်၊ ကျုပ်ရင်ထဲမှာတော့ ကိုရင်ဖျောက်ဟာ ဘုရားတစ်ဆူ ဂူတစ်လုံးပဲ အရပ်လူကြီးရဲ့။ ကယ်ပါဦးရှင်၊ သူတို့ကို စခန်းက ဖမ်းချုပ်လိုက်လို့တဲ့။ ပြီးတော့ ပုဆိုးတောင် မပါဘူးတဲ့၊ ကယ်ပါဦး အရပ်လူကြီးရယ်"

"ဟေ- ပုဆိုးတောင် မပါဘူး။ ဟုတ်ပါပြီ၊ ဒါ ကြက်ဝိုင်းထဲ ရဲဝင်ဖမ်းတာ ဖြစ်ရမယ်"

"တောင်းပန်ပါတယ် အရပ်လူကြီးရယ်၊ သူက တစ်ခါတစ်ခါပဲ ဆင်ရာလုပ်တတ်တာပါရှင်။ ကျုပ် တောင်းပန်ပါတယ်တော်၊ လိုက်ပြောပေးပါဦး"

"ခက်ပါ့ကွာ၊ ဖျောက်ဆိပ်နဲ့ ဂျာအေးဆိုတဲ့အသံ ကြားလိုက်ကတည်းက ငါ မျက်ခုံးတလှုပ်လှုပ်ဟ။ တော်တော် ပြဿနာရှာတဲ့ကောင်တွေပါလား၊ ကိုင်း- လာလာ"

နောက်ဆုံးတော့ အရပ်လူကြီးကိုယ်တိုင် စခန်းသို့ လိုက်လာရ၏။ ချိန်တွင် ဂျာအေးတို့လူစုမှာ အချုပ်ထဲ ရောက်နေ၏။ ဦးပွသည် တကြီးကိုမြင်တော့ လက်ညှိုးကြီး တထိုးထိုး လုပ်နေ၏။

"မင်း . . မင်း လူလိမ်၊ ငါ့ကို လိမ်သွားတာ"

"ဟင်- ခင်ဗျားကရော ဘယ်လိုလုပ်ပြီး ဒီထဲ ရောက်နေသတုံးဗျ"

"မင်းတို့လုပ်လို့ပေါ့ကွာ၊ တောက်- ဘုရားမကြိုက် နတ်မကြိုက်တဲ့ကောင်တွေ။ ဘယ်မှာတုံး ငါ့စာချုပ်၊ ခုချက်ချင်း ပြန်ပေးစမ်း"

"ဘာဗျ၊ ခင်ဗျားစာချုပ်က စာချုပ်အဟောင်းကြီးဗျ။ ပေါင်လို့



www.burmeseclassic.com

www.burmeseclassic.com



မရဘူး၊ ခင်ဗျားကြီးလည်း လူလိမ်ပဲ။ လူလိမ်မို့လို့ အချုပ်ထဲ ရောက်နေတာပေါ့"

"ဘာကွ၊ ဟော့ကောင် တာတေကြီး"

"ဟာ- လုပ်ကြပါဦး"

"သတ်ကုန်ကြပြီဗျို့"

"ဆော်ကုန်ပြီဟေ့"

"အုန်း"

"ခွပ်"

"အောင်မယ်လေးဗျ"

"ဘယ်လိုဖြစ်နေကြသတုံး။ တော်ကြပါတော့၊ ခင်ဗျားတို့လုပ်တာ စခန်းတစ်ခုလုံး ကုလားဘုရားပွဲလှည့်သလို ဖြစ်နေပြီ"

တင်ဝင်းတစ်ယောက် အပြေးအလွှား ရောက်လာကာ အော်လို ငေါက်လိုက်ရ၏။ ဖျောက်ဆိပ်သည် ဦးပွနှင့် တာတေကြီးတို့ နပန်းလုံး စဉ် ပုဆိုးကို မရမက ဆွဲချွတ်ကာ ဝတ်ထားလိုက်၏။

ဦးပွခမျာ ဘောင်းဘီတိုနံ့နံ့နှင့် အော်ဟစ်နေ၏။ တင်ဝင်းတို့ မှာလည်း ဘာလုပ်ရမှန်းပင် မသိ။ အချုပ်ခန်းတံခါးဖွင့်၍ ဂျာအေး လူစုကို အပြင်ခေါ် ထုတ်ခဲ့ရ၏။ ဦးပွခမျာ ဘောင်းဘီတိုနံ့နံ့နှင့်လိုက်ထ ၏။

အရပ်လူကြီး ဆရာကြိုင်ခမျာ အချုပ်ခန်းထဲမှ ထွက်လာသေ လူစုကိုကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။ ဦးပွနှင့် သူက စကာ ပြောဖော်ပြောဖက်။

"ဟ- ဘယ်လိုဖြစ်ကုန်ကြပြီတုံး"

"မပြောချင်ပါဘူး အရပ်လူကြီးရာ၊ ပြဿနာကို ရှုပ်ထွေးနေတာ တစ်မြို့လုံးလည်း ပွက်လောကို ညံနေပြီ။ မြင်းလှည်းတွေနဲ့ ကြလိုက်ကြနဲ့ ကျုပ်တို့တောင် ကိုယ့်ကိုယ်ကိုယ် ဘာမှန်းမသိ ဘူးဗျ"

"ကိုပွ၊ ခင်ဗျားပုဆိုးရော"

"ဒီ ကြောင်တောင်တောင်ကောင် အတင်းချွတ်ယူထားတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်- ဟိုဒင်း ခင်ဗျားတို့. . ."

"တော်ကြပါတော့"

ဌာနာအုပ် တင်ဝင်းခမျာ စခန်းထဲ ဦးပွ ရောက်လာကတည်းက ပြဿနာပေါင်း သောင်းခြောက်ထောင် ဝင်လာသည်မို့ ထိုင်ခုံကြီးပေါ် ငူငူကြီး ထိုင်နေ၏။ ဦးပွကလည်း သူထင်ရာသူ ပြောဆိုနေ၏။ ဖျောက်ဆိပ်နှင့် တာတေကြီးတို့ကလည်း သူ့ထက်ငါ အလုအယက် ပြောဆိုနေ၏။

အပုလေးနှင့် အရပ်လူကြီး ဆရာကြိုင်တို့မှာ ဘယ်သူ့စကား နားထောင်ရမှန်း မသိ။ အသံဗလံတွေက အုံးထနေ၏။ ထိုစဉ် တင်ဝင်းတစ်ယောက် စားပွဲကြီးကို တဒုန်းဒုန်း ထုကာ ပြောလိုက်၏။

"ကိုင်း- ရပ်ကြစမ်း၊ ရပ်ကြတော့"

"ဟုတ်ကဲ့"

"ကိုင်း- ကျွန်တော်မေးမယ်၊ မေးတဲ့လူသာဖြေ"

"ဟုတ်ကဲ့၊ ဖြေပါ့မယ်"

"ကိုင်း-တာတေကြီး အရင်စပြော၊ အဲဒီ ပေမူ ဘယ်ကရသတုံး"

"ဒီလိုပါခင်ဗျာ. . ."

တာတေကြီးက ဖျောက်ဆိပ်တို့ လာရောင်းသည့်ကိစ္စကို ညောင်တာနာနှင့် ရှင်းပြလိုက်၏။ ထိုအခါ တင်ဝင်းက ဖျောက်ဆိပ်ကို ဆက်မေးလိုက်၏။ မေးရင်းဖြေရင်း၊ မေးရင်းဖြေရင်းနှင့် နောက်ဆုံး အပုလေးမောင်ချစ်စိန်အကြောင်း ပေါ်လာလေတော့၏။

"သြ- ဒါဆို ပြဿနာအားလုံးရဲ့ တရားခံဟာ မပုလေးမောင်ချစ်စိန်ပေါ့၊ ဟုတ်လား။ ကောင်းပြီ၊ ဒါဆို အဲဒီ ချစ်စိန်ကို ဖမ်းမယ်"

"ရှင်- မလုပ်ပါနဲ့တော်၊ ကျုပ်မောင်ကလေးက လူရိုးကလေး လူအကလေးပါ"

"ဟာ- ရိုးတာ အ,တာပဲ ပြောနေတယ်။ နေပါဦး၊ မပုလေးမောင်မှာ ပါးစပ်ရှိသလား"

"ရှင်၊ ပါးစပ် . . ."

"ဟုတ်တယ်၊ ပါးစပ်ရှိသလား။ ကျုပ်မေးတာကို ဖြေပါ"



www.burmeseclassic.com

www.burmeseclassic.com



ထူးထူးဆန်းဆန်း မေးခွန်းကြောင့် အပုလေး ကြောင်စီစီ ဖြစ်ေ ၏။ ဖျောက်ဆိပ်တို့လူစုမှာလည်း ဌာနာအုပ် တင်ဝင်းအမေးကို ဝါးတ တား ဖြစ်နေကြ၏။ ထိုစဉ် ဂျာအေးက ကြားထဲမှ ဝင်၍ ပြောလိုက်ေ

"ဟာ- ဌာနာအုပ်ကြီးကလည်း ချစ်စိန်မှာ ပါးစပ်တွေ၊ မျက်စိေ လက်တွေ၊ ခြေတွေ နောက်ဆုံး အမြီးတောင် ရှိချင်ရှိမှာဗျ"

"ဘာကွ- မင်း ဘာမဟုတ်တာ ဝင်ပြောတာလဲ၊ တိတ်စမ်း။ ဒီ မပုလေး မှတ်ထားဗျ၊ ပါးစပ်ရှိရင် စားတတ်ဝါးတတ်မှာပဲ။ ဒီေ အဲဒီကိစ္စအတွက် ရိုးနေ အ,နေပါတယ်ဆိုရင် ငတ်ပြီသာမှ ခုဥစ္စာ ပြဿနာ အစဖော်ထုတ်လိုက်တော့ ခင်ဗျားမောင် အဓိကပဲ၊ ဖမ်းကိုဖမ်းမယ်။ ကိုင်း- ခင်ဗျားတို့လူစု အရပ်လူ စကားကြောင့် ကျုပ် လွှတ်ပေးလိုက်မယ်နော်။ အမှန်မတေ ခင်ဗျားတို့ ဖြစ်နေတဲ့ ပေမူကြီးဟာ ဘုန်းကြီးကျောင်းတစ်ကျော လွှဲခဲ့တဲ့ ဆရာတော်တစ်ပါးရဲ့ ပေမူဗျ။ ဘယ့်နှယ် မင်းတုန်းမ လက်ရေးမူရမှာလဲ"

"ဟင်"

"ခင်ဗျာ"

"ဟုတ်တယ်၊ အဲဒီ ပေမူကြီး ပျောက်သွားလို့ ကျုပ်ဆီမှာ အမှ ထားတာဗျ"

"ဟုတ်လား၊ ဘုရား ဘုရား ဒါဆို ကျုပ်မောင်က ပြဿနာထုပ် သယ်လာတာပေါ့"

"ဟုတ်တယ်၊ ဒါကြောင့် ဖမ်းမယ်ဆီးမယ် ပြောတာပေါ့။ ကိုင် ခင်ဗျားတို့ သွားနိုင်ပြီ၊ ကျုပ်တို့ နောက်က လိုက်ခဲ့မယ်။ ချစ်စိန် ဘယ်မှ မသွားစေနဲ့နော်"

"ဟုတ်ကဲ့ပါရှင်"

နောက်ဆုံးတော့ တရားခံ ဘယ်သူဘယ်ဝါ ဆိုသည်ကို လက် လက်ကိုင် သိလိုက်ရပြီဖြစ်၍ ဖျောက်ဆိပ်တို့လူသိုက်ကို လွှတ်ပေးတ ချစ်စိန်ကို ဖမ်းဆီးရန် ပြင်ဆင်လေ၏။

သို့သော် ဖျောက်ဆိပ်တို့လူစု အိမ်ပြန်အရောက်တွင် ချစ်စိန်ေ



www.burmeseclassic.com

ww.burmeseclassic.com



ဂျာဖျောက်ပါ ပျောက်ဆုံးသွားသဖြင့် ဖျောက်ဆိပ်တို့လူစု ဒေါင်းတောက်အောင် ရှာဖွေနေကြရလေ၏။

✿ ✿ ✿



www.burmeseclassic.com

ww.burmeseclassic.com

လက်မထောင်ပြီး
စကားမပြောခင် ကိုယ့်လိမ်ပြာ
ကိုယ်သန့်ဖို့တော့ လိုပေါ့။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၃)

ဌာနာအုပ် တင်ဝင်းခမျာ ချစ်စိန်ကို ဖမ်းမမိသည့်အပြင် ဖျောက်ဆိပ်၏သား ဂျာဖျောက်ပါ ပျောက်သွားသဖြင့် အမှုက ပို၍ ရှုပ်ထွေးသွားလေ၏။

အပုလေးမှာလည်း ရင်တထိတ်ထိတ်။ တင်ဝင်းတို့ ပြန်သွားသည်နှင့် အပုလေး ပေါက်ကွဲတော့၏။

"ကိုင်း- ဘယ်လိုလုပ်ကြမတုံး ကိုရင်ဖျောက်ရဲ့၊ ခုတော့ ကျုပ်သားလေးပါ ပျောက်နေပါလား"

"ဟုတ်ပါ့ကွာ၊ ဒီကောင် ကလေးခေါ်ပြီး ဘယ်ထွက်ပြေးပါလိမ့်။ ရွာများ ရောက်နေပြီလား မသိဘူး"

"ဒါဆို ရှင်နဲ့ကျုပ် လိုက်သွားမှ ဖြစ်မှာပေါ့။ သွားမယ်တော်၊ ခုချက်ချင်း သွားကြရအောင်"

"ဟုတ်ပြီလေ၊ ဒါဆိုလည်း သွားကြတာပေါ့။ တော်တော် ပြဿနာရှာတဲ့ ယောက်ဖပဲကွာ"

နောက်ဆုံးတော့ မယားလုပ်သူ တင်ဂိုဂိုတရိရိ လုပ်နေသည်မို့ ဖျောက်ဆိပ်လည်း တောင်တောင်ဤဤ တွေးမနေသာတော့၊ ချက်ချင်း အထုပ်ပိုးပြင်ဆင်ကာ ဂျာအေးကို မှာစရာရှိတာမှာ၍ ရွာသို့ ထွက်သွားကြလေတော့၏။

ဖျောက်ဆိပ်တို့လင်မယား ထွက်သွားသည့်အချိန်မှစ၍ ဂျာအေး



www.burmeseclassic.com

ww.burmeseclassic.com



အလွတ်လပ်ကြီး လွတ်လပ်နေ၏။ အိမ်ပေါ်မှာ မြင်းလှည်းသမားတွေ တရှန်းရှန်း။ ပုလင်းခွံ၊ အမြည်းပန်းကန်တွေ မွစာကြဲနေ၏။ သုံးရန် အတွက် လက်ထဲ ပိုက်ဆံတစ်ပြားမှ မကျန်တော့။ ဂျာအေးနှင့် အဖွဲ့ကျ နေသူက စိန်ကျော်တို့လူသိုက်။ ဖျောက်ဆိပ်တို့အိမ်ကြီးက သာလာယံဇရပ် ကြီး ဖြစ်နေ၏။ ညရောက်ပြီ ဆိုသည်နှင့် သီချင်းသံ၊ အော်သံဟစ်သံတွေ ဆူညံနေ၏။ အရပ်ထဲကလည်း သူတို့လူစုကို မြင်ပြင်းကတ်နေပြီ ဖြစ်၏။

ထိုအချိန် ဂျာအေးမှာ ဟောင်းလောင်းဖြစ်နေသော ဟင်းအိုး ထမင်းအိုးတွေကြည့်ကာ ပေါက်ကွဲနေ၏။

"ထမင်းတွေ ဘယ်ရောက်ကုန်ပြီတုံး၊ ဟင်းတွေရော။ ဆာတယ် ဆာတယ်ဗျို့"

"ဟကောင် - တိုးတိုးပြောပါကွ"

"မရဘူး ကိုစိန်ကျော်၊ ကျုပ်လက်ထဲ ပိုက်ဆံလည်း မရှိတော့ဘူး ဗျ။ ခင်ဗျားမှာရော ရှိသေးလား"

"ဟာ- ငါလည်း ခါလီဖြစ်နေပြီကွ"

"ကိုင်း- ဒါဆို နောင်မှ နောင်ရှင်းဗျာ"

"ဟင်- မင်း ဘာလုပ်မလို့လဲ"

"လာစမ်းပါဗျာ၊ ရှိတန်ဆာ မရှိဝမ်းစာပေါ့ဗျာ"

"အင်"

စိန်ကျော်တစ်ယောက် ဂျာအေးကို ကြည့်ပြီး ရင်ထိတ်နေ၏။ ဂျာအေးအသွင်က ဘာကိုမှ မှုတော့မည့် အသွင်မရှိ။ အိမ်ပေါ်မှ လွှားခနဲ ခုန်ဆင်းကာ ရပ်ထားသော မြင်းလှည်းပေါ် တက်လိုက်၏။ စိန်ကျော်သည် အူချာချာနှင့် နောက်က လိုက်တက်လာ၏။

"ဘာလုပ်မှာလဲကွ"

"မေးမနေစမ်းပါနဲ့ဗျာ၊ ကျုပ် ဘာလုပ်မလဲသာ စောင့်ကြည့်"

"ဟင်"

ဂျာအေးသည် မြင်းညိုကြီးကို ကြိမ်နှင့် တို့လိုက်ပြီး အိမ်ဝိုင်းထဲမှ ထွက်လာ၏။ စိန်ကျော်တစ်ယောက် ဂျာအေးကို တစ်မေးတည်းမေးနေ သော်လည်း တစ်ခွန်းတစ်ပါဒမှ မဖြေ။



www.burmeseclassic.com

ww.burmeseclassic.com



ကမ်းနားလမ်းဘက်သို့အရောက် အိမ်ဝိုင်းကြီးတစ်ခုထဲ မောင်းဝင်သွား၏။ သူတို့ အိမ်ဝိုင်းထဲ ဝင်လာချိန်တွင် ချစ်တီးကုလား မောင်စိန်တစ်ယောက် မြင်းနို့ညှစ်နေ၏။ ဂျာအေးကိုမြင်တော့ မျက်လုံးပြူးမျက်ဆန်ပြူး။

"ဟင်- ဂျာအေး ဘာဖြစ်လာပြန်တုံး"

"ကိစ္စရှိလို့ပေါ့ ကိုမောင်စိန်ရယ်။ ဘယ်လိုတုံး မြင်းနို့ နွားနို့ပဲ ညှစ်နေရသလားဗျ"

"ဟေ- ဘာဖြစ်လို့တုံးဟ"

"ကြောင်နို့တို့ မျောက်နို့တို့ ဝက်နို့တို့ ညှစ်ပြီး ရောင်းပါလားဗျ"

"ဘာကွ၊ တောက်တီးတောက်တဲ့တွေ လျှောက်မပြောစမ်းပါနဲ့ကွာ။ ကိုင်း- မင်း ဘာလာလုပ်သတုံး။ နွားနို့လား၊ ကျွဲနို့လား၊ ဆိတ်နို့လား"

"ဘာနို့မှ မယူချင်ဘူး၊ ကျုပ်လာတာ ဟောဒီမြင်းကြီးကို ပေါင်မယ်ဗျာ။ ရှသလောက်နဲ့ ပေါင်မယ်ဗျာ"

"ဟေ- မြင်းလာပေါင်တာ"

"ဟုတ်တယ်၊ ကျုပ်တို့ မြင်းနဲ့လှည်းဆွဲရတာ သတ္တဝါတွေကို ညှဉ်းဆဲရာ ရောက်တယ်ဗျ။ ဒါကြောင့် မြင်းကို ခင်ဗျားဆီမှာ ပေါင်ထားမယ်ဗျာ၊ ပြီးတော့ ကျုပ် လန်ချားဆွဲမယ်ဗျာ"

"ဟိုက်- မင်း ဘာတွေ လျှောက်ပြောနေသတုံးကွ"

"မေးမနေစမ်းပါနဲ့ဗျာ။ ကိုင်း- ဟောဒီမှာမြင်း၊ ရွှေဘိုသားစစ်စစ်နော်။ ပြေးလိုက်သမျှ ဒေါင်ဒေါင်မြည်နေတာပဲဗျ။ ခင်ဗျား အပေါင်ခံမယ် မဟုတ်လား"

"ဟာ- မင်းမြင်းက နို့ညှစ်လို့မှ မရတာကွ၊ မြင်းမ ဆိုလည်း ဟုတ်သားပေါ့ကွာ"

"ဟာဗျာ- နို့ညှစ်လို့ မရလည်း နှာခေါင်းသာညှစ်ဗျာ၊ တစ်ခုခုတော့ ထွက်လာမှာပဲ။ မြင်းဆိုတဲ့သတ္တဝါက လွတ်အဖိုးတန်တယ်ဆိုတာ ခင်ဗျား သိသားပဲဗျာ။ နောက်ဆုံး သူပါတဲ့ ချေးတွေစုပြီး ရောင်းစားတောင် ကိုက်ပါတယ်ဗျာ"

"ဟင်- ချေးရောင်းရမယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ်လေ၊ နောက်ဆုံး မြင်းချေးပိုး မီးဖုတ်ရောင်းဦးဗျာ၊ ခင်ဗျားအတွက် အံကိုက်ဗျ၊ ကိုင်း- ယူသာယူထားလိုက်ဗျာ၊ ကြာလှ ဆယ့်သုံးလေးရက်ပေါ့။ ကျုပ် ဆက်ဆက် ပြန်ရွေးမှာပါ"

"အင်- ကောင်းရောကွာ၊ မင်းဥစ္စာ ဗွတ်ကြီးပါလားကွ"

"စဉ်းစားမနေစမ်းပါနဲ့ဗျာ"

ဂျာအေးက ဗွတ်ဆိုမှဗွတ်။ သူ့ကို မရမက ပြောဆိုနေသဖြင့် မောင်စိန်တစ်ယောက် လိမ်ကျစ်ထားသော ပိုက်ဆံကို မပေးချင် ပေးချင်ဘဲ ပေးလိုက်ရလေ၏။ ဂျာအေး လုပ်ပေါက်ကို စိန်ကျော် အံ့ဩ၍ မဆုံး၊ လက်ထဲ ပိုက်ဆံရောက်လာသည်နှင့် ဂျာအေးတစ်ယောက် မြောက်ကြွမြောက်ကြွ ဖြစ်နေ၏။

ဈေးထဲဝင်ပြီး ထင်ရာမြင်ရာတွေ စွတ်ဝယ်ကာ အိမ်သို့ ပြန်လာ၏။ သူ အိမ်ဝိုင်းထဲ ရောက်သည်နှင့် အိမ်ရှေ့တန်းလျားတွင် ထိုင်နေသော လူများကို ကြည့်ပြီး မျက်လုံးပြူးသွား၏။

"ဟာ- ချစ်စိန်၊ မင်း ဘယ်လိုလုပ် ဒီရောက်နေသတုံး"

"ဟဲဟဲ ငါ့မိန်းမ ငါသွားခိုးတာကွ"

"ဟေ- ဟို. . . ဂျာဖျောက်ကို မင်း ဘာဖြစ်လို့ ခေါ်သွားတာလဲ၊ ဆရာဖျောက်တို့လင်မယား ရွာတောင် လိုက်ချသွားပြီကွ"

"ဟင်"

"မင်းကွာ၊ တော်တော် ပြဿနာရှာတဲ့ကောင်ပါလား"

"ဘာဖြစ်လို့တုံးကွ၊ ငါ ဘာပြဿနာရှာလို့လဲ"

"ဟာ- ပေမူကြီးလေကွာ၊ အဲဒါ မင်းကို စခန်းက ဖမ်းမယ်ဆီးမယ် လုပ်နေတာနော်"

"ဟင်- ဟုတ်လား ပြဿနာပဲ၊ ဒါဆို ငါ ရွာကို အမြန်ပြန်မှ ဖြစ်မယ်။တော်ကြာ ဖမ်းလားဆီးလားလုပ်ရင် ဒုက္ခ၊ဒါဆို ဂျာဖျောက်ကို မင်းခေါ်ထားလိုက်ကွာ။ ငါ ရွာကို လစ်တော့မယ်"

"ဟေ- နေ. . . နေပါဦး"

"ဟာ- ငါ မနေရဲတော့ဘူးကွာ၊ ငါ တောင်တွင်းကို တစ်ခေါက်ပြန်သွားပြီး ငါ့မိန်းမ ငါရအောင် ပြန်ခိုးရတာကွ။ အဲဒီကိစ္စကလည်း



www.burmeseclassic.com

www.burmeseclassic.com



မလွယ်ဘူး၊ သွားပြီကွာ"

"ဟော့ကောင် ချစ်စိန်၊ ဟာ- ဒီကောင်ကွာ၊ တော်တော် မွှေတဲ့ ကောင်ပါလား"

သူ့လက်ထဲ ဂျာဖျောက်ကို အတင်း ထိုးထည့်ကာ လင်မယားနှစ်ယောက် ကားဂိတ်သို့ သုတ်ခြေတင်ကြတော့၏။ ဂျာဖျောက်မှာ ဂျာအေးလက်ထဲမှ အတင်း လျှောဆင်းကာ ဖုန်တွေသဲတွေကြား ပေလူးအောင် ဆော့နေ၏။

ဂျာအေးလည်းဘာမှမတတ်နိုင်။ညရောက်တော့လည်း ဂျာဖျောက်က ကောင်းကောင်းမအိပ်။ တပြုပြုနှင့် ထငိုနေ၏။ ဂျာအေးတစ်ယောက် ဂျာဖျောက်နှင့် ထွေးလုံးပတ်ချာလည်နေ၏။

စိန်ကျော်မှာလည်း ခေါင်းတကုတ်ကုတ်။ နှစ်ယောက်စလုံး အရက်တောင် ကောင်းကောင်းမသောက်နိုင်။ ခြံအိမ်ဝိုင်းထဲ တောင်ဆော့မြောက်ဆော့နှင့် သောင်းကျန်းချင်တိုင်း သောင်းကျန်းနေသော ဂျာဖျောက်ကို နှစ်ယောက်စလုံး လက်မြှောက်ခြေမြှောက် ဖြစ်နေကြ၏။

ဂျာဖျောက် တစ်ကိုယ်လုံးလည်း ပေကျံနေ၏။ အမြည်းပန်းကန်ထဲမှ အမြည်းတွေ နှိုက်စားရင်း ဝမ်းတွေသွားနေ၏။

"ပြဿနာပဲကွာ၊ ဒီကောင် စားချင်ရာတွေ စွတ်စားပြီး ဝမ်းတွေသွားနေပြီကွ။ ဆေးဆရာလေး ဘာလေး ပြမှဖြစ်မယ်"

"ဟုတ်ပ့ါကွာ"

ဂျာဖျောက်ကိုခေါ်ပြီး လမ်းထိပ်ဆေးခန်းတွင် ပြသခဲ့ရ၏။ ဂျာဖျောက်ခမျာ ဝမ်းတွေသွားလွန်းသဖြင့် အရိုးငေါက်ဂက် ဖြစ်သွား၏။ ဆရာဝန်ပေးလိုက်သည့် ဆေးကြောင့် ဝမ်းရပ်သွားသော်လည်း ကိုယ်တွေ ပူချစ်လာသဖြင့် နှစ်ယောက်စလုံး စိတ်အရှုပ်ကြီး ရှုပ်နေ၏။

ထိုအချိန် ဖျောက်ဆိပ်တို့လင်မယား ပြန်ရောက်လာကြသဖြင့် ဂျာအေး ဝမ်းအသာကြီး သာသွား၏။ အပုလေးခမျာ မြေပြင်ပေါ် ခုန်ပေါက် ဆော့ကစားနေသော ဂျာဖျောက်ကိုကြည့်ပြီး ငိုကြီးချက်မနှင့် အတင်း ပွေ့ဖက်လိုက်၏။

"အောင်မယ်လေး- ငါ့သားလေး အသားစောင် မရှိတော့ပါလား။



www.burmeseclassic.com

www.burmeseclassic.com



အို- ကိုယ်တွေလည်း ချစ်ချစ်တောက် ပူလို့။ ဟဲ့- ဂျာအေး၊ နင် ငါ့ကလေးကို ပစ်ထားရသလားဟဲ့"

"ဟာ- မပုလေးကလည်းဗျာ၊ ဂျာဖျောက်က တကယ့် ပြဿနာကောင်ဗျ။ ထင်သလိုသွား၊ ထင်သလိုလုပ်၊ ထင်သလိုစားချင်တာဗျ။ တားလို့ဆီးလို့လည်း မရဘူး၊ ကျုပ်တို့ အမြည်းတွေ နှိုက်စားပြီး ဝမ်းတွေ တဗျစ်ဗျစ် သွားလိုက်တာဗျာ။ ဆေးခန်းပြယူရတယ်ဗျ"

"ဟုတ်လား၊ ဘုရား ဘုရား။ နေပါဦး၊ ဘယ်လိုလုပ်ပြီး ငါ့သားက ဒီပြန်ရောက်နေသတုံး။ ငါ့မှာတော့ ရှာလိုက်ရတာ မစားနိုင် မအိပ်နိုင်နဲ့"

"ဟာ- ချစ်စိန်ဗျာ ချစ်စိန်"

ဂျာအေးသည် ချစ်စိန် ခင်းလာသည့်ဇာတ်ကို ရှင်းပြလိုက်၏။ ကြားရသောစကားကြောင့် ဖျောက်ဆိပ်တစ်ယောက် ပွစိပွစိ လုပ်နေ၏။

"တော်တော် ဒုက္ခပေးတဲ့ ယောက်ဖပဲကွာ"

"ရှင် ဒီလိုမပြောပါနဲ့"

"ဟ- ငါ့အိမ်လာတာ ကောင်းကောင်းမလာဘဲ ပြဿနာသယ်လာတာ ပြောတာကွ။ ဒီကောင့်လုပ်ပုံက တစ်အိမ်လုံး အချုပ်ထဲ ရောက်အောင် လုပ်တာ။ မင်းမောင် ကောင်းသလား စဉ်းစား ကြည့်စမ်း"

"ဟင်- ဘာလဲ၊ တော့်က ကျုပ်ကို နိုင်ဖို့ အကွက်ရပြီဆိုပြီး တမင် ဖိကြိမ်းနေသလား။ ဒီမှာ ကိုရင်ဖျောက်၊ ကျုပ်မောင်ကိုတော့ မထိနဲ့။ ရှင်ပြောသလိုပေါ့၊ လူဆိုတာ မှားတတ်တဲ့သတ္တဝါပဲလေ။ ရှင့်စကားရှင် ပြန်စဉ်းစားပါဦး ဆရာကြီးရဲ့"

"ဟေ- မှားတာတော့ မှားတာပေါ့ကွာ။ ဒါပေမယ့် တစ်အိမ်လုံး ဒုက္ခရောက်အောင်တော့ မမှားသင့်ဘူးကွ။ အတိုင်းအတာတော့ ရှိရမှာပေါ့"

"တော့်စကားကြီးက ဘယ်လိုတုံး။ ကိုင်း- ပြီးတာတွေ ဘေးဖယ်၊ အရေးကြီးတာ ရှင်တို့နှစ်ယောက် ပိုက်ဆံရှာကြ။ လောလောဆယ် ပိုက်ဆံလိုနေပြီ"



www.burmeseclassic.com

ww.burmeseclassic.com



"ဟေ"

ဖျောက်ဆိပ်တစ်ယောက် မျက်လုံးပြူးသွား၏။ ဂျာအေးကို လှမ်းကြည့်တော့ ဂျာအေးအသွင်က ညောင်နာနာ။ အိမ်ဝိုင်းထဲ လှမ်းကြည့်တော့ လှည်းသာတွေ့ရပြီး မြင်းမတွေ့ရ။

"ဟာကောင် ဂျာအေး"

"ဗျာ၊ ဆရာဖျောက်"

"မြင်းရော၊ မြင်း ဘယ်ရောက်သွားပြီတုံး"

"ဟို- ပေါင်လိုက်ပြီလေ"

"ဘာကွ"

"ဟယ်တော်"

လင်မယားနှစ်ယောက်စလုံး မရိုးမရွ ဖြစ်နေကြ၏။ ကြားရသောစကားကြောင့် ဘာလုပ်လို့ လုပ်ရမှန်း မသိ။ ဖျောက်ဆိပ်ခမျာ မရှိမယ့်မယ့် ဆံပင်ကို တဖြင်းဖြင်း ကုတ်ပြီး ပြောလိုက်၏။

"ဘာဖြစ်လို့ ပေါင်ရသတုံးကွ၊ မြင်းမရှိတော့ လှည်းကြီး ဘာလုပ်ထားသတုံး"

"ဆရာဖျောက်ကလည်းဗျာ၊ ခု ကျုပ် လန်ချားကုလား ဖြစ်နေပြီဗျ"

"ဟေ- လန်ချားကုလား၊ ဟာကွာ"

"ဟဲ့- ဂျာအေး၊ နင့်စိတ်ထဲထင်ရာတွေ စွတ်လုပ်မနေနဲ့။ ဘယ်လိုလုပ်ကြမတုံး၊ ဒီလှည်းနဲ့ ထမင်းစားနေရတာ။ နင်က ငါတို့ထမင်းအိုး ရိုက်ခွဲတာလား ပြောစမ်း"

"ဟာဗျာ၊ ဆရာဖျောက်ပြောသလိုပြောရရင် လူ့ဘဝဆိုတာ အခက်အခဲရှိမှ တိုးတက်တာတဲ့ဗျ။ ခုလည်း ကျုပ် အဲဒီလို မြင်းပေါင်လိုက်တော့ အခက်ကြုံလာတာပေါ့။ အဲဒီအခက်ကို ကျော်လွှားနိုင်ရင်. . . "

"တော်စမ်း- နင်ပေါက်တီးပေါက်ရှာတွေ လျှောက်မပြောနဲ့။ မြင်းကို ခုချက်ချင်း ပြန်ရွေးပေးစမ်း"

"ဟာ- ပိုက်ဆံမှ မရှိဘဲဗျာ။ ဂျာဖျောက် ဆေးကုရတာတစ်မျိုး



www.burmeseclassic.com

www.burmeseclassic.com



ဟဲဟဲ ကျုပ်တို့သောက်တာ တစ်မျိုးနဲ့ ကုန်ပြီဗျ"

"အေးရောကွာ"

ဂျာအေး စကားကြောင့် ဖျောက်ဆိပ် ကိုယ့်နဖူးကိုယ် ရိုက်ပစ်လိုက်၏။ ဂျာအေးအကြောင်းကို သူ အသိဆုံး။ အိမ်မှာထားခဲ့ရသော်လည်း ရင်ထဲ တထိတ်ထိတ်။ ယခုတော့ ဂျာအေးက သူ တွက်ထားသလိုပင် ထင်ရာလုပ်ချလိုက်ပြီ ဖြစ်၏။ မေးကြည့်တော့လည်း ပိုက်ဆံက သောင်းချီ နေ၏။ အပုလေးက အံကြိတ်ကြိတ်။

"ကိုင်း- ဒီကိစ္စ အုံနာသိရင် ပြဿနာပဲ"

"ဟုတ်တယ် ဂျာအေးရာ၊ မင်းကလည်းကွာ တော်တော် ပြဿနာ ရှာတယ်"

"မပူပါနဲ့ ဆရာဖျောက်ရာ၊ ဒီကိစ္စ အဆင်ပြေသွားမှာပါ။ ခုဆို မနက်မိုးလင်းတာနဲ့ လှည်းဆွဲပြီး ဈေးဘက်သွားလိုက်ရင် ငွေသုံး လေးထောင် အသာလေးဗျ"

"ဟေ"

"ကောင်းပြီ၊ ဒါဆို တော်တို့နှစ်ယောက် မြင်းမရခင်စပ်ကြား လန် ချားကုလားတွေသာ လုပ်ပေတော့"

"ဗုဒ္ဓေါ"

ဖျောက်ဆိပ်တစ်ယောက် တပည့်ကြီး၏ ရိုက်ချက်ကြောင့် မြင်း လှည်းဆရာဘဝမှ လန်ချားကုလား ဖြစ်ရတော့မည့်ကိန်း ဆိုက်နေ၏။ အခြေအနေကလည်း နောက်ဆုတ်၍ မဖြစ်တော့။ နောက်ဆုံး ဆရာ တပည့်နှစ်ယောက် ရန်ပယ်ဈေးဝတွင် လှည်းထိုးကာ လန်ချားကုလားတွေ လုပ်နေရ၏။

မြင်းအစား လူကိုယ်တိုင် ဝင်လှုပ်ရှားနေရသဖြင့် ပင်ပန်းလှ၏။ ပဲအိတ်၊ နှမ်းအိတ်၊ ဆန်၊ ဆီတွေတင်ကာ ပြေးရလွှားရသည်မှာ အမော တစ်ချိန်တွင် ဖျောက်ဆိပ်တစ်ယောက် ပဲအိတ်များတင်၍ ပွဲရုံသို့ အပို့တွင် မြင်းလှည်းပိုင်ရှင် မလုံးတင်တို့လင်မယားနှင့် ထိပ်တိုက် တိုးလေတော့၏။

"အလိုတော်၊ လှည်းက မြင်းမဆွဲဘဲ လူဝင်ဆွဲနေပါလားကိုပါကြီး ကြည့်ပါဦးတော်၊ ဟုတ်မှဟုတ်ရဲ့လား"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ- ဖျောက်ဆိပ်ပါလား။ ဘုရား ဘုရား ဘာတွေ ဖြစ်ကုန်ပါလိမ့်။ ဖျောက်ဆိပ်၊ ဖျောက်ဆိပ်"

ဦးပါကြီးတစ်ယောက် လှည်းနောက်မှ အတင်း လိုက်လာကာအော်ကြီးဟစ်ကျယ်နှင့် တားလိုက်၏။ ခေါ်သံအော်သံကြောင့် လှည်းထမ်းပိုးကြီးခုန်းခနဲ ပစ်ချကာ လှည့်ကြည့်လိုက်၏။ အုံနာဦးပါကြီးတို့ လင်မယားကိုမြင်တော့ ဖျောက်ဆိပ် တောင်တောင်ဤဤ ဖြစ်နေ၏။

"ဟို ဟိုဒင်း. . . ဟိုဟာ"

"ဘယ်လိုတုံး၊ ဘယ်လိုဖြစ်ကုန်ပြီတုံး။ ငါ့မြင်းကြီး ဘယ်ရောက်သွားပြီတုံး ပြောစမ်း"

"ဟို. . . ဟိုဒင်းလေ၊ ဟဲဟဲ"

"ဟကောင်၊ ရှင်းရှင်းပြောစမ်း"

"ဒီလိုဗျ၊ ရှင်ပြုရှိတာနဲ့ မြင်းဓားသွားလို့လေ"

"ဘာကွ၊ ရှင်ပြုဌားလိုက်တယ်"

"ဟုတ်တယ် ဆရာပါရဲ့၊ ဟဲဟဲ ကုသိုလ်ရတာပေါ့ဗျာ။ ပြီးတော့မြင်းကြီးလည်း မင်္ဂလာရှိသွားတာပေါ့ ဆရာဖါရယ်"

"ဟာ- ဟုတ်သေးဘူးကွ၊ အဲဒီလို ငှားစားတာတော့ ငါတို့ကို အသိပေးသင့်တာပေါ့ကွာ"

"ဟုတ်ပါတော်၊ နင်တို့ အဲဒီလို ရှုပ်ရှုပ်ယှက်ယှက် လုပ်တာကိုမကြိုက်ဘူး။ တော်ပြီ၊ နင်တို့ကို မငှားတော့ဘူး။ သုံးရက်အတွင်းငါတို့ကို ပြန်အပ်ပေတော့၊ မအပ်လို့ကတော့ ဂါတ်အတိုင်ပဲနော်"

"ခင်ဗျာ၊ ဟိုဒင်းလေ. . ."

"ဟိုဒင်းတွေ ဟိုဒက်တွေ လုပ်မနေနဲ့၊ ငါပြောတာလုပ်။မလုပ်လို့ကပြဿနာရှာပြီသာမှတ်"

"ဗုဒ္ဓေါ်"

ဖျောက်ဆိပ်တစ်ယောက် ဘာမှ ပြန်မပြောသာ။ ဂျာအေး ရိုက်ချက်ကြောင့် မြင်းလှည်းဆရာ ဘဝပျက်ရတော့မည့်ကိန်း ဆိုက်နေ၏။ စိတ်ပြန်ရောက်တော့ ဂျာအေးကို တီးတိုး ပြောပြလိုက်၏။

"ဘာလုပ်ကြမတုံး၊ ပြဿနာပဲကွာ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါပေါ့ ဆရာဖျောက်ရဲ့၊ လောကကြီးဟာ ကျုပ်တို့ကို နားလည်ဘူး။ ကျုပ်တို့ကသာ လောကကြီးကို နားလည်ပေးရတာဗျ"

"တော်ခမ်းပါကွာ၊ အရေးထဲ လောကကြီး လုပ်နေပြန်ပြီ။ ဘာလုပ်ကြမလဲ ပြောကွာ"

"နေဦးဗျာ၊ ဒီကိစ္စဟာ အခက်အခဲပဲ။ ဒီအခက်အခဲကို ဘယ်လိုဖြေရှင်းကြမလဲ။နည်းစနစ်၊ ဟုတ်တယ်။အရေးကြီးတာ နည်းစနစ်ပဲလေ ဆရာဖျောက်ရဲ့"

"ဟာကွာ၊ အဲဒီစကားက ငါ့စကားပါကွ"

ဖျောက်ဆိပ်တစ်ယောက် အူလည်ချာလည် ဖြစ်နေ၏။ ဘာလုပ်ရမှန်းပင် မသိတော့။

"ကျုပ်တို့ ကိုမောင်စိန်ဆီ သွားပြီး တောင်းပန်ကြည့်မယ်ဗျာ။ ဖြစ်လာမှတော့ ရင်ဆိုင်ရုံပေါ့ ဆရာဖျောက်ရယ်၊ ညည်းညူနေလို့ ပြဿနာ ပြေလည်သွားတာမှ မဟုတ်တာဗျာ"

"ဟင်၊ ဟို- ဒီကိစ္စ မင်း ရိုက်ချက်ကွ"

"ဪ- ဆရာဖျောက်ကလည်း ကမ္ဘာမီးလောင်နေပြီလေ"

"ဟ- အဲဒါ မင်းဘာသာ ရှို့တဲ့မီးကွ၊ တော်တော် ပြဿနာရှာတဲ့ကောင်ပဲကွာ"

"အပြစ်ပြောမနေပါနဲ့ ဆရာဖျောက်ရာ၊ ကိုင်း- ကျုပ်တို့ ကိုမောင်စိန်ရဲ့အိမ် ချီတက်ရအောင်"

"ကောင်းကွာ"

ဖျောက်ဆိပ် သူတပည့်ကို မနိုင်တော့။ ထို့ကြောင့်လည်း ချစ်ထီးကုလား မောင်စိန်အိမ်သို့ ကုပ်ချောင်းချောင်းနှင့် ထွက်လာကြ၏။ သူတို့ရောက်ရှိသွားချိန်တွင် မောင်စိန်ခမျာမှာလည်း ဂျာအေး ပေါင်ခွဲသောမြင်းကြောင့် အကြီးအကျယ် စိတ်ဒုက္ခရောက်နေ၏။

မြင်းကြီးက မလွယ်။ အချင်းချင်းလည်းကိုက်၊ အနားကပ်လာလျှင်လည်း ခွာနှင့် လှမ်းလှမ်းပေါက်နေသည်မို့ အခက်တွေ့နေရ၏။ ခြံထဲ မြင်းချေးတွေကလည်း ဟိုတစ်ပုံဒီတစ်ပုံ။ ပိုဆိုးသည်က ထ... ဟီနေခြင်း ဖြစ်နေ၏။ တချို့က မြင်းစုန်းဟု ခေါ်ကြ၏။ ...ရောက်ပြီ...



www.burmeseclassic.com

www.burmeseclassic.com



ချင် မြင်းကြီးက မျက်လုံးတွေ တောက်လာ၏။ ကဆုန်ပေါက်လိုက်၊ တတ်ရပ်လိုက်နှင့် စည်းရိုးတွေလည်း မွမွကြေနေပြီဖြစ်ရာ မောင်စိန် တစ်ယောက် အကြီးအကျယ် ခေါင်းစားနေ၏။

ထိုအချိန် ဂျာအေးကို မြင်လိုက်ရသဖြင့် ဝမ်းသာအားရ ဖြစ်နေ ၏။

"ဟာ- ဂျာအေး၊ မင်း မြင်းလာရွေးတာလားကွ"

"ဟုတ်ပါဘူးဗျာ"

"ဟာကွာ၊ မကြည့်ချင်ဘူး။ မင်းမြင်း မင်း ပြန်ယူသွားတော့။ မင်းမြင်းက မြင်းစုန်းကြီးကွ။ ညည ထပြီး လှန့်နေလို့ ငါ့အိမ်ဝိုင်းထဲက သတ္တဝါတွေလည်း အိပ်မရ၊ ငါလည်း ဒုက္ခတွေရောက်နေတယ်ကွာ။ရှိသလောက်ပေးပြီး ယူသွားတော့။ ငါ့ဝိုင်းထဲ မထားချင်တော့ဘူး"

"ဟာဗျာ၊ တစ်ပြားမှ မရှိပါဘူးဆို"

"ဟေ- ဒါဆို ဘယ်လိုလုပ်ကြမလဲကွ"

"ဒီလိုဗျ"

ဂျာအေးသည် ညောင်နာနာ အမူအရာနှင့် ထင်ရာမြင်ရာတွေ ပြောချလိုက်၏။

"ဘာ- မြင်းက ကိုယ်တော်ကြီးစီးတဲ့မြင်း ဟုတ်လား၊ ဟာ- ဘာဖြစ်လို့ ငါ့ဆီ လာပေါင်တာလဲ။ ဒါကြောင့် ငါ့ကို သတိပေးနေတာကွ၊ မဖြစ်ဘူး ယူသွားတော့။ ကြာကြာထားရင် ငါလည်း နတ်အကိုင်ခံရတော့မယ်။ ကြံကြံဖန်ဖန်ကွာ၊ မင်း မလုပ်သင့်တာတွေ လုပ်တာပဲ။ သွားသွား ခုချက်ချင်း ယူသွား။ ပိုက်ဆံကို နောက်မှပေးတော့ဟေ့။ ပြဿနာပဲကွာ"

"ကျေးဇူးပဲ ကိုမောင်စိန်ရေ၊ ကိုင်း- တက်ဗျာ ဆရာဖျောက်"

"ဟေ- ဘယ်တက်ရမှာလုံးဟ"

"မြင်းပေါ်လေ"

"ဗုဒ္ဓေါ၊ ဖြစ်ပါ့မလားကွာ"

"ဖြစ်ပါတယ်ဗျာ"

www.burmeseclassic.com

ww.burmeseclassic.com



နှစ်ယောက်သား မြင်းညိုကြီးပေါ် တက်လိုက်၏။ ဂျာအေးသည် မြင်းကြီး၏ တင်ပါးကို ဖနောင့်နှင့် တစ်ချက် ပေါက်လိုက်၏။

"ဟီး . . . ဟီး . . . ဟီး. . ."

"ပြေးစမ်းကွာ၊ ဒုန်းစိုင်းသာပြေးဟေ့"

"ဖြည်းဖြည်းလုပ်ပါဟ"

"ဝုန်း. . . ဒိုင်း. . . အုန်း"

မြင်းပေါ်ရောက်သည်နှင့် ဂျာအေး ထင်ရာစိုင်းတော့၏။ မြင်းကြီး မှာ ဖနောင့်နှင့် အပေါက်ခံလိုက်ရသဖြင့် ကမူးရှူးထိုး ဖြစ်သွားကာ အိမ် ဝိုင်းစည်းရိုးကြီးကို လွှားခနဲ ကျော်လိုက်၏။

သို့သော် စည်းရိုးကို မလွတ်။ သူ့ကိုယ်လုံး အရှိန်ကြောင့် စည်းရိုး ကြီး ကျိုးပဲ့သွားလေ၏။ မောင်စိန်တစ်ယောက် ဘာတစ်ခွန်းမှ မပြောသာ တော့။ မြင်းကြီး မြန်မြန်ထွက်သွားသည်သာ အေးလေပြီဟု ယူဆကာ ကြောင်စီစီနှင့် ကျန်ရစ်ခဲ့လေ၏။

ထိုအချိန်တွင် ဂျာအေးတို့ ဆရာတပည့်နှစ်ယောက် မြင်းကြီး ရလာပြီမို့ ဝမ်းသာအားရ ဖြစ်နေ၏။ လမ်းမကြီးပေါ်တွင် တခွပ်ခွပ်နှ မောင်းနှင်နေ၏။

"ဆရာဖျောက်"

"ဟေလကွာ"

"ဒါ အခက်အခဲကို ဖြတ်ကျော်အောင်မြင်ခြင်းပဲဗျ"

"သိပ်ဟုတ်တာပေါ့ တပည့်ကြီးရာ။ ဘာလုပ်ချင်သတုံး၊အောင်မြ ခြင်းအထိမ်းအမှတ် အောင်ပွဲခံမလို့လား"

"ဒါပေါ့ဗျာ၊ သေရည်ကလေး မူးတူးစာူးနဲ့ မြစ်ရိုးတစ်လျှောက် မြ လျှောက်စီးရအောင်ဗျာ"

"လုပ်လေ၊ ဒါ အောင်ပွဲခံတာပဲ ဟဲဟဲ. . ."

ဆရာတပည့်နှစ်ယောက် အတိုင်အဖောက်ညီစွာနှင့် ဘုံဆိုင် ဆိုင်ထဲဝင်ပြီး သေရည်တွယ်လိုက်ကြ၏။

ဖျောက်ဆိပ်မှာ မိန်းမနှင့်အတူ သွားလာနေရသည်မို့ မသော မစားရတာ ကြာပြီဖြစ်၍ သေရည်ပုလင်း တွေ့သည်နှင့်အငမ်းမရ တွ



www.burmeseclassic.com

www.burmeseclassic.com



လေတော့၏။ နှစ်ယောက်သား တဂွပ်ဂွပ်နှင့် တွယ်လာကြရာ ပုလင်းတစ်လုံးမှာ မိနစ်ပိုင်းအတွင်း တက်တက်စင်သွားလေ၏။

ထိုအခါ ဆိုင်ထဲမှ ယိုင်တိုင်တိုင်နှင့် ထွက်ခဲ့ကြပြီး ဆိုင်ရှေ့စည်းရိုးတွင် ချည်ထားသော မြင်းညိုကြီးကို ကြိုးဖြေ၍ တက်လိုက်၏။ ဂျာအေးတစ်ယောက် မြင်းပေါ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်သွားသော်လည်း ဖျောက်ဆိပ်ခမျာ မြင်းပေါ်မရောက်ဘဲ တစ်ဖက် မြေပြင်ပေါ်သို့ ခေါင်းကြီးစိုက်၍ ကျသွားလေ၏။

"အောင်မယ်လေးဗျ"

"ဟာ- ဆရာဖျောက်"

"အွား. . . နာလိုက်တာကွာ၊ ငယ်ထိပ်များ ကွဲသွားပြီလား"

"သတိထားမှပေါ့ဗျ"

"ဟဲဟဲ . . . နည်းနည်း မူးသကိုးကွ"

ပြောပြောဆိုဆိုနှင့် မြေပြင်ပေါ်မှ လူးလဲထလိုက်၏။ နဖူးပြောင်ပြောင်ကြီးမှာ အညိုအမည်းစွဲသွား၏။ ဂျာအေးသည် ဖျောက်ဆိပ်၏ ညာဘက်လက်ကိုကိုင်၍ မြင်းပေါ် အတင်း ဆွဲတင်လိုက်မှ ကုပ်ကပ်ပြီး ရောက်လာ၏။

"ကျုပ်ခါးကို ဖက်ထားဗျ"

"ရပါတယ်ကွာ၊ သွားသတိ လာသတိတဲ့ကွ။ လေ့အဆင်း မြင်းအတက် သတိမဖက်လို့ မဖြစ်ဘူး၊ ဟားဟားဟား မောင်းစမ်းကွာ။ မြစ်ရိုးမှာ ဖျောက်ဆိပ်နဲ့ ဂျာအေး ဒုန်းတိုက်ပစ်လိုက်စမ်းကွာ"

"စိတ်ချပါ ဆရာဖျောက်ရ"

"ဟေး. . . ဟေး. . ."

"ဟီး. . . ဟီး. . ."

ဂျာအေးသည် မြင်းကြီး၏ တင်ပါးနှစ်ဖက်ကို ဖနောင့်နှင့် စုံပေါက်လိုက်၏။ ဖြောင်းခနဲ မြည်သံနှင့်အတူ မြင်းကြီးမှာ လမ်းမကြီးအတိုင်း ဒုန်းစိုင်းပြေးလေတော့၏။ ဂျာအေး၏ အော်သံကလည်း တဟေးဟေး။ ဖျောက်ဆိပ်ကလည်း ထင်ရာမြင်ရာတွေ စွတ်အော်နေ၏။

မြင်းကြီးခမျာ ကြောက်အားလန့်အားနှင့် ဒုန်းစိုင်းပြေးလေရာ

www.burmeseclassic.com

www.burmeseclassic.com



လမ်းပေါ်မှာ ဥဒဟိုသွားလာနေကြသော လူတွေလည်း ပြေးဟယ်လွှား
ဟယ် ဖြစ်ကုန်၏။ ကားတွေ၊ မြင်းလှည်းတွေလည်း ဖရိုဖရဲ။

"ဟာ- ကမ္ဘာပျက်ပြီဟေ့"

"ဟေး. . . ဟားဟား"

"ဘာကောင်တွေတုံး"

"ဝုန်း"

"ဖယ်ကြဟေ့၊ လာပြီကွ"

"ခွပ်. . . ခွပ်. . . ခွပ်"

"ဟေး"

အော်သံဟစ်သံ ပြေးသံလွှားသံတွေက အုတ်အော်သောင်းတင်း
ထိုအချိန် စခန်းထဲမှ ထွက်လာသော တင်ဝင်းတို့လူစုမှာ လမ်းပေါ် ပြေး
လွှားနေကြသော လူတွေကိုကြည့်ပြီး ကြောင်စီစီ ဖြစ်နေ၏။

ကားတွေကလည်း ဟွန်းသံ တပွမ်ပွမ် နှိပ်ကာ တောင်မောင်း
မြောက်မောင်း ဖြစ်နေ၏။ လှည်းတွေကလည်း တခွပ်ခွပ် မြည်သံနှင့်
ထင်ရာစွတ်ပြေးနေကြ၏။ တင်ဝင်းတို့လူစုမှာလည်း မှင်သက်မိနေကြ၏

"ဟာ- ဘာတွေဖြစ်ကုန်ပြီလဲ"

"ကမ္ဘာပျက်ပြီထင်တယ်"

"ဟာ- ဟို . . . ဟိုမှာ"

"လူနှစ်ယောက်၊ မြင်းတစ်ကောင်"

"အဲဒါ ဘာကောင်တွေလဲ"

"ရပ်ကြ၊ ရပ်ကြစမ်း၊ လိုက်ဟ"

တင်ဝင်းတို့လူစု တခွပ်ခွပ်နှင့် အသော့နှင်နေကြသော ဂျာအေးတို့
နောက် အပြေးလိုက်ခဲ့ကြ၏။

ဂျာအေးတို့ ဆရာတပည့် ဘာကိုမှ မမြင်တော့။ ထိုစဉ် မြင်းကြီး
ဈေးတန်းထဲသို့ လွှားခနဲ ခုန်ကျော်ကာ ဝင်လာ၏။ အော်လိုက်ဟစ်လိုက်
သည်မှာ သောက်သောက်လဲ။ ဈေးသည်တွေလည်း တောင်းတွေ ပုံး
ဈေးပန်းတွေထားကာ ပြေးကုန်၏။

နောက်ဆုံး ဈေးတန်းအနောက်ဘက် အပေါက်မှ ခုန်ထွက်ကာ

ww.burmeseclassic.com



တာရိုးဆီသို့ ရောက်လာ၏။ တင်ဝင်းတို့လူစု နောက်မှ အော်ဟစ်၍ အပြေးအလွှား လိုက်နေဆဲ။ ထိုအချိန် မြစ်ရိုးဘေး တာပေါ်တွင် ဒုန်းစိုင်းပြေးခဲ့ကြရာ တင်ဝင်းတို့လူစု မျက်ခြည်ပြတ်သွား၏။

"လမ်းမှားနေပြီကွ၊ ရပ်. . . ရပ်တော့"

"ရပါတယ်ဗျာ၊ အမှားတွေ့မှ အမှန် မြင်မှာပေါ့ဗျ"

"လုပ်ကွာ"

ဖျောက်ဆိပ်လည်း မြင်းပေါ်တွင် ယိုင်ထိုးနေပြီ ဖြစ်၏။ နောက်ဆုံး ဦးပါကြီးတို့ လမ်းထဲ ဒုန်းစိုင်းဝင်လာရာ တစ်လမ်းလုံး ကမ္ဘာပျက်သလို ဖြစ်နေ၏။

ကလေးတွေ၊ ခွေးတွေလည်း အော်ဟစ်နေကြ၏။ လမ်းဘေး ဈေးသည်တွေကလည်း ကြောက်အားလန့်အားနှင့် ထွက်ပြေးကုန်၏။

ထိုစဉ် မြင်းညိုကြီးပေါ် တောင့်တောင့်ကြီး လိုက်ပါလာသော ဂျာအေးသည် ဦးပါကြီးတို့ အိမ်ဝိုင်းထိပ် ရောက်သည်နှင့် မြင်းတင်ပါးကို ဖနှောင့်နှင့် ပေါက်ချလိုက်၏။

"ဟေး. . ."

"ဟာ- ဘာကြီးလဲဟ"

"လုပ်ကြပါဦး"

အိမ်ဝိုင်းထဲ လွှားခနဲ ခုန်ဝင်လာသော မြင်းညိုကြီးကို ကြည့်ပြီး ဦးပါကြီးတို့လင်မယား ငယ်သံပါအောင် ထအော်ဟစ်လေ၏။ ထိုစဉ် ဂျာအေးသည် မြင်းဇက်ကြိုးကို အလျင်အမြန် ဆွဲလိုက်ရာ တန်းလျားဘေး တွင် ရပ်တန့်သွားလေ၏။

ဦးပါကြီးတို့ လင်မယားမှာ မြင်ကွင်းကိုကြည့်ပြီး ပါးစပ်အဟောင်းသား ဖြစ်နေ၏။

"ဟယ်တော်- ဂျာအေးတို့ပါလား"

"ဟုတ်ပါ့ဗျာ၊ မြင်းလာပို့တာလေ"

"အလိုတော်၊ နင်တို့ စီးလာတာမှ ဟုတ်ရဲ့လား။ ရပ်ကွက်ထဲက လည်း အော်ကြဟစ်ကြနဲ့ ဘာတွေ ဖြစ်ကုန်ပြီတုံး"

"သိပါဘူးဗျာ။ ဟောဒီမှာ မြင်းဗျို့၊ အပ်လိုက်ပြီနော်။ လှည်းကို



www.burmeseclassic.com

www.burmeseclassic.com



နောက်မှ လာပို့မယ်။ ကိုင်း- ကျုပ်တို့ ပြန်ဗြီ"

ပြောချင်ရာပြောပြီး ဆရာတပည့်နှစ်ယောက် ထွက်သွား၏။ အော်ကြဟစ်ကြနှင့် ဝက်ဝက်ကွဲနေသော ရပ်ကွက်ထဲကြည့်ကာ အရပ်လူကြီး ဆရာကြိုင်တစ်ယောက် တပည့်သုံးယောက်နှင့်အတူ အရပ်ထဲ ဟန်ပါပါနှင့် လျှောက်လာ၏။

မေးကြည့်တော့လည်း စကားတွေက မရေမရာ။ တောင်ပြောမြောက်ပြောနှင့် ပြောနေကြ၏။ တချို့ကလည်း မင်းနှစ်ပါး မြင်းစီးပြီး အရပ်ထဲ ဝင်လာသည်ဟု ဆိုကြ၏။ ဘယ်သူ့စကားကို ယုံရမှန်းမသိ။

နောက်ဆုံး ဦးပါကြီးတို့အိမ်ရောက်မှ ဖျောက်ဆိပ်နှင့် ဂျာအေးတို့ လက်ချက်မှန်း သိလိုက်၏။ ထိုအချိန် ဟိုမေးသည်မေးနှင့် နောက်မှ တကောက်ကောက် လိုက်လာသော တင်ဝင်းတို့လူစု ဦးပါတို့အိမ်ဝိုင်းထဲ ဝင်လာ၏။ ဆရာကြိုင်ကိုတွေ့တော့ မျက်လုံးအပြူးသားနှင့် မေးလိုက်၏။

"ဟို- မြင်းညိုရှင်တွေ ဒီအထဲကို ဝင်သွားတယ်ဆို၊ တချို့က ပြောတာတော့ ကိုယ်တော်ကြီး၊ ကိုယ်တော်လေး နတ်မြင်းပျံကြီး စီးလာတယ် ပြောသဗျ။ ကမ္ဘာပျက်သလားတောင် အောက်မေ့ရသဗျာ"

"ဟ- ဘယ်ကဟုတ်ရမှာလဲ၊ အဲဒါ ပြဿနာဂျာအေးနဲ့ ထင်ရာစိုင်း ဖျောက်ဆိပ်တို့ဗျ"

"ဗျာ"

"ဟုတ်တယ်၊ ဒီနှစ်ကောင်ကို တစ်ပတ်လောက် အချုပ်ထဲ ထည့်လိုက်စမ်းဗျာ။ ဒီကောင်တွေကြောင့် ကျုပ်လည်း ရှုးချင်နေပြီ။ ဒီတော့ ဖမ်းသာဖမ်းဗျာ။ မှတ်လောက်သားလောက်အောင်သာ ချုပ်ထားလိုက်ဗျာ"

"ကောင်းပြီ၊ ဒီကိစ္စ ကျုပ်တာဝန်ယူလိုက်ပြီ"

တရားခံအစစ်ကို သိလိုက်ရပြီဖြစ်၍ တင်ဝင်းတို့လူစု တစ်ရပ်ကွက်ပြီး တစ်ရပ်ကွက် မွှေနှောက်ရှာဖွေရာ နောက်ဆုံး ဘုံဆိုင်တစ်ဆိုင်တွင် ဂျာအေးတို့ ဆရာတပည့်ကို ဖမ်းမိသွားလေတော့၏။

✿ ✿ ✿



www.burmeseclassic.com

ww.burmeseclassic.com

နုပျိုသောစိတ်သည်
အိုစာကျနေသော
ရုပ်ခန္ဓာကို
ချက်ချင်း ပြောင်းလဲပစ်နိုင်စွမ်း ရှိလေ၏။

www.burmeseclassic.com

ww.burmeseclassic.com

## အခန်း (၄)

လောကကြီးသည် အံ့ဖွယ်အကြောင်းအရာများနှင့် ပြည့်နှက်နေသည်မှာ မှန်ပေစွ။ ယခုလည်း ရပ်ကွက် သုံးလေးရပ်ကွက်ကို မြင်းတစ်စီးနှင့် လှည့်ပတ် ဒုက္ခပေးခဲ့သော ဖျောက်ဆိပ်တို့ ဆရာတပည့်နှစ်ယောက်ကို အချုပ်ခန်းထဲ ထည့်ထားလိုက်ရန်သာရှိ၏။ သို့သော် ဖျောက်ဆိပ်၏ အပြောအဟောကြောင့် ဌာနာအုပ် တင်ဝင်း ငိုင်ကျသွားခဲ့၏။ တပည့်လုပ်သူ စိုးတင့်မှာလည်း မှင်သက်မိလေ၏။

ဖျောက်ဆိပ်သည် ဌာနာအုပ် တင်ဝင်း၏ ရုပ်လက္ခဏာကို ကြည့်ကာ ဒိုးဒိုးဒေါက်ဒေါက် ပြောချလိုက်၏။

"ဆရာတင်ဝင်းရဲ့ ရုပ်လက္ခဏာကို ကြည့်လိုက်တာနဲ့ ဘာတွေဖြစ်နေပြီဆိုတာ ကျုပ် တပ်အပ်ပြောနိုင်သဗျာ"

"ဟင်၊ ဟို- ခင်ဗျား ခုချိန်မှာ အချုပ်ခန်းထဲ ဝင်ရမှာဗျ။ ခင်ဗျားတို့ကြောင့် ကျုပ်တို့ ဘယ်လောက် အလုပ်ရှုပ်သွားသလဲ သိလား"

"ခက်ပါ့ ဆရာတင်ဝင်းရယ်၊ မြင်းစီးတာ စီးချင်လို့စီးတာ မဟုတ်ဘူးဗျ။ ကျုပ်တို့နှစ်ယောက်ကို အထက်က စေခိုင်းလို့"

"ဘာ- အထက်က၊ ဘယ်လို အထက်ကလဲ"

"ဟာ- ဒါ ဂမ္ဘီရဆန်တယ်ဗျ၊ ရှစ်သောင်းလေးထောင်သော ဆရာ အပေါ်က ခိုင်းလို့ စီးရတာဗျ"

"ဆရာတွေ များလှချည်လား၊ ဟုတ်ဖူးထင်တယ်။ ပြီးတော့ ခင်ဗျား



www.burmeseclassic.com

www.burmeseclassic.com



တို့ အရက်တွေလည်း သောက်ထားတာဆိုတော့. . .”

“ဟာ- အဲဒါလည်း အထက်က ဆရာတွေက ခိုင်းတာဗျ၊ ကိုင်း- ဒါတွေထားပါတော့ဗျာ။ ကျွန်တော် တစ်ခွန်းပဲ ပြောလိုက်မယ်၊ ဟုတ်ရင် ဟုတ်တယ်သာပြော”

“ဗျာ၊ ဘာပြောမှာလဲ”

ဖျောက်ဆိပ်သည် တင်ဝင်းကို ဟန်ပါပါနှင့် ကြည့်လိုက်၏။ မျက်စိကြီးက ဇီးကွက်ကြီးလို ပြူးပြူးရဲရဲ။

“ဟုတ်ပြီ၊ ခင်ဗျားရဲ့အိမ်မှာ တနင်္ဂနွေသား ပြဿနာရှာနေတာပဲ ဖြစ်ရမယ်။ အဲဒီ တနင်္ဂနွေသားဟာ စနေသား လည်မျိုကို ဖြတ်နင်းဖို့ ကြံစည်နေတယ်။ အဲဒီ အကြံအစည်ဟာ ရက်ပိုင်းအတွင်း အောင်မြင်တော့မယ်ဗျ”

“ခင်ဗျာ၊ စနေသား။ ဟာ- မှန်တယ်ဗျ၊ တနင်္ဂနွေသားဆိုတာ ကျုပ်ယောက်ဖ အေးမောင်ဗျ။ တအားဆိုးတဲ့ယောက်ဖ၊ ကျုပ်ကို အမြဲ ရန်လုပ်နေတာဗျ။ ဟုတ်ပါပြီ၊ ဒါဆို လည်မျိုဖြတ်နင်းမယ် ဆိုတာ. . .”

“အဲဒါကြောင့်ပြောတာ၊ ခင်ဗျား လျှာထွက်ကိန်းရှိနေပြီ ဆရာကြီးရဲ့”

“ဟင်- ဒါဆို ဘယ်လိုလုပ်ရမတုံး ပြောပါဦး ဆရာဖျောက်ရယ်”

တင်ဝင်းတစ်ယောက် အမှုကိစ္စတွေ မေ့ကုန်၏။ ဖျောက်ဆိပ်ကို ဆရာတွေ ဘာတွေ ခေါ်ကုန်၏။ တပည့်ကျော် စိုးတင့်မှာလည်း အူချာချာ။ဂျာအေးသည် ဖျောက်ဆိပ်၏ ရိုက်ချက်ကို ခေါင်းတညိတ်ညိတ် ဖြစ်နေ၏။

“ကျုပ်ဆရာက တအား မှန်တာနော်၊ ပြောတာ လုပ်လိုက်စမ်းပါ ဆရာတင်ဝင်းရယ်”

“လုပ်မှာပေါ့”

“ဒါဆို ကျုပ်တို့ကို ဖမ်းဦးမှာလား”

“ဖမ်းတော့ မဖမ်းတော့ပါဘူးကွာ၊ နောက် အဲဒီလို မဖြစ်ဖို့တော့ ခဝန်ကတိ လက်မှတ်ထိုးရမယ်”



www.burmeseclassic.com

www.burmeseclassic.com



"ရပါတယ်ဗျာ၊ ခုဆို ဆရာတင်ဝင်းနဲ့ ကျွန်တော်တို့က မိတ်ဆွေစစ်တွေ ဖြစ်သွားပြီဗျ"

"ဟုတ်ပါ့ကွာ၊ ကိုင်း- လုပ်ပါဦး ဆရာဖျောက်။ ကျုပ် ဘာလုပ်ရမလဲဗျာ၊ ကျုပ်ယောက်ဖ အေးမောင်က ကျုပ်ကို အမြဲတမ်း မိုက်ကြည့် ကြည့်တာဗျ။ အိမ်မှာနေပြီး ဘာမှလဲ မလုပ်ဘူးဗျ"

"ဟုတ်ပြီ၊ အေးမောင်ဆိုတော့ အောင်မေး။ အောင်မေး ရှောင်ပြေး အောင် ကြောင်ခွေး မွေးဗျ"

"ဗျာ- ကြောင်ခွေး၊ ဟာ- ဆရာဖျောက်ကလည်း ဘာတွေတုံးဗျ"

"နေဦးဗျ၊အေးမောင်ရဲ့ ကက်ကင်းက မောင်အုံ့။ဟုတ်ပြီ၊ မောင်အုံ့ဆိုတာ ခင်ဗျား အသိမိတ်ဆွေထဲမှာ ရှိလား"

"ဟာ- မောင်အုံ့ဆိုတာ ကျုပ်ယောက္ခမကြီးဗျ"

"ဟုတ်ပြီ၊ ဒါဆို အဲဒီယောက္ခမကို အိမ်ပေါ်ခေါ်တင်လိုက်။ ဒါဆို ခင်ဗျားယောက်ဖ အေးမောင် ပြေးပြီသာမှတ်ဗျို့"

"ဟင်- သေချာရဲ့လားဗျာ"

"သိပ်သေချာတာပေါ့၊ လောကကြီးဟာ ဓာတ်တွေက ဒုက္ခပေးနေတာ။ ခုလည်း အေးမောင်ဆိုတာ အာပေါဓာတ်ဗျ။ ဒါကို မောင်အေး မီးဓာတ်၊ တစ်နည်းပြောရရင် တေဇောဓာတ်နှင့် ဖုံးပစ်လိုက်ရတယ်ဗျ။ လုပ်ကြည့်စမ်းဗျာ၊ ဒီတစ်ပတ်တည်းနော်"

"ကောင်းပါပြီဗျာ"

ဖျောက်ဆိပ်၏ အဟောအပြောကြောင့် ဌာနာအုပ် တင်ဝင်းတစ်ယောက် အယုံကြီး ယုံသွား၏။ အမှန်လည်း သူ့ကို ဒုက္ခအကြီးအကျယ်ပေးနေသူမှာ ယောက်ဖလုပ်သူ အေးမောင် ဖြစ်လေ၏။

သူနာမည်သုံးပြီး အရက်ဆိုင်တွေလှည့်ကာ အရက်အလကားသောက်ခဲ့၏။ အသုဘအိမ်တွေသွားကာ ဖဲသမားတွေထံမှ ပိုက်ဆံတောင်းခဲ့၏။

ကြာတော့လည်း တင်ဝင်း မခံနိုင်။ ဇနီးသည် ခင်မှုန်ကို ပြောပြန်တော့လည်း သူ့မောင်ဘက်မှ ကာကွယ်နေသဖြင့် တင်ဝင်းအိမ်တောင်မပြန်ချင်။ ထိုစဉ် ဖျောက်ဆိပ်၏အဟောကြောင့် ယောက္ခမလုပ်သူ၏



www.burmeseclassic.com

ww.burmeseclassic.com



အိမ်ပေါ် မရမက ခေါ်လာခဲ့၏။

ယောက္ခမလုပ်သူ ဦးအုံ့က ဖျစ်တောက်ဖျစ်တောက် ပြောတတ်ဆိုတတ်သူ ဖြစ်၏။ အိမ်ပေါ်ရောက်လာကတည်းက ပြောလိုက်သည့်စကား။ အေးမောင်ခမျာမှာလည်း ဖခင်ကြီး၏ အစစအရာရာ ပြောဆိုမှုကြောင့် အမြဲတမ်း ထိပ်တိုက်ရင်ဆိုင်နေရ၏။

အရက်သောက်လာသည့် အချိန်ဆိုလျှင် ဦးအုံ့က အေးမောင်ကို ပြဿနာ ရှာလေတော့၏။

"ဟကောင်- မင်းက အရက်သောက်လိုက်၊ ဖဲလှည့်ရိုက်လိုက် ဘယ်လိုတုံး၊ ငါ့မျက်နှာကို အိုးမဲသုတ်နေသလား ပြောစမ်း။ မှတ်ထားကွ၊ မောင်အုံ့ရာဇဝင်မှာ အရက်နဲ့ မရှိဘူးကွ။ မင်းကျမှ ငါ့ရာဇဝင်ကို အရက်အိုးထဲ စိမ်ရက်သကွာ"

"အဖေကလည်းဗျာ၊ နားငြီးလိုက်တာ"

"ဟာ- မင်းလုပ်ပုံကရော ကောင်းလားကွ။ ဘာအလုပ်မှ မလုပ်ဘဲ အရက်သောက်လိုက်၊ ဖဲရိုက်လိုက်နဲ့။အရွယ်ကြည့်တော့ မိန်းမယူရင် မြေးတောင်ရနိုင်တဲ့အရွယ်ကွ"

"အင်- အဖေကတော့ဗျာ၊ သောက်လာတဲ့ အရသာတောင် ပျောက်သဗျာ။ ဒါတွေဟာ ကျွန်တော် ဖန်တီးတာ မဟုတ်ဘူးဗျ"

"ဟေ- အရူး၊ မင်း ဘာတွေ ပေါက်တီးပေါက်ရှာ ပြောနေသတုံး။ တော်ပြီကွာ၊ မောင်အုံ့ရဲ့ မျိုးဆက်သစ်ဟာ အရက်နဲ့ မျက်နှာသစ်တယ်ဆိုတာ ရာဇဝင်ရိုင်းလှသကွာ။ ဟေ့ကောင် အေးမောင်၊ မင်း ဒီလို အရက်တွေ ဆက်သောက်နေမယ်ဆိုရင် မင်းကို ငါ အမွေ ဖြတ်ပစ်မယ်ကွ"

"ဗျာ- အမွေဖြတ်မယ်"

"ဟုတ်တယ်၊ ငါ ရှာက လယ်တွေယာတွေ၊ အိမ်တွေ အကုန်ရောင်းပြီး ရဟန်းဘောင်ဝင်တော့မှာကွ။ ဒီတော့ မင်းတို့မှာ မောင်နှမ နှစ်ယောက်ပဲ ရှိတာ၊ ခုပုံဆို မင်းကို ငါ့သားအဖြစ်က ရပ်စဲပစ်လိုက်မှ ဖြစ်မယ်"

"အဖေ၊ အဲဒီလိုတော့ မလုပ်ပါနဲ့ဗျာ။ ခုလိုလုပ်တာ ကျွန်တော်



www.burmeseclassic.com

www.burmeseclassic.com



လူငယ်စိတ် မကုန်သေးလို့ပါဗျာ"

"ဘာကွ- လူငယ်စိတ်၊ တော်စမ်း။ လူငယ်စိတ်ဆိုတာ အရက်သောက်တယ်၊ ဖဲရိုက်တယ်လို့ မကြားဖူးပါဘူးကွာ။ ကိုင်း- ဒီတော့ မင်း တစ်ခုခုကို ဆုံးဖြတ်။ အရက်သမား လုပ်မလား ဒါမှမဟုတ် ငါ့အမွေတွေ ယူမလားပြော"

"ဟင်"

ဦးအံ့၏စကားက အေးမောင်၏ အရှိက်ကို ထိသွား၏။ သောက်ထားသည့် အရက်ရှိန်လည်း ဘယ်ရောက်သွားမှန်းပင် မသိ။ အမွေနှင့် ခြိမ်းခြောက်လာတော့လည်း အေးမောင် မငြိမ်လို့မဖြစ်။ ဖခင်ဖြစ်သူ၏ လယ်တွေ၊ ယာတွေက နည်းနည်းနောနော မဟုတ်။ အမွေရလျှင် နှစ်ပေါင်းများစွာ ထင်ရာလုပ်နိုင်သည်ဟု တွေးမိလာ၏။

ထို့ကြောင့်လည်း ဖခင်ကြီးနှင့် ထိပ်တိုက် ပြဿနာဖြစ်ပြီးသည့်နောက် အေးမောင် အရက်ကို တုံးတိ ဖြတ်ချလိုက်၏။ ဖခင်ကြီးရှေ့တွင် မခုတ်တတ်သည့် ကြောင်ကလေးလို ရိုးရိုးကုပ်ကုပ် နေထိုင်ပြခဲ့၏။

တင်ဝင်းမှာ အေးမောင်၏ အပြောင်းလဲကြီး ပြောင်းလဲသွားသော အခြေအနေကို ကြည့်ကာ အံ့သြ၍မဆုံး။ သူ့ကို ယတြာပေးခဲ့သည့် ဖျောက်ဆိပ်ကိုလည်း အထင်တကြီး ဖြစ်မိလေ၏။ ထိုအကြောင်းကို ညီမဖြစ်သူ ဆွေဆွေ့ကို ပြောပြခဲ့ရာ ဆွေဆွေတစ်ယောက် ဖျောက်ဆိပ်နှင့် တွေ့ပါရစေဟု ဖွတ်အစမ္မ ပူဆာလေတော့၏။

ဆွေဆွေ၏အသွင်က ရိုးရိုးအေးအေးကြီး။ ဝတ်တာစားတာက အစ အေးစက်စက် ထုံတုန်တုန်။ သို့သော် ယခုတစ်လော ဆွေဆွေ ခံစားနေရသည်မှာ သူများတွေလို ချစ်သူမရှိသေးသည့် ပြဿနာပင်။

ချစ်သူတွေ တွဲသွားတွဲလာ ပွတ်သီးပွတ်သပ် တိုးတိုးတွတ်တွတ် ပြောဆို သွားလာနေကြပုံကိုကြည့်ပြီး ဆွေဆွေ အားအကျကြီး ကျနေ၏။ ဆွေဆွေ၏ အရွယ်က အပျိုဟိုင်းကြီးဟု ဆိုရချေမည်။ အရွယ်အားဖြင့် သုံးဆယ်စွန်းစ ရှိချေပြီ။ ထို့ကြောင့်လည်း သူ့ရင်ထဲ အချစ်တွေဆာလောင်နေ၏။ ဖျောက်ဆိပ်က အကြားအမြင်ရ ဟောတာမှန်သည် ဆိုသဖြင့် အစ်ကိုလုပ်သူကို မရမက ပူဆာနေခြင်း ဖြစ်လေ၏။



www.burmeseclassic.com

ww.burmeseclassic.com



နောက်ဆုံးတော့ တင်ဝင်းသည် နှမလုပ်သူနှင့် ဖျောက်ဆိပ်ကို တွေ့ပေးလိုက်၏။ ဖျောက်ဆိပ်သည် ဂျာအေးနှင့်အတူ တင်ဝင်းတို့အိမ်ဆီ ရောက်ရှိလာ၏။ ဆွေဆွေသည် ဖျောက်ဆိပ်တို့နှစ်ဦးကို ကြည့်ကာ ဝမ်းသာအားရ ဖြစ်နေ၏။

"ဟယ်တော်- ဗေဒင်ဆရာက နှစ်ယောက်ပါလား"

"ဟို- ဟုတ်ပါဘူး မိဆွေရာ၊ ဟောဒီ နဖူးပြောင်ပြောင် ပြောင်းဖူးမွေးဆံပင်နဲ့လူက ဆရာဖျောက်ဆိပ်ဟ"

"ဟုတ်လား၊ ဆရာ့ပုံက ခန့်ခန့်ညားညားကြီးနော်"

"ခင်ဗျာ"

"ဟင်းဟင်း ဟိုဘက်က ကောင်လေးက သရဲလိုလို၊ တစ္ဆေလိုလိုနဲ့ ကြောက်စရာကြီး"

"ဗျာ"

ဆွေဆွေသည် သူတို့နှစ်ယောက်ကို လက်ညှိုးကြီး တထိုးထိုးနှင့် ပြောဆိုနေ၏။

ဂျာအေးခမျာ သူ့ကို တစ္ဆေသရဲဟု ပြောလိုက်သဖြင့် မျက်နှာကြီး ရှုံ့တွတွ ဖြစ်သွားသော်လည်း ဖျောက်ဆိပ်တစ်ယောက် မြှောက်ကြွမြှောက်ကြွ ဖြစ်နေ၏။

"ဆရာဖျောက်နော်"

"ဟုတ်ပါတယ်ဗျာ။ ကိုင်း- ဆိုပါဦး နှမလေးရဲ့၊ ဘဝရေး မှန်သမျှ ခဏလေးနဲ့ ဒိုးဒိုးဒေါက်ဒေါက် ဖြေနိုင်တဲ့လူပါ နှမလေးရယ်"

"ဟုတ်လား၊ ဟို. . . ဟို ဆရာက နဖူးကြီး ဘာဖြစ်လို့ ပြောင်နေတာလဲဟင်။ အဲဒီ နဖူးကြီးပေါ် ဆံပင်တွေ ပြန်စိုက်လိုက်ရင် ဟီးဟီး. . ."

"အင်"

ဆွေဆွေ၏စကားကြောင့် ဖျောက်ဆိပ်တစ်ယောက် သူ့နဖူးကြီးသုံးသပ်မိ၏ ဆွေဆွေ့ကို ကြောင်စီစီ လှမ်းကြည့်နေ၏။ ထိုစဉ် ဆွေဆွေက ပြုံးစိစိ ကြည့်ရင်း ဆက်ပြောလိုက်၏။

"ဆရာ၊ ဆရာက လူပျိုကြီးလားဟင်။ ရုပ်လက္ခဏာက လူပျိုကြီး



www.burmeseclassic.com

www.burmeseclassic.com



လိုလို ဘာလိုလိုနဲ့"

"ဟိုက်"

"ဟုတ်တယ်၊ ကျွန်တော့်ဆရာ ဆရာဖျောက်က ရေတစ်စက်ကလေးမရောတဲ့ လူပျိုကြီးဗျ။ ဟဲဟဲ- ရည်းစားဆို မူးလို့ ရှူစရာတောင် မရှိဘူးဗျ"

"ဟကောင်- ဂျာအေး၊ မင်း မင်းကွာ"

"ဟာ- ဆရာဖျောက်ကလည်း ဟုတ်လို့ ဟုတ်တယ်ပြောတာတောင့်တောင်ဤဤ ငြင်းမနေစမ်းပါနဲ့"

"ဟော"

ဂျာအေးကပါ ဝင်ပြီး ထင်ရာပြောလိုက်သဖြင့် ဆရာကြီး ဖျောက်ဆိပ်ခမျာ မျောက်မီးခဲထိုင်မိသလို ဖြစ်နေ၏။ ဆွေဆွေ၏ စကားကြောင့် အပုလေးအတွက် ငုတ်ရိုက်ထားခဲ့သော နှလုံးသား မြုန်းစားကြီး လှုပ်ရှားလာခြင်းပင်၊ စကားတွေ အယောင်ယောင်အမှားမှား။ ခြေဖျားလက်ဖျားတွေပင် ထုံတုန်တုန် ခဲအေးစက်စက်။

ထိုစဉ် သူ့ကို မျက်လုံးရွဲရွဲကြီးနှင့် ကြည့်နေသော ဆွေဆွေက စကားဆက်လိုက်ပြန်၏။

"ဟီဟိ- ဆရာက လူပျိုကြီးဆိုတော့ ဆွေဆွေကလည်း လူပျိုကြီးအဲလေ အပျိုကြီး"

"ဟော- ဟိုဒင်းလေ. . . ဟိုလကွယ်"

"ဘာတွေတုံး ဆရာရယ်၊ မြင်းကမလှုပ် ခုံကလှုပ်နေတာတော့ငဲ့ပါဦး"

"ဟင်- လှုပ်၊ ဘယ်ခုံက လှုပ်သတုံးဟ။ ရှုပ်ကုန်ပြီထင်တယ်"

"ရှုပ်ပါဘူး၊ ဆရာ့ရုပ်က ရုပ်ရှင်မင်းသား ရွှေဘလိုလို၊ ဝင်းဦးလိုလိုနဲ့"

"ဟိုက်- အဲဒီ မင်းသားတွေ သေကုန်ပြီဟ"

"ဟဲဟဲ ဒါဆို ဆရာဖျောက်လည်း ခန္ဓာဝန်ချတော့မယ်ဗျို့"

"ဟကောင် ဂျာအေး တိတ်စမ်း၊ ဒီမှာ မဆွေ. . . "

"ဟင်- ဆရာက ဆွေ့ကို မဆွေလို့ ခေါ်တယ်၊ ဟီးဟီး ပျော်လိုက်



www.burmeseclassic.com

www.burmeseclassic.com



တာ။ ခေါ်စမ်းပါ၊ နောက်ထပ် လေးငါးဆယ်ခေါက်လောက် ခေါ်ပါဦး။ ကြားရတာ နားဝင်ချိုလွန်းလို့ပါ"

"ဟိုက်"

ဆွေဆွေ၏ အသွင်က ပြောလေကဲလေ အသွင်။ ဖျောက်ဆိပ်တစ်ယောက် ဂျာအေးကိုလည်း အကူအညီ မတောင်းရဲ။ ဂျာအေးကပါ ဝင်၍ မ,နေသဖြင့် ဖျောက်ဆိပ် မထွေးနိုင် မမျိုနိုင် ဖြစ်နေ၏။

"ဟို- ဒီကညီမကို အစ်ကိုကြီးက. . ."

"ရှင်၊ အစ်ကိုကြီးတဲ့ ဟီးဟီး"

"အင်- ဒုက္ခပါပဲ၊ စိတ်ငြိမ်ငြိမ်ထားပါကွယ်။ အစ်ကိုကြီးလာတာ ညီမလေးကို ဟောစာတမ်း ဟောမလို့"

"ရှင်၊ ညီမလေး"

ဆွေဆွေတစ်ယောက် သူပြောသမျှကို ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ ဂျာအေးသည် ဖျောက်ဆိပ်ကို စပ်ဖြဲဖြဲနှင့် ကြည့်နေ၏။ ထိုစဉ် ဆွေဆွေက လေသံတိုးတိုးနှင့် ပြောလိုက်၏။

"ကိုကြီးဖျောက်"

"ဟေလကွယ်"

"ဟိုလေ- ကိုကြီးဖျောက်၊ ရည်းစားစာ ရေးဖူးလားဟင်။ အဲဒီလို ရေးရင် ရင်တွေဘာတွေ ခုန်သလားဟင်"

"ဟေ၊ ဟို- အဲဒါတော့ မရေး. . ."

"အို - ရေးကြည့်ပါလား၊ ဆွေဆွေလည်း ရေးကြည့်ချင်တယ်။ ဆွေဆွေလေ ရင်တွေ ခုန်ကြည့်ချင်တယ်"

"ကောင်းတာပေါ့၊ ဒါဆို ဆရာဖျောက်နဲ့ မဆွေဆွေတို့ ရည်းစားစာ အပြန်အလှန်ရေးပြီး ရင်တွေခုန်ကြည့်ကြပါလားဗျ"

"ဟေ- ချာ ချာအေး မင်း. . ."

"ဟာ- ဆရာကလည်း ချာအေး မဟုတ်ပါဘူး၊ ဂျာအေးပါဗျာ။ ဘယ်လိုဖြစ်သတုံး၊ ရင်ခုန်သံတွေ အုန်းအုန်းထကုန်ပြီထင်တယ်"

"ဟေ- တော် တော်ကြပါတော့"

ဖျောက်ဆိပ်တစ်ယောက် ဆွေဆွေနှင့် ဂျာအေးကြား ချာချာလည်



www.burmeseclassic.com

www.burmeseclassic.com



နေ၏။ သူကိုယ်သူလည်း ဘာမှန်းပင် မသိတော့။ ထိုစဉ် အိမ်ပေါ်
တင်ဝင်းယောက်မှ ဦးအံ့ကြီး တက်လာ၏။ ဖျောက်ဆိပ်နှင့် ဂျာအေး
မှုန်ကုပ်ကုပ် လှမ်းကြည့်ရင်း မေးလိုက်၏။

"ဘယ်ကဟာတွေတုံးဟ"

"အို- ဦးကြီးကလည်း သူတို့က ဆွေဆွေ့မိတ်ဆွေတွေပါ"

"ဟုတ်လား၊ ရုပ်တွေကတော့ မဟုတ်မဟတ်လုပ်မယ့် အသွင်
နော်။ သတိလည်းထား ကလေးမရေ"

"ဗျာ"

ဦးအံ့ကြီးသည် သူတို့ကို ပေစောင်းပေစောင်း ကြည့်ရင်း ထ
ပြောဆို၍ ထွက်သွား၏။ ဆွေဆွေကတော့ ပွစိပွစိ။ ဖျောက်ဆိပ်
လာရင်းကိစ္စပင် မေ့နေ၏။ ထိုစဉ် ဂျာအေးက ဆက်ဖွလိုက်၏။

"ဘယ်လိုတုံး ဆရာဖျောက်၊ ရင်တွေခုန်နေပြီလား"

"ဟကောင်၊ မင်း မဟုတ်တာတွေ မပြောပါနဲ့ကွာ။ ကိုင်း-
ဦးမယ် ညီမလေးရယ်၊ နောက်တစ်ခေါက်မှ လာမယ်နော်"

"အို- ပြန်တော့မလို့လား၊ အိမ်မှာ ထမင်းစားသွားကြလေ"

"ဟင်- ရပါတယ်ကွယ်"

ပြောပြောဆိုဆိုနှင့် ထိုင်ရာမှ အလျင်အမြန်ထကာ ရှေ့မှ
သွား၏။ ဂျာအေးသည် ဆွေဆွေ့ကို ပြုံးစိစိကြည့်ပြီး ပြောလိုက်၏။

"ဆရာဖျောက်က လူပျိုကြီးဆိုတော့ ရင်ခုန်တတ်တယ် မ
ခုလည်း ရှက်လို့ပြေးပြီ"

"ဟင်းဟင်း. . . ဆွေဆွေ ရင်တွေခုန်နေတာလည်း ပြော
ပါနော်၊ ဆွေဆွေ မျှော်နေမယ်လို့"

"ပြောလိုက်ပါ့မယ်ဗျာ၊ ကိုင်း- သွားပြီဗျို့"

ဂျာအေး နောက်မှ မနည်းဆင်းလိုက်ခဲ့ရ၏။ ဖျောက်ဆိပ်
လမ်းထိပ်ရောက်သည်နှင့် အအေးဆိုင် တစ်ဆိုင်ထဲ ဝင်ကာ ဂျာအေး
မျှော်နေ၏။ သူ့ရင်တွေ ခုထိ ချောက်ချောက်ချားချား ဖြစ်နေ၏။
ကိုယ်ကိုယ် ဘာတွေဖြစ်မှန်းပင် မသိတော့။

ထိုစဉ် ဂျာအေး ဆိုင်ထဲဝင်လာ၏။ မျက်နှာက ပြုံးဖြဲဖြဲ။ သူ့



www.burmeseclassic.com

ww.burmeseclassic.com



တာ့ ပခုံးလေးတွန့်ပြလိုက်ပြီး ထိုင်ခုံတွင် ဝင်၍ထိုင်လိုက်၏။

"ဘယ်လိုဖြစ်တာလဲ ဆရာဖျောက်ရဲ့"

"ဟာ- မင်း ဘာတွေလျှောက်ပြောသတုံး၊ ဟို ဟိုကောင်မလေးက ငါ့ကို လူပျိုကြီးလို့ ထင်သွားပြီကွ"

"ကောင်းတာပေါ့ ဆရာဖျောက်ရယ်"

"ဘာကောင်းတာလဲကွ၊ ငါက တစ်လင်တစ်မယားစနစ်ကို ကြိုက်တာကွ"

"ခက်ပါ့ ဆရာဖျောက်ရာ၊ ကျွန်တော်လည်း ဘာမှ မပြောရသေးပါလားဗျ။ ကိုင်း - ခု ဘယ်လိုဖြစ်နေပြီတုံး၊ မဆွေက ဆရာဖျောက်ကို တအား ကျနေပုံဗျ"

"ဟကောင်၊ မိုးကြိုးတွေ ပစ်ကုန်တော့မှာပဲကွ။ ငါ့မှာ အဲဒီလို ခံစားမှု မရှိချင်တော့ဘူးကွ။ အပုလေးနှလုံးသားထဲမှာ ငါ ခေါင်းချချင်တာကွ"

"ရော- ခေါင်းချတာပဲ ဆရာဖျောက်ရယ်၊ ဘယ်နေရာဖြစ်ဖြစ် ရပါတယ်ဗျာ။ ခုဥစ္စာ သူက စတာလေ ဆရာဖျောက်ရာ၊ အချစ်ဆိုတာ များများချစ်လေ ကောင်းလေပဲဗျ"

"မင်း မဟုတ်တာတွေမပြောနဲ့"

"ဘာလဲ၊ ဆရာဖျောက် ရင်တွေခုန်နေပြီ မဟုတ်လား။ အဲဒါ အချစ်ဗျ။ ဘဝကို ပုံသေကြီး မရိုက်သွင်းစမ်းပါနဲ့ဗျာ။ ပြောရရင် ချစ်ကွဲညားတွေချည်းပဲ။ ရိုးနေပြီဗျ၊ ချစ်ကွဲကွဲ ချစ်ညားကွဲ၊ ညားကွဲချစ်"

"ဟကောင်- တော်တော့၊ ဘာတွေတုံး။ ဟို ဟိုကောင်မလေး ဘာပြောသေးသတုံး"

"ဟာ- မျှော်နေမယ်တဲ့၊ မလာရင် အိမ်လိုက်လာမှာတဲ့ဗျ"

"ဗုဒ္ဓေါ"

ဖျောက်ဆိပ်ရင်ထဲ ဝုန်းဆူသွား၏။ တစ်ခါမှ မခံစားဘူးသည့်မို့ ခံကိုးရှက်ကန်း ဖြစ်နေ၏။ ဂျာအေးစကားတွေက သူ့နှလုံးသားကို အုန်းအုန်း လှုပ်ခါနေသလိုပင်။



www.burmeseclassic.com

www.burmeseclassic.com



"ဆရာဖျောက်ရယ်၊ ဆရာဖျောက်ဟာ ငယ်ရာက ကြီး
မဟုတ်ဘူးဗျ။ ကြီးရာက ငယ်သွားတဲ့ပုံ။ ရင်ထဲ ဖြစ်နေ
အန်ထုတ်လိုက်စမ်းပါဗျာ။ အချစ်ဆိုတာ မပွင့်လင်းရင် နှ
မှာ မြစ်ပွားနာတွေ ဖြစ်တတ်သဗျ"

"အင်- ငါ ဘာတွေဖြစ်နေမှန်းတောင် မသိတော့ဘူး ဂျာ
အဲဒီကိစ္စ ကောင်းပါ့မလားကွာ။ ငါ ခုထိ ခြေတွေလက်
နေတုန်းကွ"

"ဟားဟားဟား အချစ် အချစ်လေ၊ ခုန်လိုက်စမ်းပါဗျာ
တိုးလာတာကို ကိုယ်က နောက်ဆုတ်နေရင် ဆရာ
လောက်မိုက်တာ ရှိတော့မှာ မဟုတ်ဘူးဗျ"

"ဂျာအေး၊ ဟို ဟိုဒင်းလေကွာ. . . အပုလေး"

"ဖော- ဒါက တစ်ကဏ္ဍလေ ဆရာဖျောက်ရဲ့။ မပုလေးက
ဖျောက်ရဲ့ဘဝ၊ မဆွေက ဆရာဖျောက်ရဲ့ နှလုံးသား၊
တစ်ကန့်စီ ခွဲလိုက်ပေါ့ဗျာ"

"ဓာင်"

ဂျာအေးစကားတွေကြောင့် သူ့ရင်ထဲ ပြောင်းဆန်နေ
ပြောင်ပြောင်ကြီးကို ပွတ်သပ်ကာ တောင်တောင်ဤဤ တွေ
ဖျောက်ဆိပ် နင်နေပုံကြည့်ပြီး ဂျာအေး ပြုံးဖြဲဖြဲ လုပ်နေ၏။ ကို
အကြောင်း ကိုယ်အသိဆုံး။ အပုလေးကို ကမ္ဘာမှတ်ပြီး
ရှင်သန်နေသော ဆရာဖျောက်ဆိပ်။ ယခုတော့ ရင်ခုန်သံတွေနှင့်
နေပြီ ဖြစ်လေ၏။

စားပွဲပေါ်မှ အအေးခွက်ကို မော့သောက်ရင်း ဆေးပေါ့
မီးညှိဖွာရှိုက်လိုက်၏။

"ဟိုဒင်းလကွာ၊ အဲဒီ ကောင်မလေးက ဆရာ ကို
နှမကွ။ ငါက အကြားအမြင်ဟောဖို့သွားတာ၊
အကြားအမြင်ရအောင် လုပ်နေသလိုပဲ။ သူ့ထင်ရာ
ပေမယ့် ငါ ဘယ်လိုနေ ဘယ်လိုထိုင်ရမှန်းတောင်
တော်တော်တော့ ဆန်းသား"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ- အဲဒါ အချစ်လေ ဆရာဖျောက်ရဲ့ ချစ်ပစ်လိုက်စမ်းပါဗျာ။ ဒါ နှလုံးသားကိစ္စဗျ။ မပုလေး ဘယ်လိုသိမှာလဲ"

"ဖြစ်ပ့ါမလားကွာ၊ ပြီးတော့ သူက ငါ့နဖူးမှာ ဆံပင်တွေ ဘာဖြစ်လို့ ပြန်စိုက်ချင်သတုံး။ အဲဒီစကားက ဘယ်လိုကြီးလဲ"

"ဟာ- အဲဒါပဲလေ၊ ဆရာဖျောက် နုပျိုခန့်ညားတာကို မဆွေက မြင်ချင်တာဗျ။ ဘာမှ တွေးမနေပါနဲ့ ဆရာဖျောက်ရယ်၊ ဆရာဖျောက်ရုပ်ရည်က မပြင်ဆင်လို့ဗျ။ ပြင်ဆင်လိုက်ရင် အတော့်ကို ကျက်သရေရှိတာ။ ဒီတော့ ကိုယ့်ကိုယ်ကိုယ် ပြုပြုပြင်ပြင်တော့ နေသင့်တာပေ့ါ"

"အင်-ကောင်းကွာ၊ ဟုတ်မှဟုတ်ရဲ့လား။ ငါတော့ ဝါးတားတားပဲ"

"လက်တွေ့ဆန်စမ်းပါ ဆရာဖျောက်ရယ်၊ ဟို- တိုင်းတစ်ပါးမှာ ဘဝစတာ လေးဆယ်ကျော်ဆို ဆရာဖျောက်ပဲ ပြောဖူးတယ်လေ။ ခုလည်း ဆရာဖျောက်က လေးဆယ်စွန်းစပါဗျာ"

"ဟေ"

ဖျောက်ဆိပ်တစ်ယောက် ဂျာအေး၏ ဒိုင်ကြောင်တွေကြား ကိုယ့်ယ် ဝါးတားတား ဖြစ်နေ၏။ အိမ်ပြန်ရောက်သည်အထိ အိပ်မက်ိနေလေသလား အာရုံတွေ ဇဝေဇဝါ။ ကလေးပုခက်လွှဲနေသော းမျက်နှာကို ရဲရဲမကြည့်ဝံ့။

အရေးထဲ အပုလေးကလည်း အလွမ်းသီချင်းတွေ ဟဲနေ၏။ တာ သူ့ကို ပြုံးစိစိကြည့်ပြီး မေးငေါ့ပြလိုက်၏။ ဖျောက်ဆိပ်သည် ခါခါလုပ်ရင်း ပါးစပ်ပိတ်ထားရန် လက်ဟန်ခြေဟန်နှင့် ပြော

သူတို့လုပ်ရပ်ကို အပုလေး မမြင်။ အသံကြီး တပြပြနှင့် အော်ဟစ် ၏။ နှစ်ယောက်သား နောက်ဖေးမီးဖိုချောင်ဝင်ကာ ဟင်းထမင်း းသောက်လိုက်၏။ ဖျောက်ဆိပ်ခမျာ ထမင်းသာ စားနေရသော် ူမျက်လုံးထဲ ဆွေဆွေဟူသော မိန်းမချောလေးကို မြင်ယောင်နေ

ားသောက်ပြီးသည်နှင့် အိမ်ရှေ့ဝမ်းလျားတွင် နှစ်ယောက်သား



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာချင်းဆိုင် ထိုင်လိုက်၏။ ဖျောက်ဆိပ်သည် ဆေးပေါ့လိပ်တို မီးခိုးထောင်းထောင်းထအောင် ဖွာရှိုက်ရင်း ဆွေ့ဆွေ့၏အကြောင်းကို တွေ နေ၏။ တပည့်လုပ်သူ ဂျာအေးက သူ့ကို ပြုံးစိစိကြည့်ပြီး ပြောလိုက်၏

"ဆရာဖျောက်၊ တိုးပြီးသား ခြေလှမ်းကို ဘယ်တော့မှ နော ဆုတ်ဖို့ ပြန်မတွေးနဲ့ဗျ။ ယောက်ျားကောင်း မောင်းမတစ်ထော ပဲ။ ခုမှ တစ်ယောက်ရှိသေးတယ်။ နောက်ထပ် ကိုးရာကိုးဆ ကိုးယောက် ယူလို့ ရသေးတယ်ဗျ"

"ဟကောင်- တိုးတိုးပြောပါဟ။ အပုလေး ကြားသွားမှ ဖွပ် ကြေနေပါဦးမယ်"

"အိုဗျာ- လောကကြီးမှာ ကြောက်မယ်ဆို ကြောက်စရာ တစ်ဖုံကြီးဆို။ သွေးကြောင်ရင် ခွေးဟောင်တောင် ထကြည့် လူစားထဲ ကျုပ်ဆရာ ဆရာဖျောက် ပါလိမ့်မယ်တော့ မထ ဘူးဗျ"

"ဟော- ဟိုကွာ၊ အဲဒီလိုမျိုးပေါ့"

"ဘာလဲ ဆရာဖျောက်ရဲ့"

"အိုကွာ- မင်း စောစောက ရွတ်တာလေ၊ ယောက်ျားကော မောင်းမတစ်ထောင်ဆိုတဲ့ စကားဟာ အတော့်ကို စဉ်းစားစရာ မိန်းမ တစ်ထောင်လောက် ချစ်ရဲတဲ့လူဟာ တစ်ကမ္ဘာလုံး အုပ်ချုပ်နိုင်တဲ့ သူ့ရဲကောင်းကွ"

"ဟုတ်ပြီ- အဲဒါ ပို့င့်ပဲ ဆရာဖျောက်ရေ၊ ခုဉစ္စာ မြောင်းမ ချောင်းမဖော်ဘဲ ဝင်လာတာဆိုတော့ ကေန္တ ရေလာမြောင်း မဟုတ်ဘဲ ရေလာမြောင်းမေး ဖြစ်ရမယ်ဗျ"

"ဟော- ဘာတုံးဟ၊ မင်းဉစ္စာကလည်း"

"ဟိုဒင်းလေဗျာ၊ ခုဉစ္စာ မြောင်းမရှိ ချောင်းမရှိဘဲ ရေဝင်လာ ဆိုတော့ ရေလျှံတာပေါ့ဗျာ။ ဟုတ်တယ် ဆရာဖျောက်၊ ေ တာဗျ။ ကံကောင်းလိုက်တာမှ အံ့စရာပဲ ဆရာဖျောက်ရေ"

"အေးကွာ၊ ငါ ကံကြမ္မာကိုလည်း အံ့ပါ့ကွာ"

"အဲဒါကြောင့် ပြောတာပေါ့၊ တိုးပြီးသားခြေလှမ်း မဆုတ်နဲ့



www.burmeseclassic.com

www.burmeseclassic.com



ပြောတာဗျ"

"ဟော"

ဂျာအေး၏ ဖွာလောင်ဖွာလောင်အသံကို အပုလေး နားစွင့်
ဖျား ကြားသွား၏။ သူ့ယောက်ျား ကြည့်တော့လည်း တန်းလျားပေါ် မှာ
တ်တုတ်။ ဆေးလိပ်ခိုးတွေက ထောင်းထောင်းထနေ၏။ နဖူးပေါ် မှ
ာဆံမွေး ဆံပင်တွေကလည်း ဖွာလန်ကြဲ။

သူ့စိတ်ထဲ ထိတ်ထိတ်ပျာပျာ ဖြစ်သွား၏။ ထို့ကြောင့်လည်း အိမ်
ါမှ ဆင်းလာကာ ခင်ပွန်းသည်အနား လျှောက်လာ၏။ အပုလေးခြေသံ
ားလိုက်သည်နှင့် ဖျောက်ဆိပ် သည်းထိတ်ရင်ဖို ဖြစ်နေ၏။

"ဟင်- ဟို ဟိုဒင်း သား အိပ်ပြီလား"

"ဘယ်လိုဖြစ်နေတာတုံး ကိုဟဝ္ဗာရဲ့"

"ဟဲဟဲ- ဘာမှ မဖြစ်ပါဘူးကွာ၊ ဟို့နှစ်ယောက် စီးပွားရေးကိစ္စ
ဆွေးနွေးနေတာပါ"

"ဟုတ်လား၊ စောစောက ကြားတာတော့ တိုးပြီးသားခြေလှမ်း ဘာ
ဖြစ်တယ်။ ရှင်တို့ ဘယ်တိုးနေကြတာတုံး"

"အင်- ဟို. . . တော"

"ဘာ- ဘယ်တောတိုးနေကြတာလဲ၊ တော်ကြီး ဘယ်လိုဖြစ်နေ
သတုံး ပြောစမ်း။ ချက်ဆို နားခွက်ကမီးတောက်တဲ့ အပုလေး
နော်"

"ဟာ- မိန်းမကလည်းကွာ၊ ကိုယ်တို့နှစ်ယောက် မြင်းလှည်း
မမောင်းဘဲ ဘာမောင်းကြရင် ကောင်းမလဲ စဉ်းစားနေတာ"

"ဟုတ်တယ်၊ ဆရာဖျောက်က လေယာဉ်မောင်းမလို့တဲ့ဗျ"

"အလိုတော်၊ လေယာဉ်မောင်းမယ်။ ရှင် ဘာတွေ စတန့်ထွင်ဦး
မလို့လဲ ပြောစမ်း၊ ကိုကြီးဖျောက်"

"ဟေလကွယ်"

"တော် လေယာဉ်မယ်လေးတွေမြင်ပြီး. . ."

"ဟာ- မဟုတ်ရပါဘူးကွာ၊ ဒီကောင် ပေါက်တီးပေါက်ရှာ
လျှောက်ပြောနေတာပါ မိန်းမရ"



www.burmeseclassic.com

www.burmeseclassic.com



"တော်ကြီးနော်၊ တောင်တောင်ဤဤ လုပ်မယ်တော့ မကြံနဲ့။ အပုလေးအကြောင်းလည်း သိသားပဲ"

"သိပါတယ်ဟာ"

အပုလေးက မျက်စောင်းတထိုးထိုးနှင့် သူတို့အနားမှ ထွက်သွား၏။ ဖျောက်ဆိပ်တစ်ယောက် ခေါင်းကြီးတလည်လည် ဖြစ်နေ၏။ အပုလေးကို လျှော့တွက်လို့မရ။ အင်မတိ အင်မတန် နားပါးလှသည့် မိန်းမ။ ဆွေဆွေ့ကိစ္စသာ သိလို့ကတော့ သူ့နဖူးကြီး ဟက်တက်ကွဲမှာ သေချာ၏။

သို့သော် သူ့စိတ်ထဲ ကသိကရိ ဖြစ်နေရသည်က ဆွေဆွေ။ စကားကို အကျယ်တဝင့်လည်း မပြောရ။ သူ့အဖြစ်က မထွေးနိုင်မမျိုနိုင်အဖြစ်။

ဂျာအေးကို လက်တို့ပြီး အပြင်ခေါ် ထုတ်သွားရ၏။ မြင်းလှည်းဂိတ်ရောက်တော့ တာတေကြီးတို့လူစု ကျားထိုးနေကြ၏။ လောလောဆယ် သူတို့နှစ်ယောက်စလုံး အလုပ်လက်မဲ့ ဖြစ်နေကြ၏။ မြင်းလှည်းပြန်ပေးလိုက်ရသည့်ကိစ္စ အပုလေး မသိသေး။

တာတေကြီးက မြင်းလှည်းရှာပေးမည် ဆိုသဖြင့် သတင်းမေးရောက်လာ၏။ တာတေကြီးက သူတို့ကို မြင်သည်နှင့် ထိတ်ထိတ်ပျာပျာ ဖြစ်နေ၏။ ကျားဝိုင်းကို စိန်ကျော်တို့နှင့် ထားခဲ့ပြီး လှည်းပေါ် ထိုင်ကာ စကားပြောလိုက်၏။

"မင်းတို့ ဘာလာလုပ်ကြပြန်သတုံး"

"ဟာ- ခင်ဗျားကလည်း လှည်းရမယ်ဆို၊ အဲဒီကိစ္စ လာမေးတာဗျ။ ပြီးတော့ အိမ်ကမိန်းမ မသိသေးလို့၊ သိသာသိလို့ကတော့ ပြဿနာပဲ"

"အဲဒါ မင်းတို့ မှွေတာလေကွာ။ ဟိုကောင် ဂျာအေး ပြဿနာကောင် မြင်းလှည်းကို လန်ချားလုပ်မောင်းလိုမောင်း၊ မြင်းကို ပေါင်ချင်သလိုပေါင်နဲ့ ပြဿနာတွေ မရှုပ်ရှုပ်အောင် လုပ်တာကိုး"

"ဟုတ်ပါတယ် ကိုတာတေကြီးရာ၊ ဒီကောင် မှွေလို့ပါ"

"အဲဒီလို မပြောပါနဲ့ ကိုတာတေကြီးရာ၊ မြင်းကို လူတွေစီးခိုင်းတာ ကြာပြီလေ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာကွ၊ မင်းကွာ။ ကိုင်း- အခု ငါ ပြောမယ်၊ လှည်းတော့ရှိတယ်။ စပေါ်တော့ များတယ်ကွ၊ မင်းတို့ စပေါ်တင်နိုင်မလား"

"ဟင်- စပေါ်၊ ဟာ- ခုတောင် ဟိုကဆွဲ ဒီကဆွဲနဲ့ အပုလေးကို ပေးရလို့ အကြွေးတွေ တက်နေပြီဗျ။ ဘယ်လိုလုပ် စပေါ်တင်နိုင်မှာလဲ"

"အဲဒါတော့ မင်းတို့ကိစ္စပဲကွာ"

"ဒုက္ခပါပဲ"

တာတေကြီးက သူတို့နှစ်ယောက်ကို ကြည်ဖြူပုံမပေါ်။ သူတို့ကြောင့် အချုပ်ထဲ ရောက်ရသည်ကို မမေ့။ ယခုလည်း ပြဿနာတစ်ခုခု ဖြစ်လာမည်ကို ထိတ်နေ၏။ ထိုစဉ် ဖျောက်ဆိပ်က တာတေကြီးကို ကြက်နွာသေလေးနှင့် ပြောလိုက်၏။

"ကိုတာတေကြီး"

"ဘာတုံးကွ"

"ကျုပ်- ခင်ဗျားလှည်းကို ညဘက် မောင်းလို့ရမလားဗျာ"

"ဟာကွာ၊ ငါ့မိန်းမက ငါကလွဲလို့ ဘယ်သူမှမောင်းတာ မကြိုက်ဘူးကွ။ သူ့အမွေနဲ့ ဝယ်ထားတဲ့လှည်းဆိုတော့ တစ်လက်ကိုင်ပဲ ကြိုက်တာကွ၊ မဖြစ်ပါဘူးကွာ"

တာတေကြီးသည် ဖျောက်ဆိပ်၏အမေးကို ခါးခါးသီးသီး ငြင်းလိုက်၏။ ထိုစဉ် သူတို့ဆီ စိန်ကျော် ရောက်လာ၏။ စိန်ကျော်က ဂျာအေး လို ပိန်မသာလိမ်မသာ။ အပြောအဆို အနေအထိုင်က ဗလချွတ်တ။ သို့သော် စိန်ကျော်က စိတ်ကောင်းစေတနာကောင်းတော့ ရှိ၏။

"ကိုကြီးဖျောက်"

"ဟေလကွာ၊ ဘာတုံး စိန်ကျော်ရ"

"ကျုပ် အောင်လံကို သွားစရာရှိတယ်ဗျ၊ အဲဒီမှာ နှစ်ပတ်သုံးပတ် တော့ ကြာမှာ။ ကျုပ်လှည်း ယူမောင်းပါလား"

"ဟေ- မင်း တကယ်ပြောသလား"

"တကယ်ပြောတာပေါ့ဗျာ၊ ကျုပ်မိန်းမရဲ့ဘကြီး ဆုံးလို့ဗျ။ ယာ တွေ၊ မြေတွေကအစ ရောင်းချပြီး အမွေခွဲကြမှာဆိုတော့ တင်းလ



www.burmeseclassic.com

www.burmeseclassic.com



လောက်ကို ကြာမှာ။ အဲဒါ ကိုကြီးဖျောက်တို့ ယူထားလိုက်"

"ဖြစ်ပါ့မလားကွာ၊ တော်ကြာ မင်းမိန်းမက ပြဿနာရှာနေပါဦးမယ်"

"ရပါတယ်ဗျာ၊ ဘဝတူတွေပဲ ဒီလောက်တော့ ကူညီရမှာပေါ့"

"အေးကွာ၊ ဒါဆိုလည်း ကောင်းသွားပဲကွ"

နှစ်ယောက်စလုံး ဝမ်းသာအားရ ဖြစ်သွားကြ၏။ ဂိတ်မှူး တာတေကြီးမှာ ဂျာအေးတို့ လှည်းပြန်မောင်းမည် ဆိုသဖြင့် မျက်ခုံး တလှုပ်လှုပ်ဖြစ်နေ၏။ သို့နှင့် စိန်ကျော်တစ်ယောက် အောင်လံသို့ ထွက်သွားသောအခါ လှည်းကို ဖျောက်ဆိပ်တို့ထံ အပ်နှံခဲ့၏။

အပုလေးမှာ စိန်ကျော်၏လှည်းကြီး ကြည့်ပြီး မသင်္ကာ။ မေးလာတော့လည်း လှည့်ပတ်ဖြေလိုက်ရ၏။ ဖျောက်ဆိပ်သည် မိုးမလင်းခင်ထ၍ လှည်းဂိတ်သို့ သွားရ၏။

ဂိတ်မှာ လှည်းတွေကလည်း ပုံအောလာ၏။ သူ့ထက်ငါ အလုအယက်။ ဂိတ်မှူး တာတေကြီးကလည်း မျက်နှာလိုက်လွန်းလှ၏။ ပါစင်ဂျာလာလျှင် သူ့လူတွေကိုသာ လွှဲပေးတတ်၏။ ဂျာအေးက တောက်တခေါက်ခေါက်။ ဖျောက်ဆိပ် မနည်းဟန့်တား၍သာ တော်သေးသည်ဟု ဆိုရချေမည်။

တစ်ချိန်တွင် ဖျောက်ဆိပ်တစ်ယောက် ဆေးလိပ်တိုကြီး တဖွာဖွာနှင့် ပါစင်ဂျာစောင့်နေစဉ် လှည်းအနားသို့ အမျိုးသမီးငယ်တစ်ဦး ရောက်လာသည်ကို တွေ့လိုက်ရ၏။

"အစ်ကိုဖျောက်"

"ဟေလကွယ်၊ ဘယ်သူတုံးဟ"

"ဆွေဆွေလေ"

"ဟင်- ဆွေကလေးပါလား"

"အစ်ကိုဖျောက်က နေစိမ့်လိုက်တာနော်၊ ဆွေဖြင့် မျှော်လိုက်ရတာ"

"ဟို- အလုပ်မအားတာနဲ့ မလာဖြစ်တာပါကွယ်။ ပြီးတော့ ခြံကြားထဲ မြင်းလှည်းမရှိတော့တာနဲ့ အလုပ်လက်မဲ့ ဖြစ်နေလို့ဟ"



www.burmeseclassic.com

www.burmeseclassic.com



"ဟင်- ဟုတ်လား"

"ဘယ်သွားမှာလဲ ညီမလေး ပြောလေ၊ အစ်ကိုကြီး လိုက်ပို့ပါ့မယ်"

"ဘုရားဘက် သွားချင်လို့"

"ဘုရားဘက် ဟုတ်လား"

"ဟုတ်တယ်၊ ဘုရားမရောက်တာ ကြာပြီလေ။ ပြီးတော့ အစ်ကို ဖျောက်နဲ့လည်း ပြောစရာစကားတွေ အများကြီးရှိတယ်"

"ဒါဆို တက်လေ"

"ဟော့ကောင် ဖျောက်ဆိပ်၊ မင်းအလှည့် မဟုတ်ဘူးကွ"

"ဟာ- ဒါ ကျုပ်ညီမလေးလို့နေတဲ့လူဗျ၊ ခင်ဗျားကလည်း ကျုပ်ကျရင် အမြဲတမ်း ဘုတ်အုပ်ကြီးအတိုင်း လုပ်နေတယ်"

"ဟင်- ငါပြောတာ စည်းကမ်းကွ၊ စည်းကမ်းမရှိလို့ မဖြစ်ဘူးလေ။ စည်းကမ်းဖောက်လို့ ထီးနန်းပျောက်တာ မင်း မသိဘူးလား"

"အိုဗျာ- ခုဥစ္စာ ထီးနန်းမှ မဟုတ်တာဗျ။ သွားပြီဗျို့"

တာတေကြီးစကားကို ဖျောက်ဆိပ် မမှုနိုင်တော့။ ဆွေဆွေ့ကို လှည်းပေါ်တင်ကာ မြသလွန်ဘုရားဘက်သို့ ခေါ်ဆောင်သွားလေ၏။ သူတို့လှည်း ထွက်သွားပြီး မကြာခင် အပုလေးတို့သားအမိ မြင်းလှည်းဂိတ်သို့ ရောက်လာ၏။

တာတေကြီးသည် သူ့အတွက် အကွက်ဆိုက်ပြီဟု တွေးကာ အဆင်း ဘီးတပ်လေတော့၏။

"ဟဲ့- အပုလေးလား"

"ဟုတ်ပါ့ ကိုတာတေကြီးရေ၊ ဟို- ကျုပ်ယောက်ျားရောတော့"

"စောစောကပဲ ကောင်မလေးတစ်ယောက်တင်ပြီး ဘုရားဘက် ထွက်သွားတယ်လေ"

"ဘာ- ကောင်မလေး ဟုတ်လား"

"ဟုတ်ပါ့၊ ညီမလေးလို့ ပြောတာပဲ"

"အောင်မယ်၊ ဒင်းကြီးမှာ ညီမတွေ ညီမက်တွေ မရှိပါဘူးတော်။ သေနာကြီး၊ ကျုပ်ကတော့ ဒင်းကို ယုံလိုက်ရ"

"ဟဲ့- နင် အခု ဘာလာလုပ်သတုံး"



www.burmeseclassic.com

www.burmeseclassic.com



"ဩော်- ဟောဒီ ဖအေတူသားလေ။ ထင်ရာတွေစား၊ ထင်သလို နေတာ များပြီ။ ဖအေ့ခြေရာ တစ်ထပ်တည်းနင်းမယ့် ဟာလေး၊ ခု ကျုပ်က ဆေးဖိုးလာတောင်းတာတော့။ ဒုက္ခပါပဲ"

"ရော့ပါဟာ၊ ငါးရာယူသွား။ ဒီကောင့်ကြည့်ရတာ ဘုရားဘက်က တော်တော်နဲ့ ပြန်လာမယ့်ပုံမပေါ်ဘူးတဲ့"

"ဟင်- လာပစေဦး၊ သေခါနီးမှ နှာခေါင်းမီးတောက်တဲ့လူကြီး လာပစေ"

အပုလေးတစ်ယောက် တာတေကြီးထံမှ ပိုက်ဆံယူကာ ဆောင့်ဆောင့်အောင့်အောင့်နှင့် ထွက်သွား၏။ တာတေကြီးသည် အပုလေး ကျောပြင်ကြည့်ပြီး ဝမ်းသာအားရ ဖြစ်နေ၏။

ထိုအချိန် မြသလွန်ဘုရားပေါ် ရောက်နေသော ဖျောက်ဆိပ်တစ်ယောက် ဆွေဆွေ့ဘေးနား ကုပ်ချောင်းချောင်းနှင့် လိုက်လာ၏။

"အစ်ကိုဖျောက်က ဘာနေ့သားလဲဟင်"

"ကြာသပတေးလေ၊ ကြာသပတေး အဓိပတိဖွားဟ။ ဘာဖြစ်သတုံး၊ ဆွေကလေးက အင်္ဂါနေ့ဘ်"

"အို- ဒါဆို ကြာသပတေးနဲ့ အင်္ဂါ၊ အင်္ဂါနဲ့ ကြာသပတေး စိန့်ပန်းပေါ့ အစ်ကိုဖျောက်ရဲ့"

"ဟုတ်တယ်၊ ဓာတ်လည်းအကိုက် နတ်လည်းအကြိုက်ပဲဟ"

"ရှင်၊ ဘာကို ဆိုလိုတာလဲဟင်"

"ဟိုလကွယ်၊ ဟိုဖင်း ဟဲဟဲ စီးပွားလုပ်လုပ် မိတ်ဆွေဖွဲ့ဖွဲ့ ကောင်းတာကို ပြောတာပါ"

"ဟုတ်လား၊ ထိုင်ပါဦး အစ်ကိုဖျောက်ရဲ့"

ဆွေဆွေလည်း ဇရပ်ရှေ့ လှေကားခုံတွင် ထိုင်လိုက်၏။ ဖျောက်ဆိပ်ကလည်း ကုပ်ချောင်းချောင်းနှင့် ဝင်ထိုင်လိုက်၏။ ဆွေဆွေ၏ ကိုယ်သင်းနံ့ကလေးကို ရှူရှိုက်မိ၏။

လောကကြီးတစ်ခုလုံး အေးချမ်းသွားသလိုပင်။ ဆွေဆွေ၏ စကားသံလေးများကလည်း ဆည်းလည်းခတ်သံလေးများအလား။

"အစ်ကိုဖျောက်"



www.burmeseclassic.com

www.burmeseclassic.com



"ဟေလကွယ်"
"ဘာတွေတွေးနေတာတုံး"
"ဩော်- ဆွေဆွေ့အကြောင်းပေါ့ကွယ်၊ ငါ့ညီမက အတော်ချော အတော်လှတာပဲနော်"
"အို - အစ်ကိုဖျောက်ကလည်း မြှောက်နေပြန်ပြီ။ နေပါဦး၊ စောစောက အစ်ကိုဖျောက်ပြောတာ ဆွေ ကြားလိုက်ပါတယ်"
"ဘာတုံးကွယ့်"
"ဟိုလေ မြင်းလှည်း စပေါ်မတင်နိုင်လို့ဆို"
"ဟုတ်ပ့ါ ညီမလေးရာ၊ ရိုးရိုးသားသား လုပ်စားရတာ မလွယ်ပါဘူးကွယ်။ စပေါ်တွေကလည်း ခေါင်ခိုက်နေတာပဲ"
"ဟုတ်လား၊ ကိုင်း- ဒါဆို ဒီလိုလုပ်လေ။ လောလောဆယ် မောင်းနေတဲ့လှည်းကရော"
"အဲဒါ စိန်ကျော့်လှည်းကွယ့်၊ သူက ကိစ္စရှိတာနဲ့ အောင်လံတက်သွားတုန်း အစ်ကိုဖျောက်တို့ မောင်းနေရတာ"
"ဒါဆို ကျွန်မ အစ်ကိုဖျောက်ကို လှည်းတစ်စီး ဝယ်ပေးမယ်လေ"
"ဟေ- ဟုတ်ရဲ့လားကွယ်၊ တော်ကြာ ညီမလေးအစ်ကို"
"အို- ဒါ ဆွေဆွေ့အမွေထဲက ပိုက်ဆံနဲ့ ဝယ်ပေးမယ်ပြောတာ၊ အစ်ကိုဖျောက်အတွက် ဝယ်ပေးမှာ"
"ဒါဆို အုံနာခ"
"အို- အုံနာခ ပေးစရာ မလိုဘူး"
"ဟေ- ငါ့ညီမ တကယ် ပြောနေသလား"
"တကယ် ပြောတာပေ့ါ ဘာလဲ လူကို မယုံဘူးလား။ ဒီက ဟိုဒင်းဖြစ်လို့ ဝယ်ပေးမယ် ပြောတာနော်"
"အလို၊ ဟိုဒင်း. . ဘာဟိုဒင်းလဲ ကလေးမရဲ့"
"အို- ဘာလို့ ကတ်သီးကတ်သတ် မေးနေရသလဲ၊ ဒီက သူ့ကိုသနားလို့ ဝယ်ပေးတာနော်။ အဲဒီပိုက်ဆံကို အဆင်ပြေမှ ပြန်ဆပ်၊ မဆပ်နိုင်လည်းနေ ရတယ်"
"ကောင်းလှချည်လား၊ ဘုရားတွေ နတ်တွေ မ,ပြီတွေ



www.burmeseclassic.com

www.burmeseclassic.com



"အို- အစ်ကိုဖျောက်ကလည်း တစ်ဦးမေတ္တာ တစ်ဦးစေတနာ ဆိုတဲ့ စကားလည်း ရှိသားနဲ့"

"ဟုတ်ပါ့ကွယ်၊ ဒါဆို ဘယ်တော့ ဝယ်ပေးမှာလဲဟင်။ ငါ့ညီမ ဝယ်ပေးတဲ့ မေတ္တာလက်ဆောင်ကို အစ်ကိုဖျောက် တန်ဖိုးထားပါတယ်ကွယ်"

"ဘာမှပြောမနေနဲ့၊ ခု လှည်းရောင်းမယ့်သူ ရှိလားပြော။ ရှိတယ်ဆို ခုချက်ချင်း ဝယ်ပေးမယ်၊ ဘယ်လောက် ပေးရပေးရပေါ့"

"ဟေ - ဘုရား ဘုရား၊ အစ်ကို အိပ်မက်များ မက်နေသလားကွယ်"

ဖျောက်ဆိပ်တစ်ယောက် ပျော်လိုက်သမှ ထကတော့မတတ် ဖြစ်နေ၏။ ဆွေဆွေ၏ စေတနာမေတ္တာကိုလည်း အံ့ဩ၍မဆုံး။ လုံထမ်းလာတာ မြင်ရပေမယ့် ကံထမ်းလာသည်ကို မမြင်ရသော လောကကြီး။

ဆန်းပြားအံ့ဖွယ်ကောင်းလှသော ဖြစ်စဉ်ကြား ဖျောက်ဆိပ်တစ်ယောက် ဝမ်းသာလုံးဆို့နေ၏။

ဆွေဆွေသည် သူ့အနားထိုင်ကာ တွတ်တီးတွတ်တာ စကားဆိုခဲ့၏။ နွဲ့တဲ့တဲ့အပြော၊ ပြုံးတီတီအပြုံး၊ ယဉ်စစ လှုပ်ရှားမှုကြား ဖျောက်ဆိပ်တစ်ယောက် မရှူနိုင်မကယ်နိုင် ဖြစ်နေ၏။

ဆွေဆွေနှင့် ပြောရသည်ကို သူ့ရင်ထဲ ပျော်သလိုလို၊ ကြည်နူးသလိုလို။ အိမ်က မိန်းမနဲ့များ အကွာကြီး ကွာပါဘိ။

"အစ်ကို"

"ဟေလကွယ်၊ ဘာတုံး ညီမလေး"

"ဟို- လှည်းဝယ်မယ်ဆို အစ်ကိုကြိုက်တဲ့လှည်း ဝယ်နော်။ ညီမ ပိုက်ဆံထုတ်ပေးလိုက်မယ်"

"ကောင်းပါ့မလားကွယ်"

"အို- ဒါ ညီမလေးရဲ့ စေတနာလေ၊ စေတနာကို မပယ်နဲ့တားရဘူး အစ်ကိုရဲ့"

"ဟုတ်တာပေါ့"

"ကိုင်း- ဒါဆိုထ၊ သွားမယ်"



www.burmeseclassic.com

ww.burmeseclassic.com



"ဘယ်သွားမှာလဲ"

"အို- အိမ်ပြန်လိုက်ခဲ့လေ၊ ပိုက်ဆံ တစ်ခါတည်း ပေးလိုက်မှာပေါ့"

"ဟင်"

တကယ်မှ ဟုတ်ရဲ့လားဟု ဖျောက်ဆိပ် ဇဝေဇဝါ ဖြစ်နေ၏။ ကံကောင်းမှုတွေ သူ့ကိုယ်ပေါ် အုတ်အော်သောင်းတင်း ပြိုကျလာသလို ပင်။ ဘဝက စကတည်းက ရုန်းရကန်ရနှင့် အလွန့်အလွန်မှ ခက်ခဲလှ၏။

တစ်ကျပ်တစ်ပြားရဖို့ မိုးလင်းက မိုးချုပ် လုပ်ခဲ့ရ၏။ ဆင်းရဲလိုက်တာလည်း ဝိခေါ် နေ၏။ ယခုတော့ ဖျောက်ဆိပ် ကံကောင်းချေပြီ။ ကံကောင်းတာမှ စုတ်ရောလာဘ်ပါ ဝင်မည့်ကိန်း။

ကြောက်ခမန်းလိလိ ပြိုကျလာသည့် ကံကောင်းခြင်းအောက်တွင် ဖျောက်ဆိပ် ခေါင်းတောင်မဖော်ချင်။ ဝမ်းသာလွန်းလှသဖြင့် ရင်တွေ တစွေ့စွေ့ ခုန်နေ၏။ ဆွေ့ဆွေ့အမူအရာက ကလေးငယ်တစ်ဦး၏အသွင် နှယ်။

အိမ်ရောက်သည်နှင့် ကျစ်ကျစ်လျစ်လျစ် စုဆောင်းထားသည့် ပိုက်ဆံတွေကို ထုတ်ပေးလာ၏။ ဖျောက်ဆိပ်ခမျာ လက်ထဲရောက်လာသော ပိုက်ဆံတစ်ထပ်ကြီးကို ကြည့်ပြီး အံ့သြ၍မဆုံး။

"အစ်ကို"

"ဟေလကွယ်"

"လှည်းကောင်းကောင်းဝယ်နော်၊ ပြီးရင် တစ်ပတ်တစ်ခါ ဆွေ့ကို ဘုရားလိုက်ပို့ရမှာပဲ"

"ဟာ- ပို့မှာပေါ့၊ ငါ့ညီမလေး ကြိုက်တဲ့နေရာပြော၊ ကမ္ဘာ့အမြင့် ဘက်သွားမလား၊ ဇေရတ်တောင်ပေါ် တက်မလား။ ကြိုက်တာ ပေါ့ . . အဲလေ"

"ဟီးဟီး . . အစ်ကိုက စကားတောင် မပီတော့ဘူး"

"ပျော်တာကိုး ညီမလေးရယ်၊ ကိုယ့်ကိုယ်ကိုယ် အဲဒီလောက် ကံကောင်းလိမ့်မယ် မထင်ပါဘူး။ ဘဝတစ်လျှောက်လုံး မုန်တိုင်း တွေ ကျနေသလား အောက်မေ့ရတယ်၊ ခုတော့ လေပြည်အေးအေး ကလေးကြောင့် မုန်တိုင်းကိုတောင် မေ့တော့တော့ပဲ ညီမလေးရေ"



www.burmeseclassic.com

www.burmeseclassic.com



"ဒါဆို ညီမလေးက လေပြည်ပေါ့နော်"

"ဟုတ်ပါ့၊ လေပြည်မှ ချိုအီမွှေးမြသော လေပြည်လေး။ အဲ
လေပြည်လေး တစ်သက်လုံးတိုက်ခတ်ပါစေလို့တောင် ဆုတော
ချင်သကွာ"

"တစ်သက်လုံး တိုက်မှာပေါ့"

"ဟင်- ဟဲဟဲ"

"ကဲ- သွားတော့၊ တော်ကြာ ကိုကိုဝင်လာရင် ညီမတို့ကို တစ်
တစ်မည် ထင်နေဦးမယ်"

"ဟုတ်ပေသားပဲ၊ သွားပြီနော် လေပြည်လေးရေ"

ဖျောက်ဆိပ် အပျော်ကြီး ပျော်နေ၏။ ဆွေဆွေတို့အိမ်ပေါ်မှ ဆ
သည်နှင့် ရှေ့ကျွမ်းနောက်ကျွမ်း ပစ်လိုက်ချင်စိတ်ပင် ပေါက်နေ၏။

လမ်းပေါ်လျှောက်နေသည့် ခြေထောက်တို့ပင် မြေကြီးကို မ
ချင်။ လှည်းပေါ်ရောက်သည်နှင့် မြင်းကြီးကို ဖနောင့်နှင့် လှမ်းပေါ
လိုက်၏။

"ဟီး . . . ဟီး . . . ဟီး"

"ပြေးစမ်းကွာ"

"ခွပ် ခွပ် ခွပ်"

မြင်းကြီးက ကဆုန်ပေါက် ပြေးလွှားနေ၏။ ဖျောက်ဆိပ် ဘာကို
မမြင်တော့။ လောကကြီးတွင် သူ့လောက်ပျော်မည့်သူပင် မရှိတော့
ကြောင်စီစီ တွေးမိ၏။

ဂိတ်ရောက်တော့ ဒရောသောပါး ဝင်လာသည့် လှည်းသံကြော
တာတေကြီးတို့လူစု ကျားကစားနေရာမှ ဖရိုဖရဲ ထပြေးရသည်အထိ
ခဲ့၏။ လှည်းရပ်သည်နှင့် ဖျောက်ဆိပ် လှည်းပေါ်မှ လွှားခနဲ ခုန်ချလိုက
၏။

"ဟာ- ပုဆိုးကျွတ်ပြီဟ"

"ဟိုက်- ဘာတွေဖြစ်ကုန်ပြီတုံး"

"ပျော်လို့ဟ၊ ပျော်လို့"

"ဟင်- ရူးသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟကောင် ဖျောက်ဆိပ်၊ ဘာဖြစ်လာတာလဲ"

တာတေကြီးတို့လူစု လှည်းပေါ်မှ လွှားခနဲ ခုန်ဆင်းလာသော ဖျောက်ဆိပ်ကို ကြည့်ပြီး အံ့ဩနေ၏။ ပုဆိုးမနိုင် ဘာမနိုင်နှင့် သူတို့ဆီ စပ်ဖြဲဖြဲ လျှောက်လာသော ဖျောက်ဆိပ်။ တာတေကြီးသည် ဖျောက်ဆိပ်ကို ကြည့်ပြီး ဝါးတားတား ဖြစ်နေ၏။

"မင်း ဘာဖြစ်လာတာလဲကွ"

"မေးမနေစမ်းပါနဲ့ဗျာ၊ ဒါနဲ့ ဟူစိန်က လှည်းရောင်းမှာ သေချာလား"

"ဟင်- ဘာလုပ်မလို့လဲ"

"ဝယ်မယ်၊ ခုချက်ချင်း ဝယ်မယ်။ ဟကောင် ဂျာအေး၊ လာစမ်းကွာ"

"ဗျာ"

ကျားဝိုင်းထဲ ဝင်ရောနေသော ဂျာအေးမှာ ဖျောက်ဆိပ်၏ အသံကြောင့် မှင်သက်မိနေ၏။ ဖျောက်ဆိပ် လက်ထဲမှာ ကြည့်လိုက်တော့လည်း တစ်ထောင်တန်အုပ်ကြီး တစ်အုပ်ကို တွေ့လိုက်ရ၏။

"ဆရာဖျောက်"

"ဟေလကွယ်"

"ဆရာဖျောက်၊ ဘယ်က ဓားပြတိုက်လာသတုံးဗျ"

"ဘာကွ၊ မင်းဆရာကို မင်း အထင်သေးလှချည်လား။ ငါ့ရုပ်လက္ခဏာက ဓားပြတိုက်စားမယ့် ရုပ်လက္ခဏာ ရှိလို့လား၊ မင်းနှယ်ကွာ။ ကိုင်း- လာစမ်း၊ ငါတို့ ဟူစိန်တို့အိမ်မှာ လှည်းဝယ်မယ်။ ပြီးရင် ဆိုင်ဝင်မယ်၊ ဟော့လူ တာတေကြီး"

"ဟင်- ဘာတုံးဟ"

"ကျုပ်တို့ကို လိုက်ပို့စမ်း၊ လှည်းခ နှစ်ဆပေးမယ်။ အရက်လည်း တိုက်မယ်ဗျာ"

"တကယ်လားကွ"

"တကယ်ပေါ့ဗျာ"

တာတေကြီးပင် ဖျောက်ဆိပ်လက်ထဲမှ ပိုက်ဆံထုပ်ကြောင့် ပြုံးဖြီး



www.burmeseclassic.com

www.burmeseclassic.com



ရွှင်ရွှင် ဖြစ်လာ၏။ ဖျောက်ဆိပ်ပုံစံက တကြွကြွ။ ဂျာအေးကလည်း ဆရာ ကြွတော့ သူလည်း ကြွတတ ဖြစ်လာ၏။ တာတေကြီးပင် ဖျောက်ဆိပ်၏ ကံကောင်းပုံကြည့်ပြီး အံ့ဩနေ၏။

"ဖျောက်ဆိပ်၊ ဟို- ခင်ဗျားဆီ လာသွားတဲ့ ကောင်မလေးက ဥစ္စာ စောင့်လား။ ခင်ဗျားကို သူက ရွှေမန်ကျည်းသီး ပေးလိုက်လို့လား"

"ဟားဟားဟား သိပ်ဟုတ်တာပေါ့ တာတေကြီးရာ၊ စိတ်ကောင်း စေတနာကောင်းထားရင် နတ်တွေ သိကြားတွေ ကြည့်မနေ ဘူးဗျာ။ ခုလည်း ရွှေမန်ကျည်းတောင့် နှစ်တောင့် ပေးလိုက်တာ အဲဒါတွေ ရောင်းလိုက်တာလေ"

"ဟင်- အားကျစရာပါလား၊ နောက်တစ်ခါလာရင် ငါ့ကို မိတ် ဆက်ပေးပါလားကွာ"

"ဟာ- ခင်ဗျားလို မှုန်ကုပ်ကုပ်နဲ့ လိပ်တစ်ကောင်လို အမူအကျင့် ကို ဥစ္စာစောင့်တွေက မကြိုက်ဘူးဗျ"

"ဟေ"

ဖျောက်ဆိပ်၏ စကားကြောင့် တာတေကြီး ရင်အောင့်သွားခဲ့ရ ထိုအချိန် ဆရာတပည့်နှစ်ယောက် မိုးမမြင် လေမမြင် ဖြစ်နေကြ ဟူစိန်ထံမှလှည်းကို ချက်ချင်း ဝယ်ပစ်လိုက်၏။ ထို့နောက် လှည်းအသ ဆက်ဆက်ကြီးနှင့် စားသောက်ဆိုင်ရှေ့ရပ်ကာ တဝတွယ်လိုက်ကြ ပြီးနောက် အပုလေးအတွက် ဘဲကင်၊ ခေါက်ဆွဲကြော်၊ ပန်းသီး ကောင်း ညွန့်ပေ့ ပစ္စည်းများဝယ်၍ အိမ်သို့ သီချင်းတကြော်ကြော်နှင့် ပြန်ခဲ့ကြ ၏။

✿ ✿ ✿



www.burmeseclassic.com

ww.burmeseclassic.com

နှလုံးသားကို
လိမ်ညာချင်တိုင်း လိမ်ညာနိုင်သော်လည်း
ဘဝကို လိမ်ညာ၍ မရ။
လက်တွေ့ဆန်သော ဘဝမှ
အမှန်တရားတို့ မွေးဖွားလာကြစမြဲပင်။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း (၅)

အလိုမကျမှုများစွာနှင့် ပွစိပွစိ ဖြစ်နေသော အပုလေး။ တပြုံပြုံ အောင်ငိုနေသော ဂျာဖျောက်ကိုလည်း ဆော်ပလော်တီးလို့ မဝ။ ဂျာဖျောက်ကလည်း ရိုက်လေ အော်လေ။

ခေါင်းကြောမာလွန်းလှသဖြင့် အိမ်ပေါ်မှ ကန်ချထား၏။ သူ့စိတ်ထဲ ဒေါသခိုးတွေ ဖောင်းကားနေ၏။ အံကြိတ် တကြိတ်ကြိတ်။ တွေ့ရာမြင်ရာကိုလည်း ကန်ကျောက်ပေါက်ခွဲနေ၏။

မုန့်သာဝေစားမယ် အချစ်ကို ဝေမစားချင်သော အပုလေး။ ဖျောက်ဆိပ် ကောင်မလေးတစ်ယောက်ကို လှည်းပေါ်တင်ကာ ဘုရားဘက် ထွက်သွားသည် ဆိုကတည်းက မြင်မြင်သမျှကို ပေါက်ကွဲနေ၏။

ဘေးအိမ်တွေကပင် ပွဲကြမ်းနေသော အပုလေးကို အံ့သြနေ၏။ အိမ်မှာ ဖျောက်ဆိပ်ရော ဂျာအေးပါ မရှိ။ မချိုတို့လူစုပင် မတွေးတတ်အောင် ဖြစ်နေကြ၏။ သူတို့လူစုက အရပ်ထဲလှည့်ပြီး အတင်းပြောနေသောလူစု။

ယခုလည်း အပုလေး ဖြစ်ပျက်ပုံကိုကြည့်ပြီး ဘယ်လို အတင်းတုတ်ရမလဲ ဆိုသည်ကို ချောင်းမြောင်းနေကြ၏။ ထိုအချိန်တွင် မြင်းလှည်းအသစ်စက်စက်နှင့် ရောက်လာသော ဖျောက်ဆိပ်တို့နှစ်ဦးကိုကြည့်ပြီး မချိုတို့လူစု အံ့သြနေ၏။

"အပုလေးရေ၊ မောင်ကြီး ပြန်လာပြီကွယ့်"



www.burmeseclassic.com

ww.burmeseclassic.com



"xxx. . . xxx"

"မိန်းမ၊ အို- ချစ်နှမ၊ ကိုဖျောက် လာပြီလေကွာ ဟားဟားဟား"

ဖျောက်ဆိပ်၏အသံကြီးက ခုနစ်အိမ်ကြား ရှစ်အိမ်ကြား။ လှည်းပေါ်မှ လွှားခနဲ ခုန်ဆင်းလိုက်၏။ လက်ထဲမှာလည်း အထုပ်တွေအပိုးတွေ ပါလာ၏။ သူတို့အသံ ကြားလိုက်သည်နှင့် အပုလေးတစ်ယောက် သူ့ရှေ့ကို ငရုတ်ကျည်ပွေ့၊ ကျောက်ပျဉ်၊ သနပ်ခါးတုံးတွေ အသင့်ချထား၏။

ထိုအချိန် ဆရာတပည့်နှစ်ယောက် လှည်းအသစ်ကြီးကို အိမ်ဝိုင်းထဲ ဆွဲလာ၏။

"ဟာ- ဂျာဖျောက် လူကလေး၊ ဘယ်လိုဖြစ်နေပြီတုံးဟ"

မြင်လိုက်ရသော မြင်ကွင်းကြောင့် ဖျောက်ဆိပ် မျက်လုံးပြူးသွား၏။ ဂျာဖျောက်၊ တစ်ဦးတည်းသောသား။ မြီးတိုမကိုယ်ပေါ် အတင်းတွယ်တက်ကာ မြင်းလုပ်စီးနေ၏။ တစ်ကိုယ်လုံးလည်း သဲတွေ၊ ဖုန်တွေ ပေကျံနေ၏။

"ဟ- မြင်မကောင်းပါလားကွာ။ ဟဲ့- အပုလေး၊ ကလေးကို ဘယ်လိုဖြစ်လို့ ပစ်ထားရသတုံးကွ။ ခက်ပါ့ကွာ"

ပြောပြောဆိုဆိုနှင့် ကလေးကို ကောက်ချီပြီး အိမ်ထဲဝင်လိုက်ရာ မှုန်တေတေကြီး ထိုင်နေသော အပုလေးကို တွေ့လိုက်ရ၏။ ဖျောက်ဆိပ် ရင်ထဲ ဒိန်းခနဲ ဖြစ်သွား၏။

ဂျာအေးကလည်း အပုလေး အခြေအနေကြည့်ပြီး နောက်တဆုတ်ဆုတ် ဖြစ်နေ၏။

"ဟာ- သနပ်ခါးတုံးတွေ၊ ကျောက်ပျဉ်တွေနဲ့ ဘယ်လိုဖြစ်နေတာတုံး"

"တော့်ကို ဆော်မလို့လေ"

"ဟေ- ဟဲဟဲ မိန်းမ၊ မင်းကလည်း အားအားရှိ ဆော်ချင်နှက်ချင်နေသကိုး။ ကေန္တ လက်ဖွဲ့ပွဲဝင်မလို့ထင်တယ်။ ဟဲဟဲ ထားပါတော့ကွာ၊ ဟောဒီမှာ မင်းကြိုက်တဲ့ ဘဲကင်နဲ့ ခေါက်ဆွဲ၊ ပေါက်ဒါ သားအတွက်"



www.burmeseclassic.com

www.burmeseclassic.com



"စားဘူး။ ဘယ်ဟာမ ဝယ်ပေးလိုက်တာတုံး ပြောစမ်း"

"ဟော- ဟုတ်သေးဘူးလေ၊ မိန်းမ မင်း ဘာတွေပြောသတုံးဟ။ တောင်တောင်ဤဤ မပြောစမ်းပါနဲ့ဟာ၊ ဟောဒီမှာ ပိုက်ဆံထုပ်။ ဟိုမှာမြင်လား လှည်းအသစ်ကြီး။ အဲဒါ မောင်ကြီးဖျောက်ရဲ့ အစွမ်းအစလေ"

"ရှင်"

သူမရှေ့သို့ ဘုတ်ခနဲ ပြုတ်ကျလာသော ပိုက်ဆံထုပ်ကြီးကို ကြည့်ပြီး အပုလေး ပါးစပ်အဟောင်းသား ဖြစ်သွား၏။ ထို့အပြင် အိမ်က ပြင်ရှေ့ ရပ်ထားသော မြင်းလှည်းအသစ်ကြီးကို ကြည့်ပြီး အံ့သြနေ၏။ ထိုစဉ် ဂျာအေးက ကြားဝင်လိုက်၏။

"အဟုတ်ဗျ၊ ကျုပ်ဆရာ ဥစ္စာစောင့်နဲ့ တွေ့လာလို့ မပုလေးရေ"

"ဘာ- ဥစ္စာစောင့် ဟုတ်လား"

"ဟုတ်ပ၊ ရွှေမန်ကျည်းသီး နှစ်တောင့်တောင် ပေးလိုက်တာလေ။ အဲဒါ အဲဒီရွှေတွေရောင်းပြီး ဝယ်လာတာတဲ့"

"ရှင်၊ ဟုတ်ရဲ့လား ကိုကိုဖျောက်ရယ်"

"သိပ်ဟုတ်တာပေါ့ မိန်းမရာ၊ ကိုကိုဖျောက် ညာပြောပါ့မလား။ ငါတို့ကို နတ်မ,လိုက်တာဟဲ့၊ ဝမ်းသာစမ်းပါဟာ။ ငါ့ကို ရန်လုပ်ဖို့ မပြင်စမ်းပါနဲ့"

"ဟိုဒင်း၊ ကိုဟိုဒင်းပြောတော့ မိန်းမတစ်ယောက်နဲ့ ဘုရားဘက် လိုက်သွားတယ်ဆို"

"ဟာ- အဲဒါ ဥစ္စာစောင့်ပေါ့ မိန်းမရ။ တအားလှ တအားချောတာဟ။ ငါ့ကိုလည်း အတော့်ကို သနားသွားတာဟ။ အဲဒါကြောင့် ရွှေမန်ကျည်းသီး ပေးလိုက်တာလေ။ ပျော်စမ်းပါ မိန်းမရာ၊ ကလိုက်စမ်းပါဟာ"

"တော်ကြီး တကယ် ပြောတာလား"

"ဟာ- မပုလေးကလည်း ဆရာဖျောက်စကားကို ယုံလိုက်စမ်းပါ"

"အို- ဝမ်းသာလိုက်တာ၊ ကိုကိုဖျောက် သူတော်ကောင်းကြီး ကျေးဇူးရှင်ကြီး ကျုပ် ဖြစ်မှားမိမလို့တော်။ ထိုင်စမ်းပါဦး"



www.burmeseclassic.com

www.burmeseclassic.com



"ဟေ- ဟားဟားဟား"

ရှုတ်ခြည်း ပြောင်းလဲသွားသော အပုလေးကိုကြည့်ပြီး ဖျောက်ဆိပ်တဟားဟား ရယ်မောလိုက်၏။ အပုလေး စိတ်သဘောကို ဖျောက်ဆိပ်ကောင်းကောင်းကြီး သဘောပေါက်နေ၏။ ပထမတော့ အပုလေးအသွင်က ဖျောက်ဆိပ်ကို အသေဆော်တော့မည့်အသွင်။ သနပ်ခါးတုံး ရှည်ရှည်ကြီးကိုင်ကာ တဆဆ လုပ်နေသော အပုလေး။ ယခုတော့ မျက်နှာကြီးက ပြုံးရွှင်နေ၏။ ပါးစပ်ကလည်း ဖျောက်ဆိပ်ကို ဘွဲ့ထူးဂုဏ်ထူးတွေ အမျိုးမျိုး ပေးနေ၏။ ထိုအချိန် မချိုကြီးနှင့် ကုလားမတို့နှစ်ဦး ဖျောက်ဆိပ်တို့အိမ်နားကပ်ကာ နားစွင့်နေ၏။

ကြားလိုက်ရသည့် သတင်းက အံ့ဖွယ်ပင်။ ဖျောက်ဆိပ်ကို ဥစ္စာစောင့် မ,လိုက်ပြီဆိုသော သတင်းက တစ်ရပ်ကွက်လုံး ပွသွား၏။ အရပ်လူကြီး ဆရာကြိုင်၏ မိန်းမဆီပင် ထိုသတင်းက ရောက်လာ၏။

ဇနီးသည်ပြောပြတော့ ဆရာကြိုင် မယုံချင်။ သို့သော် လှည်းအသစ်နှင့် ကြွားကြွားရွားရွား ဖြစ်နေသော ဖျောက်ဆိပ်ကို ကြည့်ပြီး အံ့သြနေ၏။ တာတေကြီးတို့လူသိုက်မှာလည်း ဖျောက်ဆိပ်အဖြစ်ကို မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေကြ၏။

ထိုအထဲ ဆရာတပည့်ချင်း သင်္ကာမကင်း ဖြစ်နေသူက ဂျာအေး။ ဖျောက်ဆိပ်ကို ကြိတ်မေးခဲ့၏။

"ဆရာဖျောက်၊ အဲဒါ အမှန်ပဲလားဗျ"

"ဘာတုံးဟ"

"ဟိုလေ၊ ဥစ္စာစောင့်ဆိုတာ"

"ဟာ- မင်းကလည်း တုံးပါ့ကွာ၊ ဘယ်လိုလုပ် ဥစ္စာစောင့်ဖြစ်မှာတုံးကွ။ ဆွေဆွေလေ၊ ချစ်ညီမလေး ဆွေဆွေ မ,တာကွ"

"ဗျာ- ဆွေဆွေပေးတာ ဟုတ်လား"

"ဟုတ်ပ။ ဆွေဆွေက ငါ့ကို အစ်ကိုတဲ့ကွ။ ဟီးဟီး ရင်တွေခုန်လိုက်တာကွာ။ အင်း. . . ငါ့အဖြစ်ကလည်း ဒီအရွယ်ကျခါမှ ဘယ်ဘဝရေစက်ကြောင့် မသိပါဘူးကွာ။ ဒါပေမယ့် ဆွေဆွေလေးနဲ့ စကားပြောရတာကို ရင်ထဲ ဖိုတိုတိုကွ ဟင်းဟင်း

www.burmeseclassic.com

ww.burmeseclassic.com



ဖျောက်ဆိပ် ဂနာမငြိမ်နိုင် ဖြစ်နေ၏။ ရင်ကြီး တဖိဖိနှင့် ပြောနေပုံကိုကြည့်ပြီး ဂျာအေးတောင် ကြောင်အမ်းအမ်း ဖြစ်နေ၏။ သူ့ဆရာ အခြေအနေက ဘရိတ်ပေါက်သွားသည့် ထော်လာဂျီကြီး တစ်စင်းနှယ်၊ မီးကုန်ယမ်းကုန် ချစ်တော့မည့်ပုံပင်။

"ဆရာဖျောက်"

"ဟေလကွာ"

"ဒီကိစ္စ မပုလေး သိသွားရင် ပြဿနာနော်"

"ဟာ- အပုလေးဆိုတဲ့ မိန်းမက ပိုက်ဆံကလွဲပြီး ဘာမှမြင်တာ မဟုတ်ပါဘူးကွာ။ ငါတော့ ဆွေဆွေလေးကို ဟဲဟဲ"

"ခက်ပြီ၊ ဆရာဖျောက်တော့ ကမ္ဘာပျောက်တော့မယ်"

"မင်းကလည်း၊ ဒီကိစ္စ အားပေးစမ်းပါကွာ။ မင်းဆရာ ငါက အချစ်ဆို အုန်းသီးတောင် ခြစ်ဖူးတာ မဟုတ်ပါဘူးကွာ"

"ဟင်- ဒီစကားတွေ မပုလေး ကြားလို့ကတော့. . ."

"အဲဒီကိစ္စ အသာထားစမ်းပါကွာ၊ မင်း ခုလို အေးအေးလူလူ သောက်စားနိုင်တာ ဆွေဆွေလေးကြောင့်ကွ"

"ဒါဆို ဆရာဖျောက် မပုလေးကို မချစ်ခဲ့ဘူးပေါ့ ဟုတ်လား၊ အဲဒီ လိုတော့ မကောင်းဘူးဗျာ။ ခင်ဗျားပဲ တစ်လင်တစ်မယားဆို"

"ဟာ- တစ်လင်တစ်မယားကို ငါ ထောက်ခံပါတယ်ကွာ၊ ဒါပေ မယ့် တစ်ဘဝ တစ်ချစ်တော့ မဖြစ်သင့်ဘူးကွ။ ဟဲဟဲ-မင်းလည်း အချစ်တွေ တစ်လှေကြီးနဲ့ သွားခဲ့တာပဲ"

ဂျာအေးနှင့် ဖျောက်ဆိပ်တို့၏ စကားတွေက ဝဲတားတား ဖြစ်လာ၏။ ဖျောက်ဆိပ်ကိုယ်တိုင်လည်း ကိုယ် ဘာတွေဖြစ်နေသည်ကိုပင် မသိ တော့။ သို့သော် ဆွေဆွေဆိုသော မိန်းမလှလေးကို သူ့ရင်ထဲ ဘာလို ခံစားနေရသည်မှာ အမှန်ပင်။

မကြုံဘူးသည့် ဖြစ်အင့်မို့ တောင်တောင်ဤဤလည်း မတွေးချင် တော့။ ယခုလည်း ဂျာအေးစကား နားမဝင်နိုင်။

"ဆရာဖျောက် ဒီကိစ္စ ကျုပ်ပယောဂ မပါဘူးနော်"

"ဟာကွာ- မင်းပဲ အရက်တွေသောက်၊ စားချင်ရာစားနဲ့။ အဲဒါ



www.burmeseclassic.com

www.burmeseclassic.com



ဆွေဆွေ မ,တာလေ။ ကြောက်မနေစမ်းပါနဲ့ ဂျာအေးရာ၊ တစ်တက်စားလည်း ကြက်သွန်ပါကွာ”

“ဗျာ”

ဖျောက်ဆိပ်၏စကားကြောင့် ဂျာအေး တွေခနဲ ဖြစ်သွား၏။ ဖျောက်ဆိပ်၏စကားက သူ့ကို ချည်နှောင်လိုက်သည်မို့ တွန့်ခနဲ ဖြစ်သွား၏။

“ဟာ- ဆရာကလည်း၊ ဆရာတပည့်အချင်းချင်း ပြန်ချည်ထာလားဗျ”

“သဘောပြောတာပါကွာ၊ လူဆိုတာ ချမ်းသာချင်ကြတာချည်းပဲ ဂျာအေးရ။ ကောင်းကောင်းစား ကောင်းကောင်းနေရမယ်ဆို ဘယ်သူမဆို နေချင်ကြတာပဲကွ၊ ပြီးတော့ ငါ့ထက် ဆွေဆွေက အများကြီး ငယ်တာကွ။ ကြီးရင်မှီ၊ ငယ်ရင်ချီတဲ့”

“ဆရာဖျောက်၊ မဟုတ်တော့ဘူးနော်”

“ဟေ- ဘာကိုပြောတာလဲကွ”

“ဟိုဗျာ- တဆွေဆွေနဲ့ ဖြစ်နေတာတော့ လွန်ပြီဗျာ”

“ဟာကွာ- မင်းပဲ ပြောခဲ့တာလေ၊ အချစ်ဆိုတာ များများချစ်လေကောင်းလေဆို”

“ဆရာဖျောက်၊ အဲဒီလောက် ဖြစ်နေပြီဆိုမှတော့ ဆက်သာတွယ်ဗျာ။ ကျုပ် မကန့်ကွက်တော့ပါဘူး။ တစ်ခုပဲရှိတယ်၊ အဲဒီ ပြဿနာကို ဖွနိုင်တာ မပုလေးပဲ”

“မပူပါနဲ့ကွာ၊ ငါ့မိန်းမက ပိုက်ဆံမှ ပိုက်ဆံကွ”

“ဟုတ်သေးဘူးထင်တယ်”

“မင်းကလည်းကွာ၊ ခုမှ သဘောထားတွေ ပြောင်းနေသလား။ ပြောမနေပါနဲ့ကွာ”

ဖျောက်ဆိပ်ကို ဂျာအေး လက်မြှောက်သွားခဲ့၏။ သူတို့နှစ်ယောက် စားသောက်ပြီး ဂိတ်သို့အရောက်တွင် ဆွေဆွေ့ကို မထင်မှတ်ဘဲ တွေ့လိုက်ရ၏။ ဖျောက်ဆိပ်၏ မျက်နှာက မှုံရသည့်မျက်နှာ။

“ဟာ- ဆွေဆွေ၊ ညီမလေး”



www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် အစ်ကို၊ ဆွေဆွေ စောင့်နေတာ ကြာပြီ။ ဘယ်တွေ လျှောက်သွားနေသလဲဟင်၊ အစ်ကို အရက်တွေ သောက်လာတယ်"

"ဟဲဟဲ. . နည်းနည်းပါကွယ်"

"အို- ဒီမှာ ပြဿနာတွေ ဖြစ်နေလို့ အစ်ကို့ဆီ ပြေးလာတာ။ ဒုက္ခပါပဲ အစ်ကိုရယ်၊ ဆွေဆွေ ဘာလုပ်လို့ လုပ်ရမှန်းတောင် မသိဘူး"

"ဟင်- ဘာတွေဖြစ်လာလို့လဲ"

"ဘုရားသွားရအောင် အစ်ကိုရယ်၊ အစ်ကို မောင်းလို့မဖြစ်ဘူး ထင်တယ်။ ကိုဂျာအေး၊ မောင်းပေးစမ်းပါရှင်"

"ရပါတယ်ဗျာ၊ ကိုင်း- တက်တက်"

ဆွေဆွေ့မျက်နှာလေးမှာ စိုးရိမ်ပူပန်မှု အရိပ်တွေ ဝေဆိုင်းနေ၏။ ပြောပုံဆိုပုံကလည်း အကျပ်အတည်းတစ်ခုနှင့် ကြုံလာသည့်ပုံပင်။

ထို့ကြောင့်လည်း ဂျာအေးကိုယ်တိုင် မြင်းလှည်းမောင်းကာ မြသလွန်ဘုရားဘက်သို့ ထွက်ခဲ့၏။ ဆွေဆွေ့ကိုကြည့်ပြီး ဖျောက်ဆိပ်လည်း ဇဝေဇဝါ ဖြစ်နေ၏။ ဘုရားရောက်တော့ ဆွေဆွေတစ်ယောက် တအင့်အင့် ငိုလေတော့၏။ ဖျောက်ဆိပ်မှာ ခြေမကိုင်မိ လက်မကိုင်မိ။

"ဘယ်လိုဖြစ်တာလဲကွယ်၊ အစ်ကို ရင်တွေထိတ်လိုက်တာ ညီမလေးရယ်"

"ဟို- ကိုကိုဝင်းက ဆွေဆွေ့ကို ယောက်ျားပေးစားတော့မယ်တဲ့"

"ဟေ- ယောက်ျားပေးစားတော့မယ် ဟုတ်လား"

"ဟုတ်တယ် အစ်ကို၊ ကျွန်မလေ အိမ်တောင် မပြန်ချင်တော့ဘူး။ ဖြစ်နိုင်ရင် အစ်ကိုနဲ့ပဲနေချင်တယ် အစ်ကိုရယ်။ ဆွေဆွေ ဘာလုပ်ရမလဲဟင်"

"ဟိုက်- ပြဿနာပဲ"

"ဘာဖြစ်လို့လဲ အစ်ကို"

ဖျောက်ဆိပ်တစ်ယောက် မျောက်မီးခဲကိုင်မိသလို ဖြစ်နေ၏။ သူက ဆွေဆွေ့ကို လူပျိုကြီးဟု ပြောခဲ့မိ၏။ သူ့စကားနှင့်သူ ဘယ်လို



www.burmeseclassic.com

www.burmeseclassic.com



ဖြေရှင်းရမှန်းမသိ။ ဆွေဆွေ ယခုလို ဖရိုဖရဲ ဖြစ်လာသည်ကို သိရပြန်တော့လည်း လူစွမ်းကောင်းကြီး လုပ်ချင်စိတ်က ရင်ထဲမှာ အတိုင်းအဆမရှိ။ မထွေးနိုင် မမျိုနိုင် အတွေးနှင့် လူလည်း ထုံတုန်တုန်ကြီး ဖြစ်နေ၏။

"အစ်ကို ဘာတွေငေးနေတာလဲ၊ ဆွေဆွေ့ကို ခေါ်သွားမယ် မဟုတ်လား။ ပြောပါဦး"

"အင်"

"အစ်ကို့အမူအရာတွေက ဘယ်လိုလဲ၊ ဆွေဆွေ့ကို မချစ်ဘူးလား ပြောပါဦးလို့။ ဆွေဆွေတော့ အစ်ကိုနဲ့ မနေရရင် ကိုယ့်ကိုယ်ကိုယ် သတ်သေလိုက်မှာပဲနော်"

"ဟာ- မလုပ်ပါနဲ့ကွယ်၊ ဒုက္ခပါပဲ"

"ဘာကို ဒုက္ခတနေတာလဲ၊ လုပ်စရာရှိရင် ပြတ်ပြတ်သားသား ဆုံးဖြတ်စမ်းပါ အစ်ကိုရယ်"

ဆွေဆွေ၏ စကားတွေက သူ့ခံစားမှုကို ထိုးဆွ မွှေနှောက်နေသလိုပင်။ ပြတ်ပြတ်သားသား ဆုံးဖြတ်ဖို့ ဆိုသည်မှာလည်း ဘယ်သို့မျှ လွယ်သည့်ကိစ္စမဟုတ်။ သူ့မျက်လုံးထဲ ထဘီစွန်တောင်ဆွဲပြီး လိုက်လာမည့် အပုလေးတို့သားအမိ ကိစ္စကို မြင်ယောင်နေ၏။

ပြဿနာက အကျယ်အကျယ် မငြိမ်းဖွယ်ပြဿနာ။ မျောက်မီးခဲ ထိုင်မိသလို ခံစားနေရသည်မို့ ဖျောက်ဆိပ် ငူငူကြီး ဖြစ်နေ၏။

"အစ်ကို ပြောပါဦးလို့။ ဘယ်လိုကြီးဖြစ်နေတာတုံး၊ ဆွေဆွေ့ ဖြစ်အင်ကို ဒီအတိုင်းပဲ ထိုင်ကြည့်နေတော့မှာလား"

"ဟင်- ဟိုဒင်းလေ၊ သူတို့က ဆွေဆွေ့ကို ယောကျာ်းပေးစားမှာ သေချာလား"

"အို- သေချာပါတယ်ဆိုမှ ဒီအပတ်ထဲမှာ ဟိုဘက်ကလူ လာလိမ့်မယ်။ ကျွန်မတော့ သေသာသေချင်တယ်၊ လုပ်ပါဦး အစ်ကိုရယ်"

"ကိုင်း- ဘာမှ မေးမနေနဲ့၊ ဆွေဆွေ့ကို အစ်ကို ခိုးမယ်။ မနက်ဖြန်ညနေပိုင်း အဝေးပြေးဂိတ်ကို ထွက်ခဲ့၊ အဲဒီမှာ အစ်ကို စောင့်နေမယ်"

"ဟင်- တကယ် ပြောတာလား"



www.burmeseclassic.com

www.burmeseclassic.com



"တကယ် ပြောတာပေါ့"

"ဟင်- ဝမ်းသာလိုက်တာ အစ်ကိုရယ်၊ ဒါဆို ဆွေဆွေ စောင့်နေမှာနော်"

"အေးပါကွယ်၊ လာခဲ့ပါမယ်"

သူ့စကားကြောင့် ဆွေဆွေ၏မျက်နှာလေး ဝင်းဝင်းပပ ဖြစ်သွား၏။ ဖျောက်ဆိပ်ပခုံးလေးကိုမှီကာ ချွဲနွဲ့နေ၏။ ဆရာကြီးဖျောက်ဆိပ်ခမျာ နှလုံးသားတွေ အရည်ပျော်သွားမတတ် ခံစားနေရ၏။

နောက်ဆုံး ဘုရားပေါ်မှ ပြန်အဆင်း ဆွေဆွေ့ကို လမ်းထိပ်အထိ လိုက်ပို့ခဲ့ပြီး ဆရာတပည့်နှစ်ယောက် အိမ်မပြန်နိုင် ဖြစ်နေကြ၏။ ဖျောက်ဆိပ်၏အသွင်က ကြက်ကြီးလည်လိမ်ထားသလိုပင်။

"ဆရာဖျောက် ဘာတွေဖြစ်ကုန်ပြီလဲ"

"ခွတော့ကျနေပြီ ဂျာအေးရေ၊ ငါ့အဖြစ်က မထွေးနိုင် မမျိုနိုင်အဖြစ်ကွ"

"ပြောစမ်းပါဦးဗျာ"

ဖျောက်ဆိပ်သည် ဆွေဆွေ၏ကိစ္စကို အသေးစိတ် ပြောပြလိုက်၏။ ကြားလိုက်ရသည့်စကားကြောင့် ဂျာအေး အံ့ဩနေ၏။ ဖျောက်ဆိပ်က ဆုံးဖြတ်ချက်ကို ပြတ်ပြတ်သားသား ချလိုက်သည့်ပုံပင်။

"ဆရာဖျောက်"

"ဟင်- မင်း ဘာပြောချင်သတုံးကွ၊ ငါလုပ်တာ မှားသလား။ ငါတော့ ဆုံးဖြတ်ပြီးပြီကွာ"

"ဒါဆို မပုလေးကိုရော ဘယ်လိုတုံး"

"အေးကွာ၊ ငါ အပုလေးကိုတော့ သနားတယ်။ ဒါပေမယ့် ဆွေဆွေကလည်း သနားစရာကောင်းတာပဲကွ"

"အင်- ဒါဆိုလည်း ဆရာဖျောက် လုပ်ချင်သလိုသာ လုပ်ပေတော့ဗျာ၊ မှားတယ် မှန်တယ်ဆိုတာ ပြောနေလို့လည်း အပိုပါပဲ။ ကိုင်း ဒီတော့ ဘယ်ကိုသွားကြမှာလဲ၊ ကျုပ် ဘာလုပ်ပေးရမလဲ"

"အေးကွာ၊ မြင်းလှည်းကို မင်းပဲ မောင်းပေတော့။ ငါတော့ ဆွေဆွေ့ကိုခေါ်ပြီး အောင်လံကို ပြေးတော့မယ်ကွာ၊ အဲဒီမှာ



www.burmeseclassic.com

www.burmeseclassic.com



ငါ့ညီတစ်ဝမ်းကွဲ ကျောင်းထိုင်ဆရာတော် အရှင်ဝါစာရ ရှိတယ်ကွ"

"သမ္မုလရွာမှာလား"

"ဟုတ်တယ်၊ အဲဒီရွာကို သွားမယ်ကွာ။ ဟိုကျမှ ကြည့်ပြီး နေကြမယ်ကွာ၊ တစ်ခုရှိတာ အပုလေးတို့ ပြဿနာပဲကွာ"

"နေစမ်းပါဦး၊ မဆွေကို ဆရာဖျောက် မခွဲနိုင်တော့ဘူးလား။ ဆရာဖျောက်က လူပျိုမှ မဟုတ်ဘဲဗျာ၊ တော်ကြာ နောက်ဆက်တွဲ ပြဿနာတွေ တက်လာရင်အခက်ဗျ"

ဂျာအေးစကားကြောင့် ဖျောက်ဆိပ် ငူငူကြီး ဖြစ်သွား၏။ သို့သော် ဆုံးဖြတ်ချက်ကိုတော့ မပြင်လိုတော့။ ပေါက်သည့်နဖူး မထူးတော့ပြီဟု တွေးလိုက်၏။

"မထူးတော့ပါဘူးကွာ၊ လူဆိုတာ တစ်ခါတစ်ခါတော့ မိုက်ကြည့်သင့်တယ်ကွ။ ဘဝကို ပုံသေကြီး ရိုက်မထည့်ချင်ဘူးကွာ"

"လုပ်လေ၊ ဆရာဖျောက်ရဲ့ပြီဆိုမှတော့ ကျွန်တော် ဘာထပ်ပြောစရာလိုသေးလဲဗျာ။ ကောင်းတယ်၊ လုပ်သာလုပ်ပေတော့။မြင်းလှည်းကိစ္စ ကျုပ်တာဝန်ထားပေတော့"

ဖျောက်ဆိပ်၏ရင်ထဲ ဆွေဆွေကလေးနှင့် နှစ်ကိုယ်တူ နီးရတော့မည်မို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။ အပုလေးတို့အကြောင်းကိုလည်း မတွေး။ သူ့ဘဝထဲက ဖယ်ထုတ်လိုက်သလိုပင်။

* * *

သို့နှင့် နောက်တစ်နေ့ ညနေပိုင်းတွင် ဖျောက်ဆိပ်တစ်ယောက် အဝေးပြေးဂိတ်ဝင်းထဲသို့ ဝင်လာ၏။ ဆွေဆွေကလေးနှင့် တွေ့ရတော့မည်မို့ ရင်တဖိုဖို ဖြစ်နေ၏။

အောင်လံဆင်းမည့် ကားဂိတ်ဆီသို့ ခပ်သုတ်သုတ် လျှောက်ခဲ့၏။ ခရီးသည်တွေကလည်း အောတိုက်။ ဈေးသည်တွေရဲ့ အသံဗလံတွေကလည်း ပွက်လောညံနေ၏။

ကားတွေ၊ လူတွေ တရှုန်းရှုန်း။ ဖျောက်ဆိပ်သည် ဟိုဟိုဒီဒီ ကြည့်ရင်း ကားကြီးတစ်စီးပေါ် တက်လာ၏။



www.burmeseclassic.com

www.burmeseclassic.com



သူ့ကို ကျောပေးထိုင်နေသည့် အမျိုးသမီးတစ်ဦးကို မြင်ရတော့ ဖျောက်ဆိပ် ဝမ်းသာအားရ ဖြစ်သွား၏။

"ဆွေဆွေ ညီမလေး၊ အစ်ကိုဖျောက် လာပြီကွယ်"

ပြောပြောဆိုဆိုနှင့် ကျောပေးထားသည့် အမျိုးသမီးကို ပခုံး လှမ်းပုတ်လိုက်၏။ သူ့သတိပေးသံကြောင့် အမျိုးသမီးက သမင်လည်ပြန် လှည့်ကြည့်လာ၏။

"ဟိုက်- အပုလေး"

"ဘယ်ပြေးမှာတုံး ဆရာကြီးရဲ့၊ ဟင်းဟင်း ရှင့်ကိုယ်ရှင် ပိုင်လှပြီ ထင်နေတယ်ပေါ့ ဟုတ်လား။ တော်ကြီး မှားသွားပြီ၊ ကျုပ်ကို လျှော့တွက်တာ မှားကိုမှားနေပြီရှင့်"

"ဟင်- ဟိုဒင်းလေ၊ ဟိုဟာ"

"ဘာ- ဟိုဒင်းဟိုဟာတွေ လုပ်နေရသတုံး၊ လာစမ်း ခုဆင်းခဲ့"

"ငါ ငါ ဟိုဒင်းကွယ်၊ ဟိုလကွယ်"

"တော်စမ်းပါ၊ လာခဲ့"

"ဟာ- ဖြည်းဖြည်းလုပ်ပါဟ"

အပုလေး မျက်နှာကြီး ဘွားခနဲ မြင်လိုက်ရသဖြင့် ဖျောက်ဆိပ် တွန့်ခနဲ ဖြစ်သွား၏။ ရှေ့တိုးရနိုး၊ နောက်ဆုတ်ရနိုး ဖြစ်နေ၏။ ဘယ်လိုဖြစ်ပြီး အပုလေး ရောက်လာပါလိမ့်။ အံ့ဩကုန်နိုင်ဖွယ် ဖြစ်နေ၏။ ထိုစဉ် အပုလေးက သူ့ကို ကားပေါ်မှ အတင်း ဆွဲချသွားလေရာ ကား ရားကားရားနှင့် ပါသွား၏။

အောက်ရောက်တော့ ဂျာအေး၏ မြင်းလှည်းကြီးကို တွေ့လိုက် ရ၏။

"ဟာ- ဂျာအေး၊ မင်း. . . မင်း"

"ဟာ- ကျုပ် မဟုတ်ဘူးဗျ"

"ရှင် ဘာတွေပြောတာတုံး၊ လာလာ တက်တက်၊ အိမ်ကျမှ ရှင်းမယ်"

"ဟိုဒင်းလကွာ"

"တော်စမ်း- ခုချိန်မှာ အေးအေးလူလူ လိုက်ခဲ့နော်၊ မဟုတ်လို့ကတော့

www.burmeseclassic.com

www.burmeseclassic.com



တော့ ဝက်ဝက်ကွဲသွားလိမ့်မယ်"
"ဗုဒ္ဓေါ၊ မလုပ်ပါနဲ့ကွာ"
"ဒါဆို လိုက်ခဲ့၊ တက်၊ လှည်းပေါ်"
အပုလေး၏ လမ်းညွှန်မှုအောက်တွင် ဖျောက်ဆိပ် ချာချာလည်နေ၏။ နောက်ဆုံး လှည်းပေါ်မတက်ချင် တက်ချင်နှင့် တက်လိုက်ရ၏။ ဂျာအေးကိုလည်း မျက်စောင်းကြီး တခဲခဲ လုပ်နေ၏။
ဂျာအေးလည်း ဘာမှ မပြောသာ။ အပုလေး အမိန့်တိုင်း အိမ်ဘက်သို့ မောင်းခဲ့ရလေ၏။
အိမ်ရောက်သည်နှင့် အပုလေး ကြမ်းတော့၏။ ဖျောက်ဆိပ်ခမျာ လင်းတအိုကြီးလို မှိုင်နေ၏။ သူ့ရင်ထဲ မီးတောက်ကြီး ဟုန်းဟုန်းတောက်နေသလိုပင်။ ဂျာအေးခမျာမှာလည်း ထောင့်တစ်ထောင့်တွင် ညောင်နာနာနှင့် ထိုင်နေ၏။
"ဘယ်လိုလဲ ကိုရင်ဖျောက်ရဲ့၊ တော်ကြီး သူငယ်နာ စင်မှစင်ရဲ့လား ပြောပါဦး"
"ဟေ- ဘာဖြစ်လို့တုံးဟ"
"ဘာဖြစ်ရမှာလဲ၊ တော်ကြီး ငယ်မူပြန်နေတာလေ။ ကျုပ်ကို ဥစ္စာစောင့်နဲ့ တွေ့တယ် ဘာတယ် ပြောပြီး လှည့်ပတ်နေတာလေ"
"ဟို- တကယ်. . ."
"ဘာလဲ၊ ရှင် ဆက်လိမ်ချင်သေးလား။ ရှင် တော်တော် သစ္စာမဲ့ပါလား၊ ပြောပါဦး။ တစ်လင်တစ်မယားစနစ်ကို ရှင်ပဲ ကြိုက်တယ်ဆို၊ ခုတော့ ဘယ်လိုဖြစ်ကုန်ပြီတုံး။ ဘာလဲ၊ ကျုပ်လို အညတြတောသူပုကွကွကို ရှင်ကြီး ရွံနေပြီလား"
"ဟိုဒင်းကွာ၊ အပုလေးကလည်း တိုးတိုးတိတ်တိတ် ပြောလည်း ဒီစကားပါပဲကွာ"
"ဘာတိုးတိုးတိတ်တိတ်တုံး၊ ရှင် မရှက်ဘူးလား။ ဟဲ့- ဂျာအေး"
"ဗျာ"
"ဓားသွားယူစမ်း"
"ဟာ- ခြေလွန်လက်လွန်တော့ မလုပ်ကြပါနဲ့"



www.burmeseclassic.com

www.burmeseclassic.com



"တိတ်စမ်း- ငါ ယူခိုင်းတာ နင့်ဆရာကိုပေးဖို့ သူ့မျက်နှာသူ ဓားနဲ့ လှီးပစ်သင့်တယ်"
"အိုဗျာ- ကြည့်မကောင်း ရှုမကောင်း ဖြစ်ကုန်မှာပေါ့ဗျာ"
"တိတ်စမ်း- ဒီကိစ္စ နင်လည်း ကြံရာပါပဲဟဲ့"
"ဗျာ"
"ကိုင်း- ဘယ်လိုတုံး ကိုရင်ဖျောက်၊ ကျုပ်က ဘာလုပ်လုပ် လက်ဦးမှု ရယူချင်တာတော့။ အခု ရှင် ကျုပ်ကို ရှုံ့ပြီ မဟုတ်လား၊ ကျုပ် သိပါတယ်တော်။ ကျုပ်လို အကျည်းတန် ရွှတ်တွကို ရှင် ဘယ်ကြည့်ချင်တော့မှာလဲ။ ကောင်းပြီလေ၊ ဒါဆိုလည်း ကျုပ် ရွာပြန်မယ်။ ရှင်နဲ့ ကျုပ် သေခန်းပြတ်ပြီသာမှတ်"
"မဟုတ်တာဘဲ အပုလေးရယ်၊ ကိုကိုဖျောက်ပြောတာ နား ထောင်ပါဦးကွယ်"
"တော်ပါတော့၊ တော်ကြီး ကျုပ်ကို တုံးမဆိုပြီး လိမ်ခဲ့တာ အခါ တစ်ရာ မကတော့ဘူး။ အခု ကျုပ် မမှားသင့်တာ မမှားရအောင် ရှင့်ကို အိမ်ပြန်ခေါ် လာပြီ၊ ဒီတော့ ကျုပ်တာဝန်ကျေပြီ။ ကျုပ်တို့ နှစ်ယောက် ရွာပြန်တော့မယ်၊ ရှင် ကလေးကို လာတွေ့စရာလည်း မလိုဘူး။ သေခန်းပြတ်ပြီလို့သာ မှတ်ပေတော့"
"ဟော"

အပုလေးသည် သူပြောချင်ရာကို ပြောဆိုလိုက်၏။ ထို့နောက် အထုပ်အပိုးတွေယူကာ ဂျာဖျောက်ကိုခေါ်၍ ရွာသို့ ပြန်သွားလေတော့၏။ ဖျောက်ဆိပ်ခမျာ ဆွေဆွေလည်းလွတ်၊ အပုလေးလည်း လွတ်သွားပြီမို့ ငိုရမလို ရယ်ရမလို ဖြစ်နေလေတော့၏။

✿ ✿ ✿



www.burmeseclassic.com

ww.burmeseclassic.com

ဘဝကိုမြင်မှ
ဘဝင်စိတ်ပျောက်ပေမည်။
ဘဝကို မြင်နိုင်ရန်အတွက်
ခါးသီးသော အမှန်တရားကို
လက်ခံနိုင်ချေမည်။

www.burmeseclassic.com

ww.burmeseclassic.com

## အခန်း (၆)

"ငါ ဘာလုပ်ရမလဲကွာ၊ ငါ့မှာ ကမ္ဘာမရှိတော့ဘူးကွ။ ရင်တစ် အုံလုံး ပွင့်ထွက်သွားသလိုပဲ ဂျာအေးရာ၊ ဒီကိစ္စကို ကိုတင်ဝင်းက ဘယ်လိုသိသလဲကွာ"

"အဲဒါပြောတာပေါ့ ဆရာဖျောက်ရာ၊ ဆရာတင်ဝင်းက သူ့ညီမ ကို ခြေရာခံ စုံစမ်းနေတာဗျ။ ဆရာဖျောက်နဲ့ ငြိနေတာလည်း တွေ့ရော အပုလေးဆီ ရောက်လာပြီး ပြဿနာရှာတာဗျ"

"ဟင်- ဟုတ်လား"

"အဟုတ်ဗျ၊ ဒီကိစ္စမှာ လမ်းညွှန်သွားတာက ကိုတင်ဝင်းဗျ"

"တောက်- ရက်စက်လိုက်တာကွာ၊ ခုတော့ ငါ့ဘဝက ဘတ်လတ် ကြီး ဖြစ်နေပြီ"

"သိပ်လည်း မခံစားပါနဲ့ဗျာ၊ ဆရာဖျောက်ပြောခဲ့သလို ဘာမဆို ခပ်ပါးပါး တွေးတတ် နေတတ်ဖို့ လိုတယ်ဗျ"

"ဟုတ်တော့ ဟုတ်ပါတယ်ကွာ၊ ဒါပေမယ့် ခုထိ ငါ့စိတ်ကူးတွေ ဝါးတားတားကွ"

"ဟုတ်တယ်လေ၊ ဝါးတားတားလောကကြီးမှာ ဆရာဖျောက် ဘာကို မြင်ချင်တာလဲ။ တရားသိထားတဲ့လူမှာ တရားနဲ့ လွ ပါသဗျာ"

"အင်- ကောင်းရောကွာ"



www.burmeseclassic.com

www.burmeseclassic.com



ဂျာအေးက ပြန်တရားချနေသည်မို့ ဖျောက်ဆိပ် အူလည်လည် ခံစားနေရ၏။ အပုလေးတို့သားအမိ အိမ်ပေါ်မှ ဆင်းသွားကတည်းက ဖျောက်ဆိပ် ဘဝပျက်နေ၏။

ဂျာအေးကို အရက်တွေ ဝယ်ခိုင်းပြီး သောက်လိုက်မူးလိုက်၊ ငိုလိုက်ရယ်လိုက် လုပ်နေ၏။ အသံဝါဝါကြီးနှင့် သီချင်းဆိုသံကလည်း တစ်ရပ်ကွက်လုံး ဆူညံနေ၏။

ထိုအခြင်းအရာကြောင့်လည်း အရပ်လူကြီး ဆရာကြိုင် အိမ်ပေါ် ရောက်လာ၏။ ဖျောက်ဆိပ်တစ်ယောက် အိမ်ဦးခန်းတွင် မှောက်လျက် သားအိပ်ကာ အလွမ်းသီချင်းတွေ အော်ဟစ်သီဆိုနေ၏။

"ဟကောင် တိတ်စမ်း"

"ဘယ်သူတုံးဗျ"

"ငါ အရပ်လူကြီးကွ"

"ဟာ- အရပ်လူကြီးကိုး၊ ကြွပါခင်ဗျာ ကြွပါ။ ကျွန်တော်မျိုး ဖျောက်ဆိပ် အသည်းတွေ ဟက်တက်ကွဲပြီး ဘဝဘတ်လတ်ကြီး နဲ့ ရင်ဘတ်ကြီး ပြိုကျသွားပြီဗျို့"

"ဟုတ်တယ်ဗျို့။ ထိုင်ပါဦး အရပ်လူကြီးရဲ့၊ ကျုပ်ဆရာအဖြစ်က တော့ ဝေဒနာပြပွဲပေါ့ ဆရာကြိုင်ရယ်"

"ဟကောင်၊ မင်းတို့နှစ်ယောက်ရဲ့ အော်သံဟစ်သံတွေက တစ်ရပ် ကွက်လုံး ပွက်ပွက်ညံနေပြီကွ"

ဂျာအေးက ပြူးကြောင်ကြောင်နှင့် အရပ်လူကြီးကို ကြည့်ရင်း သူ့ဆရာဖြစ်ပုံကို ထောက်ခံလိုက်၏။ ဆရာကြိုင်တစ်ယောက် ခေါင်း တခါခါနှင့်။ ရှုံ့ရှုံ့ရှဲ့ရှဲ့ ဖြစ်နေ၏။

"မင်းတို့ တိတ်မလား၊ ငါပိတ်ပေးရမလား ပြောစမ်း"

"ခက်ပါ့ အရပ်လူကြီးရယ်၊ လွတ်လပ်စွာ ကြွေကွဲခွင့်ပြုပါဗျာ။ ခုဥစ္စာ ကြွေကွဲတာတောင် အရပ်လူကြီးဆီ လျှောက်လွှာတင် ရမယ့်ပုံပါလား"

"ဟကောင် ဖျောက်ဆိပ်၊ မကြီးမငယ်နဲ့ ဘာဖြစ်နေသတုံးကွ။ ကိုင်း- ခုချက်ချင်း အော်တာဟစ်တာတွေကို ရပ်ပေတော့၊



www.burmeseclassic.com

www.burmeseclassic.com



မရပ်လို့ကတော့. . .”

“ဟာ- ကြိမ်းလှချည်လားဗျ။ ကိုင်း- လာဗျာ ဆရာဖျောက်၊ ကျုပ်တို့ လမ်းထိပ်ကကင်းတဲကို သွားကြမယ်”

“အေး- ကောင်းတယ်၊ ဒီမှာလွမ်းရတာ အရပ်ကို လျှောက်လွှာတင်ရမယ့်ကိန်းကွ”

ဆရာတပည့်နှစ်ယောက် အိမ်ပေါ်မှ ယိုင်ထိုးယိုင်ထိုး ဆင်းကာ ကင်းတဲပေါ်သို့ ရောက်သွား၏။

ထိုအချိန် မှတ်ကြီးတို့လူသိုက် ကင်းစောင့်ရင်း ကြက်တစ်ကောင် ဝယ်ကာ ကာလသားချက် ချက်ရန် ပြင်ဆင်နေကြ၏။ သူတို့ကိုမြင်တော့ ဝမ်းသာအားရနှင့် ဆီးကြိုခဲ့ကြ၏။

ဂျာအေးသည် မှတ်ကြီးထံမှ မယ်ဒလင်အစုတ်ကြီးကို ယူကာ တဒေါင်ဒေါင်နှင့် တီးခတ်လေ၏။ ဆရာဖျောက်ကလည်း မဟာဂန္ထဝင် အလွမ်းသီချင်းများနှင့် သီကြွေးလေ၏။ အသံကြီးက ဝါတာတာ၊ ဝါးတားတား။ ဂျာအေး၏ မယ်ဒလင်အသံကလည်း ကြောင်တိကြောင်တောင်။ သူတို့လူစု နှိပ်စက်သဖြင့် တစ်ရပ်လုံး အိပ်မရအောင် ဖြစ်နေ၏။

အော်ကြဟစ်ကြ ပြောကြဆိုကြနှင့် အရပ်ထဲက ပေါက်ကွဲလာ၏။ ထိုအခြင်းအရာကြောင့် အရပ်လူကြီးနှင့် ရဲအဖွဲ့များ ရောက်လာလေရာ သူတို့အားလုံး လူစုကွဲသွား၏။

နောက်ဆုံး ဂျာအေးသည် အိမ်ဝိုင်းထဲမှ မြင်းလှည်းကြီး ဆွဲထုတ်လာပြီး မှတ်ကြီးတို့လူစုကို လှည်းပေါ်တင်လိုက်၏။ ဖျောက်ဆိပ်သည် လှည်းဦးတွင် ထိုင်လိုက်၏။

“ကောင်းတယ်၊ တစ်မြို့လုံး ပတ်မောင်းစမ်းကွာ။ ငါ့ရဲ့ ရင်ကွဲသံကို တစ်မြို့လုံးကြားအောင် အော်မယ် ဟား. . ဟား. . ဟား တီးစမ်းကွာ”

လှည်းသံက တဂျောင်းဂျောင်း။ မှတ်ကြီးကလည်း မြင်းကြီးကို စွတ်ရိုက်နေ၏။ ဂျာအေးကလည်း မယ်ဒလင်စုတ်ကို တဒေါင်ဒေါင်နှင့် တီးခတ်နေ၏။

လမ်းပေါ်ရောက်လာတော့ မှတ်ကြီးတို့၏ အသံတွေပါ ပါလာ



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် ပွတ်လောညည်နေ၏။ ထိုအချိန် လုံခြုံရေးကင်းလှည့်လာသော တင်ဝင်းတို့လူစုနှင့် တိုးကာ အချုပ်ထဲ ရောက်ရှိသွားလေတော့၏။

* * *

ဦးဆုံး သတိရလာသူက ဖျောက်ဆိပ်။ ဂျာအေးတို့လူစုကတော့ အချုပ်ခန်းထဲ ရောက်လို့ရောက်မှန်းပင် မသိ၊ ပုဆိုးခြုံပြီး ကွေးနေကြ၏။ သံတိုင်တွေကိုမြင်မှ ဖျောက်ဆိပ် အကြီးအကျယ် တုန်လှုပ်သွား၏။

"ဟာ- ဘုရား ဘုရား ငါတို့ ဘယ်လိုဖြစ်ကုန်ပါလိမ့်၊ ဂျာ ဂျာအေး ထစမ်း"

"ဟင်"

"ထစမ်းကွာ၊ ပြဿနာပဲ"

အတင်း လှုပ်နိုးမှ ဂျာအေးတို့လူစု လူးလူးလဲလဲ ထလာ၏။ သံတိုင်တွေကို မြင်လိုက်သည်နှင့် အားလုံး ပျိုးစပ်အဟောင်းသား ဖြစ်နေကြ၏။ ထိုစဉ် အချုပ်ခန်းရှေ့သို့ တင်ဝင်းနှင့် စိုးတင့် ရောက်ရှိလာ၏။ သူတို့အသွင်က 'တကယ့် အောင်နိုင်သူကြီးများအလားပင်။

"ဘယ်လိုတုံးကွ၊ မင်းတို့အားလုံးဟာ အတော် ကြောက်စရာကောင်းလှပါလား"

"ဟင်- ကို. . . ကိုတင်ဝင်း"

"ဘာတုံး၊ ဘာကိစ္စတုံး ကိုတောင်ပို့ကြီးရဲ့။ ဟင်းဟင်း ကျုပ်ကတော့ ခင်ဗျားကို အထင်တကြီးနဲ့ အိမ်ဦးထိုင်ခိုင်းတာ ခင်ဗျားက ကျုပ်ညီမကို သုတ်ဖို့ပြင်တယ်လေ။ ကျုပ်ညီမက စိတ်သိပ်မှန်တာ မဟုတ်ဘူးဗျ"

"ခင်ဗျာ၊ စိတ်မမှန်ဘူး"

"ဟုတ်တယ်၊ ဒါကြောင့် ရန်ကုန်စိတ်ကျန်းမာရေးဆေးရုံပြဖို့ သူ့အစ်မနဲ့ ထည့်လိုက်ပြီဗျ"

"ဟင်- ဒါ. . ဒါဆို"

"ခင်ဗျားဗျာ၊ လူကြီးတစ်ယောက်ဖြစ်ပြီး မဟုတ်မဟတ် အတော်ကို လုပ်တာပဲ။ ပြီးတာတွေ ထားလိုက်ပါတော့၊ ခုတော့ ခင်ဗျားတို့ဟာ ပတ်ဝန်းကျင်ကို အမျိုးမျိုး လှည့်ပြီး ဒုက္ခပေးနေတာမို့



www.burmeseclassic.com

www.burmeseclassic.com



ဘယ်နည်းနဲ့မှ လွတ်မပေးနိုင်ဘူးဗျ"

"ဗုဒ္ဓေါ- အဲဒီလိုတော့ မလုပ်ပါနဲ့ဗျာ၊ မလိမ္မာ တစ်ခါမိုက်စမြဲပါ ဆရာတင်ဝင်းရယ်။ လူဆိုတာ အမှားတော့ ရှိမှာပေါ့၊ အမှားကင်းတဲ့ ပုထုဇဉ်ဆိုတာ မရှိပါဘူးဗျာ"

"ဟုတ်ပါတယ်ဗျာ၊ လောဘ ဒေါသ မောဟဆိုတဲ့ တရားဆိုးနဲ့ သွားလာနေကြတဲ့ လူတွေဟာ အမှားတော့ ပြုမိကြမှာပေါ့ ဆရာရယ်"

"တော်စမ်း၊ ဒီအဖွဲ့မှာ ကိုဖျောက်ဆိပ်က ခေါင်းဆောင်ပဲ။ ခင်ဗျား လောက် ဘုရားတရားသိတာ ခင်ဗျားပဲ၊ ဒါပေမယ့် လုပ်လိုက်မှဖြင့် ပြဿနာပေါင်း သောင်းခြောက်ထောင်"

"ဟဲဟဲ- အဲဒါ သတိပေါ့ ဆရာတင်ဝင်းရယ်၊ ကျုပ်က တရားသိပေမယ့် တရားမရှိပါဘူးဗျာ။ တရားမရှိတော့ သတိမကပ်ဘူး။ သတိမကပ်တော့ အသိမြတ်တွေပျောက်၊ နောက်ဆုံးတော့ ဟဲဟဲ"

"ကဲကဲ ဘာမှ မပြောနဲ့ ခင်ဗျားတို့လူစု ဒီမှာ တစ်ညတော့ အိပ်လိုက်ကြဦး၊ ဟုတ်လား၊ ဒါမှ မှတ်လောက်သားလောက်မှာပေါ့"

"အင်- ရက်စက်လိုက်တာဗျာ"

တင်ဝင်းတို့နှစ်ဦး အချုပ်ခန်းရှေ့မှ ချာလည်ချာလည်နှင့် ထွက်သွား၏။ ဖျောက်ဆိပ်တို့လူစုခမျာ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး အခံစားကြီး ခံစားနေကြရ၏။

"တော်ပြီ၊ အချုပ်ကထွက်တာနဲ့ ဘုန်းကြီးဝတ်တော့မယ်ဗျာ"

"ဘယ်လိုဖြစ်လို့တုံး မှတ်ကြီးရဲ့"

"ဟာ- ဗေဒင်ဆရာက ကျုပ်ကို အချုပ်ကျမယ် ပြောထားရက်နဲ့ဗျာ။ အမေရေ၊ သားကို ကယ်ပါဦး"

"ကျွန်တော်လည်း ငိုချင်တယ်ဗျ၊ အီးအီး. . ."

"ဟာ- ပြဿနာပဲ"

မှတ်ကြီးနှင့် ဒေါ်ကုလားတို့နှစ်ဦး နောင်တ အကြီးအကျယ်ရကာ တအီးအီးနှင့် ငိုနေ၏။ ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦးမှာ ငိုရမလား ရယ်မရမလားပင် မဝေခွဲတတ်တော့။



www.burmeseclassic.com

www.burmeseclassic.com



ပို၍ ခံစားနေရသူမှာ ဖျောက်ဆိပ်။ သူ့ အခံစားကြီး ခံစားနေရသော ဆွေဆွေမှာ စိတ်မမှန်သူဖြစ်နေ၍ အကြီးအကျယ် ကြေကွဲနေရ၏။ ဂျာအေးကိုပင် ရဲရဲမကြည့်ဝံ့။

"ဘယ်လိုတုံး ဆရာဖျောက်၊ ခင်ဗျားရဲ့ အချစ်ကလေးက ကြောင်နေတယ်ဆို"

"အေးလကွာ၊ ငါ့မှာတော့ ခံစားလိုက်ရတာ"

"အဲဒါပြောတာပေါ့၊ ဒီလောက် ရက်ရောလိုက်လျောနေကတည်းက ကျုပ်စိတ်ထဲ သက်သာမကင်း ဖြစ်ခဲ့ရတာဗျ"

"အေးလကွာ၊ ခဲလေသမျှ သဲရေကျရပြီပေါ့။ ဩော်- အချစ်ဆိုတာ ခံစားချက်ပါလား"

"ဘာလုပ်ရမှာတုံးဗျာ၊ အဲဒီ ခံစားချက်ကို မြည်းလို့ရသလားပြော"

"တော်ပါတော့ ဂျာအေးရာ၊ လိုင်းစုံပူးလိုက်မှ ခုတော့ အချုပ်ထဲ အိပ်ရပြီကွ။ ဒီကိစ္စသာ အပုလေး သိလို့ကတော့"

"ဘာဖြစ်မှာလဲ"

"အေးကွာ၊ အပုလေးလည်း ငါ့ကို အတော်ကြီး စိတ်နာသွားတဲ့ပုံပဲကွ။ ငါကိုယ်တိုင်ကလည်း မစဉ်းစားတာပါကွာ၊ ကိလေသာနဲ့ အပျော်လွန်တဲ့လူသား အမှားတကာ အမှောင်တိုက် လောင်မြိုက်မီးများတဲ့၊ မှန်ပ့ါကွာ"

"မေ့ပစ်လိုက်ပါ ဆရာဖျောက်ရယ်"

"အေးပေါ့ကွာ၊ ဖြစ်ပျက်ခဲ့သမျှတွေ သယ်ပိုးနေလို့ကတော့ သောကတွေ ထူလဗျစ်နဲ့ နစ်လိုက်မယ့်နွံတွေ ပေါပ့ါကွာ။ ဩော်- အချစ် အချစ်၊ ငါ့အတွက် ကံဆိုးလှပါလားကွာ။ ချစ်မယ်တောင် မကြံရသေးဘူး ချစ်သူကလည်း အူချာချာ. . ."

"ဟားဟားဟား အူချာချာမို့ လူပါနာတာပေါ့ဗျာ"

"တော်ပါတော့ကွာ"

နှစ်ယောက်စလုံး ခေါင်းငိုက်စိုက်။ မှတ်ကြီးတို့လူစုကလည်း တစ်ညလုံး တရှုတ်ရှုတ် ငိုနေကြ၏။ ကြမ်းပိုးတွေ၊ ခြင်တွေကလည်း ဆော်တိုက်။ သမ်တလင်းပေါ်လည်း မအိပ်နိုင်။



www.burmeseclassic.com

www.burmeseclassic.com



နောက်ဆုံးတော့ သူတို့လူစု ငုတ်တုတ်မိုးလင်းခဲ့ရ၏။ မိုးလင်းသည်နှင့် သူတို့ကို အချုပ်ခန်းထဲမှထုတ်ကာ ခံဝန်ကတိ လက်မှတ်ထိုးစေ၏။ တင်ဝင်းသည် သူတို့လူစုကို ခပ်တင်းတင်း ကြည့်ပြီး ပြောလိုက်၏။

"ဒါ နောက်ဆုံးပဲနော်၊ နောက်ထပ် ပြဿနာပေါ်လို့ကတော့ အချုပ်ကနေ ထောင်နန်းစံရမယ်သာမှတ်"

"ဟုတ်ကဲ့ပါခင်ဗျာ၊ ခုလို လွှတ်ပေးတာကိုပဲ ကျေးဇူးတင်လှပါပြီ"

"ကိုင်း- သွားကြတော့"

သူတို့လူစု ရှုံ့ရှုံ့မဲ့မဲ့နှင့် စခန်းထဲမှ ထွက်ခဲ့ကြ၏။ မှတ်ကြီးတို့လူစုမှာ ဂျာအေးနှင့် ဖျောက်ဆိပ်ကို ရဲရဲတောင် မကြည့်ဝံ့တော့ဘဲ တစ်ချိုးတည်း လစ်ကုန်ကြ၏။

* * *

သူတို့နှစ်ယောက် ချာလည်ချာလည်နှင့် မြင်းလှည်းဂိတ်သို့ ရောက်သွား၏။ စိန်ကျော်က သူတို့နှစ်ဦးကို မြင်တော့ ဝမ်းသာအားရနှင့် ပြေးလာ၏။

"ဟာ- ကိုကြီးဖျောက်"

"ဟေလကွယ်"

"လွှတ်လာပြီ မဟုတ်လား၊ ဂျာအေး ငါ ဝမ်းသာလိုက်တာကွာ၊ ရော့ရော့ - ဒါ ခင်ဗျားတို့လှည်း ဆွဲခဲ့ရတဲ့ ပိုက်ဆံ"

"ကျေးဇူးပဲကွာ"

"ကိုင်း- ခင်ဗျားတို့နှစ်ယောက်အတွက် စားဖို့သောက်ဖို့ သွားဝယ်ဦးမယ်ဗျာ"

"ဟုတ်တယ်၊ စိန်ကျော်။ မင်းပြောမှ ငါ သတိရတယ်။ ဝယ်ကွာ"

စိန်ကျော်တစ်ယောက် လမ်းထိပ်ဆိုင်သို့ ပြေးကာ ခေါက်ဆွဲကျော်နှင့် အရက်ပုလင်းတစ်လုံး ဝယ်လာ၏။ အရက်ပုလင်း မြင်တော့ ဖျောက်ဆိပ် ခေါင်းတခါခါ လုပ်နေ၏။

"ဘာတုံးဗျ၊ မသောက်တော့ဘူးလား"

"အေးကွာ၊ လောလောဆယ် ရပ်ထားဦးမှပဲ"

"ဟင်- ဒါဆို ကိုကြီးဖျောက်က လိမ္မာသွားပြီလား"



www.burmeseclassic.com

www.burmeseclassic.com



"ဟဲဟဲ အဲဒီလိုပဲ ပြောရမှာပေါ့ကွာ၊ ဒါပေမယ့် သိပ်တော့ မသေချာလှဘူးကွ။ လိမ္မာတာ၊ မိုက်တာဟာ သိပ်တော့ အဆန်းတကြယ် မဟုတ်ဘူးကွ။ အရေးကြီးတာ စိတ်ပဲ။ ဘာလုပ်လုပ် ရှိတ်စေတနာကောင်းဖို့တော့ လိုတယ်"

ဖျောက်ဆိပ်အသွင်က ဝါးတားတား။ ပြောနေသည့် စကားတွေကလည်း ဝေတေတေ။ စိန်ကျော်နှင့် ဂျာအေးမှာ မေးခွန်းဆက်မမေးရဲ။ မေးလျှင် ပို၍ ရှုပ်ထွေးသွားမည်မို့ ငုံးတိတိနှင့် နေလိုက်ရ၏။

တာတေကြီးသည် ဖျောက်ဆိပ်တို့လူစုကို မှုန်ကုပ်ကုပ် ကြည့်နေ၏။ သူ့စိတ်ထဲ ဖျောက်ဆိပ်နှင့် ဂျာအေးကို ခမ္မတ္တရာယ်ကောင်တွေဟု ထင်နေ၏။ သာအေးတို့လူစုပင် ဖျောက်ဆိပ်၏ စကားကြောင့် ရှောင်ဖယ်ဖယ် လုပ်နေ၏။

သူတို့ ဆရာတပည့်နှစ်ဦးကတော့ ထုံးစံအတိုင်း ထင်ရာပြော ထင်ရာလုပ်နေကြဆဲ။ ထိုအချိန် သူတို့ဂိတ်သို့ အရပ်လူကြီး ဆရာကြိုင် ရောက်လာ၏။

"ဟော့ကောင် ဖျောက်ဆိပ်"

"ဟာ- ဆရာကြိုင်ပါလား။ ဘာတုံးဗျ၊ ဘာကူညီရမလဲပြော"

"အေး- မင်းတို့နှစ်ယောက်ဟာ အကုသိုလ် အတုံးလိုက် အတစ်လိုက် ရှာတဲ့ကောင်တွေ၊ ဒီတော့ ကုသိုလ်အလုပ်ကလေးတော့ လုပ်ကြမှ ဖြစ်မယ်ကွ"

"သိပ်ဟုတ်တာပေါ့ ဆရာကြိုင်ရယ်၊ ကျွန်တော့်တို့လည်း အကုသိုလ်တွေနဲ့ အီလည်လည် ဖြစ်နေပြီဗျ။ ဟဲဟဲ - ပြော၊ ဘယ်လို ကုသိုလ်လုပ်ရမလဲ။ အရပ်ထဲက အဘိုးကြီး၊ အဘွားကြီးတွေ ခြေသည်းလက်သည်း လှီးပေးရမလား၊ ခေါင်းလျှော်ပေးရမလား ပြော"

"ဟော့ကောင် ဂျာအေး၊ မင်း ထင်ရာတွေ မပြောနဲ့။ ငါလာတာ လာမယ့် အပတ်ထဲမှာ ငါတို့ရပ်ကွက် ရဟန်းခံရှင်ပြုရှိတယ်၊ အဲဒါ မင်းတို့ မြင်းလှည်းဆရာတွေ အကုန်လုံး လိုက်ရမယ်၊ ဒီကိစ္စမှာ မင်းတို့နှစ်ယောက်ကို ငါ တာဝန်ပေးတယ်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ- သိပ်ကောင်းတာပေါ့ဗျာ"

"ကောင်းပေါ့ဗျာ၊ ဒါကြောင့်လည်း ဆရာကြိုင်ဟာ အရုပ်လူကြီး ဖြစ်နေတာကိုး"

"ဟဲဟဲ- ငါက မြင်တတ်ပါတယ်ကွာ၊ လူဆိုးဆိုတာ အမြဲတမ်း လူဆိုး မဖြစ်နိုင်ပါဘူး၊ ပတ်ဝန်းကျင်ရဲ့ ဖိအားကြောင့်လည်း ဖြစ်နိုင်တာပေါ့၊ ဒီတော့ ပတ်ဝန်းကျင်ကောင်းရင် ဗီဇ ဘယ်လောက်ဆိုးဆိုး အဲဒီ ဗီဇဆိုးတွေ ကြက်ပျောက်ငှက်ပျောက် ဖြစ်သွားရမှာ ကျိန်းသေပဲကွ။ လိမ္မာကြစမ်းပါကွာ၊ လူလိမ္မာတွေပေါမှ ကုသိုလ်တွေ ပေါမှာပေါ့ကွာ။ ကုသိုလ်တွေပေါမှ ငြိမ်းချမ်းမှာပေါ့"

"ဒါဆို တစ်လောကလုံး လူလိမ္မာတွေချည်းပဲဆို နတ်ပြည်မှာ နေစရာထိုင်စရာ ရှိပါ့မလားဗျာ"

"ဟေ- ဟဲ့ကောင် ဂျာအေး၊ နင့်ပါးစပ် ပိတ်စမ်း။ မှတ်ထားကွ၊ နတ်သားတစ်ပါးမှာ နတ်သမီးကညာ တစ်ဖက် လေးငါးရာတဲ့ကွ။ ဒီတော့ နတ်ပြည်မှာ နတ်သားရှားတယ်၊ နတ်သမီးပေါတယ်။ အဲဒီကတည်းက ငါတို့ ယောကျ်ားတွေဟာ အကုသိုလ် ဒုစရိုက်တွေများတယ်လို့ ပြောရမှာပဲ။ ဒါကြောင့် နတ်ပြည်မှာ နတ်သား ဦးရေ တိုးလာအောင် ကုသိုလ်ရှာသင့်တာပေါ့ကွာ"

ဆရာကြိုင်က သူ့အတွေးနှင့်သူ ပြောချလိုက်၏။ သူ့စကားကို ဖျောက်ဆိပ်က စပ်ဖြဲဖြဲ။

"ဆရာကြိုင်ကလည်းဗျာ၊ ယောကျ်ားကောင်း မောင်းမတစ်ထောင်တဲ့ဗျ။ ဟဲဟဲ နတ်သားကောင်းရင် မောင်းမတစ်သောင်းပေါ့ဗျာ"

"ဟေ- ဘာလဲ ဖျောက်ဆိပ်၊ မင်းစကားက ဘာစကားလဲကွ"

"ဩော်- ကျွန်တော်တို့ နတ်သားတွေရဲ့ အစွမ်းအစကို ပြောတာပါဗျာ"

"ဟုတ်တယ်ဗျ၊ ဆရာဖျောက်ပြောတာ မှန်တယ်။ နတ်သားတွေ ဗုန်းပေါလအောာ များနေရင် နတ်စွမ်းနတ်စ ပြလို့ မရတော့ဘူး"

"တော်ကြစမ်း၊ စကားက ဘယ်ရောက်ကုန်ပြီမှန်းတောင် မသိတော့ဘူး။ ကိုင်း- ငါပြောတာ မမေ့နဲ့၊ မင်းတို့ လှည်းသားတွေကို



www.burmeseclassic.com

ww.burmeseclassic.com



ပြောလိုက်။ တစ်လှည်းမှ မလိုက်လို့ မဖြစ်ဘူးနော်”

“စိတ်ချပါဗျာ၊ ကုသိုလ်အရေးဆို ကျုပ်တို့လူသိုက်က မနေးပါဘူး ဗျာ- ဟဲဟဲ”

ဆရာကြိုင်ထွက်သွားသည်နှင့် ဖျောက်ဆိပ်က တာတေကြီးတို့ လူစုကို ပြောပြလိုက်၏။

“ဖျောက်ဆိပ်၊ မင်းစကား မှန်ပါတယ်နော်”

“ဟာ- ဒါကုသိုလ်ရေးဗျ။ ကျုပ် ပေါက်တီးပေါက်ရှာ ပြောပ့ါမလား။ ဘာလဲ၊ ခင်ဗျားက နတ်ပြည်မသွားချင်ဘူးလား”

“ဟင်- မင်းစကားက”

“ဟုတ်တယ်လေ၊ ကျုပ်က ကုသိုလ်ရေးပြောတာ ခင်ဗျား မျက်နှာကြီးက ဘဝင်မကျသလိုပဲ။ ဟုတ်ပါတယ်၊ လူတွေဟာ အကုသိုလ်နွံထဲ ပျော်ကြသဗျ။ ဖဲရိုက်၊ အရက်သောက်၊ ပျော်ပွဲရွှင်ပွဲဆို လက်တို့စရာတောင် မလိုကြဘူး”

“ဟာကောင်၊ အဲဒါ မင်းတို့နှစ်ကောင် အများဆုံး လုပ်တာကွ။ မင်းတို့နှစ်ကောင်က မသေခင်ကတည်းက ငရဲပြည်ရောက်နေပြီကွ ဟားဟားဟား”

တာတေကြီး၏ ရယ်သံက တစ္ဆေသရဲ အော်သံကြီးအလားပင်။ ဖျောက်ဆိပ်သည် ပါးစပ်ပြဲပြဲကြီးနှင့် ရယ်မောနေသော ဂိတ်မှူး တာတေကြီးကို မဲ့ရွဲ့ရွဲ့နှင့် ပြောလိုက်၏။

“ခင်ဗျား ရယ်သံကြီးက နာနာဘာဝ အော်သံကြီးလိုပဲ။ အတူတူနဲ့ အနူနူပါပဲ ဂိတ်မှူးရာ၊ အရေးကြီးတာစိတ်ပဲ။ စိတ်ပြင်မှ အရိပ်ထင်မှာဗျ။ စိတ်မပြင် လိပ်ဖင်လို. . .”

“ဘာကွ- တော်တော်၊ မင်း မဟုတ်တာတွေ မပြောနဲ့”

တာတေကြီး ရှုံးရှုံးရှဲရှဲ ဖြစ်သွား၏။ နောက်ဆုံးတော့ ရှင်ပြုရဟန်းခံ လိုက်ရမည်ဆိုသော သတင်းကြောင့် သူတို့ လှည်းသမားတွေ ဝမ်းသာအယ်လဲ ဖြစ်နေကြ၏။ ပြောကြဆိုကြ ဆွေးနွေးကြရင်း အလှူပွဲအတွက် အားလုံး ပါဝင်ရန် သဘောတူညီခဲ့ကြ၏။

* * *



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြိုင်သည် သူကိုယ်တိုင် ကမကထ လုပ်သည့်ပွဲဖြစ်၍ ရပ်ကွက်ထဲ ချောင်းပေါက်အောင် သွားလာလှုပ်ရှားနေ၏။ ရပ်ကွက်သုံးခု ပေါင်းပြီးလုပ်မှာဖြစ်၍ ပွဲမစမီ အစည်းအဝေး လေးငါးကြိမ်ထိုင်ခဲ့ရ၏။ အစီအစဉ်တွေ ချမှတ်ခဲ့၏။

ဖျောက်ဆိပ်တို့လူစုကလည်း အစည်းအဝေးတွင် တက်တက်ကြွကြွ တက်ရောက်ခဲ့၏။

ဆရာကြိုင်သည် အာပေါင်အာရင်းသန်သန်နှင့် မိန့်ခွန်းခြွေနေ၏။

"ကျုပ်တို့ အလှူပွဲဟာ တကယ့် မှတ်တမ်းဝင်ပွဲကြီး ဖြစ်ချင်တယ်ဗျာ။ နောက်ဆုံး စားရေးသောက်ရေးကအစ စနစ်တကျ ဖြစ်စေချင်တာ။ ဒီတော့လည်း ညီညီညွတ်ညွတ် လုပ်ကြပါ။ နောက်ဆုံး ဆိုင်းဝိုင်းပါ ထည့်မယ်ဗျာ"

"ကောင်းတာပေ့ါ ဆရာကြိုင်က အဲဒီမှာ မင်းသားကြီးလုပ်ပါလား"

"ဟေ- ဘယ်သူပြောသတုံးကွ"

"ကျုပ်ပြောတာပါ၊ အရပ်လူကြီးဆိုတာ ဘာလုပ်လုပ် ထိပ်က ဦးဆောင်ရတာဗျာ"

"ဟကောင် - ဖျောက်ဆိပ်၊ မင်းပါးစပ်ပိတ်စမ်း"

"ခြော်- သဘောပြောတာပါဗျာ"

"ဒါဆို လူပြက်လုပ်ဗျာ၊ လူပြက်မလုပ်ချင် ပတ်လုံးတီး၊ ဒါမှမဟုတ် လင်းကွင်းတီးဗျာ"

"ဘယ်သူလဲ၊ အဲဒီစကားပြောတာ ဘယ်သူလဲ"

"ဂျာအေး ပြောတာဗျို့"

"ဟာ- ဒီနှစ်ကောင် ထင်ရာမြင်ရာတွေ ပြောနေပါလား၊ ကိုင်း- မင်းတို့နှစ်ယောက် ထစမ်း"

"ခင်ဗျာ"

"ထစမ်းကွာ"

ဆရာကြိုင် အမိန့်ကြောင့် ဂျာအေးနှင့် ဖျောက်ဆိပ် လူအုပ်ထဲမှ ထရပ်လိုက်၏။ အဖွဲ့သားတွေ အားလုံးက သူတို့ကို ကြည့်နေ၏။ ထိုစဉ်



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြိုင်က-

"အေး- မင်းတို့နှစ်ယောက် ဒီကိစ္စမှာ ဘာမှ ဝင်ပါစရာ မလိုဘူး။ မင်းတို့ ဘာလုပ်ရမလဲဆိုတော့ မြစ်ဝကျွန်းပေါ် ဘက်ဆင်းပြီး ငါ့မိန်းမနဲ့အတူ ငါးခြောက်ငါးခြမ်း ဆင်းဝယ်ရမယ်"

"ကောင်းပါ့ဗျာ"

"ဟာ- ဖြစ်ပါ့မလား"

"ဖြစ်ပါတယ်ကွာ၊ ဒီနှစ်ကောင်ကို တခြား တာဝန်ပေးရင် ရှုပ်ကုန်မှာ။ ကျုပ်မိန်းမနဲ့ ထည့်လိုက်မယ်"

"ကောင်းတယ်ဗျို့"

အဝယ်တော် လုပ်ရမည် ဆိုသဖြင့် ဖျောက်ဆိပ်နှင့် ဂျာအေးတို့ ရင်ထဲ ကုလားဘုရားပွဲ လှည့်နေ၏။

သို့သော် ဆရာကြိုင်၏မိန်းမ ဒေါ်ရွှေညိုက အားကြီး ပစိပစ် များလှ၏။ လူတွေကို ခိုင်းဖို့စေဖို့ပဲ မြင်၏။

သို့သော် ခရီးထွက်ရမည်မို့ ဖျောက်ဆိပ် ဝမ်းသာအားရ ဖြစ်နေ၏။ အစည်းအဝေးပွဲကြီး ပြီးသွားသည့်အခါ ဖျောက်ဆိပ်နှင့် ဂျာအေးသည် အရပ်လူကြီးကတော်နှင့်အတူ ငါးခြောက်ငါးခြမ်း ဝယ်ရန်အတွက် ပြင်ဆင်ကြရ၏။

အရပ်လူကြီးကတော်နှင့်အတူ တူမဖြစ်သူ မကြာကလေးလည်း ပါလာ၏။ မကြာကလေးမှာ အရွယ်အားဖြင့် သုံးဆယ်ခန့်ရှိပြီး အပျိုဟိုင်းကြီး ဖြစ်၏။ စကားသံကလည်း ဟောင်ဖွာဟောင်ဖွာ ရှိလှ၏။

သူတို့လူစု ပြင်ဆင်စရာ ရှိသည်များကို ပြင်၍ ရန်ကုန်ဘက်သို့ ခရီးထွက်ခဲ့ကြ၏။ ဒေါ်ရွှေညိုသည် ခရီးစထွက်ကတည်းက ဘာတစ်ခုမှ မကိုင်။ အထုပ်အပိုးကအစ ဖျောက်ဆိပ်နှင့် ဂျာအေးတို့နှစ်ဦးသာ ထမ်းရ ပိုးရ၏။ ဂျာအေးစိတ်ထဲ ထမ်းပိုးရသည့် အိတ်တွေအထုပ်တွေကို မသင်္ကာ။

"ဆရာဖျောက်၊ ကျုပ်တို့ ထမ်းရတဲ့ အိတ်တွေ အထုပ်တွေက အရပ်လူကြီးကတော်ရဲ့ ထဘီတွေ၊ အင်္ကျီတွေ ဖြစ်မယ်ဗျ"

"သိပ်ဖြစ်နိုင်တာပေါ့ကွာ၊ ဒါ ငါတို့ကို သက်သက် နှိမ်တာကွ။



www.burmeseclassic.com

www.burmeseclassic.com



တော်တော် မိုက်ရိုင်းတဲ့ မိန်းမတွေပဲကွာ"

"ဒီကိစ္စ ကျုပ်ရှင်းပစ်လိုက်မယ်ဗျာ"

"ဟင်- ကြည့်လည်း လုပ်ပါဦးကွာ"

"မပူပါနဲ့ဗျာ"

ဂျာအေး ရှင်းမည်ဆိုသဖြင့် ဖျောက်ဆိပ် မျက်ခုံးလှုပ်နေ၏။ ထိုအချိန် သူတို့ စီးနင်းလာသော အဝေးပြေးကားကြီးသည် ရန်ကုန် အဝေးပြေး ဂိတ်သို့ ဝင်လာ၏။ နယ်ကားဆိုက်သည် ဆိုသည်နှင့် အထမ်းသမားတွေ တသောသော ရောက်လာ၏။

ဟိုအထုပ်ဆွဲ ဒီအထုပ်ဆွဲနှင့် ရှုပ်ယှက်ခတ်နေ၏။ ပြောသံဆိုသံ အော်သံဟစ်သံတွေကလည်း ဝက်ဝက်ကွဲ။

ထိုအချိန်တွင် ဂျာအေးသည် အထမ်းသမားတစ်ဦးနှင့် လက်ဝါးရိုက်ကာ သူထမ်းထားရသော ထဘီထုပ်ကို ပုတ်ပြတ်ရောင်းပစ်လိုက်လေ၏။

"ဟဲ့ဟဲ့- ငါတို့ အထုပ်ရောဟဲ့"

"သယ်သွားပြီလေ"

"ဟဲ့- ဘယ်သူ သယ်သွားတုံး"

"ဟို- လူတစ်ယောက်. . ."

"ဟဲ့ဟဲ့- လုပ်ကြပါဦး၊ အဲဒါ ငါတို့ ထဘီထုပ်တွေဟဲ့။ ဒုက္ခပါပဲ ဂျာအေးရယ်"

"ကြီးတော်ပြောတော့ အဝတ်အစားထုပ်ဆို"

"ဘယ်က အဝတ်အစား ထုပ်ရမှာလဲ၊ ထဘီတွေချည်းပဲ ထည့်ထားတာဟဲ့။ နင်တို့သိရင် မထမ်းချင်မှာစိုးလို့။ ဒုက္ခပါပဲ လိုက်ကြပါဦး"

ဒေါ်ရွှေညိုတစ်ယောက် ယောက်ယက်ခတ်နေ၏။ ဂျာအေးနှင့် ဖျောက်ဆိပ်ကလည်း တောင်ရှာမြောက်ရှာ လုပ်နေ၏။ အပျိုကြီး မကြင်ကလေးမှာလည်း ခုန်ဆွခုန်ဆွ ဖြစ်နေ၏။

"ဒုက္ခပါပဲ အကြီးရယ် ဘယ်လိုလုပ်ကြမလဲ၊ အဲဒီအထဲမှာ ကျွန်မ ထဘီတွေပါ ပါသွားတာ"



www.burmeseclassic.com

www.burmeseclassic.com



"ဂိတ်မှူးကို တိုင်မယ်၊ လာလာ"

ဒေါ်ရွှေညိုတို့ တူဝရီး ဒေါင်းတောက်နေ၏။ သူတို့နှစ်ဦး ပျာယာခတ်နေစဉ် ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ယောက် လက်ဖက်ရည်ဆိုင်ရောက်နေ၏။ ဖျောက်ဆိပ်သည် သူ့တပည့်ကျော်ကို ကြည့်ပြီး ပြုံးစိစိနှင့် ပြောလိုက်၏။

"မင်းကတော့ လုပ်လိုက်ရင် ဒိုးတိပဲ"

"ပညာပေးလိုက်တာပေါ့ ဆရာဖျောက်ရယ်၊ တချို့က ပညာပေးတာကိုမှ ကြိုက်ကြတာဗျ။ ဟဲဟဲ ဒါကြောင့် အပြတ်ရှင်းလိုက်တာပေါ့"

"ကောင်းကွာ"

ဒေါ်ရွှေညိုတို့ တူဝရီးခမျာ ထဘီထုပ် ပျောက်ဆုံးမှုနှင့် ကားဂိတ်တွင် တလည်လည် ဖြစ်နေ၏။ ဘယ်သူယူသွားလို့ ယူသွားမှန်း မသိ။ နှစ်ယောက်စလုံး အဝတ်တစ်ထည် ကိုယ်တစ်ခု ဖြစ်နေကြ၏။

နောက်ဆုံးတော့ လက်လျှော့လိုက်ရပြီး သဘော်ဆိပ်သို့ သုတ်ခြေတင်ခဲ့ရ၏။ ဂျာအေးနှင့် ဖျောက်ဆိပ်တို့ ဆရာတပည့်နှစ်ဦးသည် သူတို့ကွယ်ရာတွင် သုံးလေးခွက် ဝင်မော့ခဲ့သည်မို့ သဘော်ပေါ် ရောက်တော့ အရှိန်ရနေ၏။

"ဒုက္ခပါပဲတော်၊ ဘယ်သူကများ ငါတို့ထဘီထုပ်ကို ခိုးသွားပါလိမ့်။ အဲဒီသူတွေ နောက်ဘဝ သူခိုးမိန်းမလျာတွေ ဖြစ်ပါစေတော်"

"ဟုတ်တယ်၊ သေတာတောင် ပုဆိုးမပါဘဲ ထဘီမပါဘဲ သေပါစေတော်"

တူဝရီးနှစ်ယောက် ကျိန်ဆဲနေစဉ် ဖျောက်ဆိပ်တို့ ဆရာတပည့်နှစ်ဦးသည် သဘော်လက်ရန်းကို မှီ၍ လေညင်းခံနေ၏။

"သာယာလိုက်တာကွာ၊ မြစ်ပြင်ဖြတ်တိုက်လာတဲ့ လေပြည်နုကလေးက အေးနေတာပဲ။ ဪ- ဆွေဆွေ၊ လေပြည်နုကလေးလို သူ့ကိုယ်သူ တင်စားခဲ့တဲ့မိန်းမ။ ခုတော့ မုန်တိုင်းကြီး ဖြစ်သွားပြီကိုး။ ဒါပေမယ့်ကွာ အဲဒီ လေပြည်ကလေးကိုတော့ ငါ့ဒေစ်သက်



www.burmeseclassic.com

www.burmeseclassic.com



မမေ့နိုင်ဘူး"
"စိတ်ကူးယဉ်မနေစမ်းပါနဲ့ဗျာ၊ ဒီအလုပ်က လူမိုက်အလုပ်ပါဗျာ"
"ဟုတ်တော့ ဟုတ်တာပေါ့ကွာ၊ အချစ်ဆိုတာ တစ်ခါတစ်ခါတော့ ငါတို့ရဲ့ ကြမ်းတမ်းခက်ထန်လှတဲ့ နှလုံးသား မာကျစ်ကျစ်ကို အက်စစ်နဲ့ ထည့်စိမ်လိုက်သလိုပဲကွ"
"ဟာ- ဆရာဖျောက်ကလည်း အက်စစ်ထဲ နှလုံးသားရော လူပါ ဆင်းစိမ်လိုက်ပေါ့။ အဲဒီတော့မှ အချစ်နဲ့ တစ်သားတည်း ဖြစ်သွားမှာပေါ့ဗျာ"
"တော်ပါတော့ကွာ၊ အချစ်ဆိုတာ မင်းပြောသလောက် မခက်ထန်ပါဘူးကွာ။ ဆွေ့ဆွေ့ ဆွေ့ဆွေ့ လာမယ့်လာလည်း ဘာဖြစ်လို့များ ကြောင်စီစီနဲ့ ဝင်လာရသလဲကွယ်"
"ဆရာဖျောက်၊ အဲဒီ ဝေဒနာကို မေ့ပစ်လိုက်စမ်းပါဗျာ။ ခံစားတတ်တဲ့လူဟာ တစ်ပန်းရှုံးတာပဲဗျ၊ အဲဒီလောက် နက်နက်နဲနဲ ခံစားရင် ရှုံးသွားမှာပေါ့။ မေ့ပစ်လိုက်စမ်းပါဗျာ"
"အေးပါကွာ၊ ငါလည်း မေ့သလောက်တော့ ရှိလာပါပြီ။ တစ်ခါ တစ်ခါတော့ စားမြုံ့ပြန်မိတာပေါ့ကွာ"
"ဆရာဖျောက်ရာ သတ္တဝါမှ မဟုတ်တာဗျ"
"ဟကောင်- ငါက မင်းဆရာကွ၊ ဂိုဏ်းဂဏတွေ သင့်နေပါဦးမယ် ကွာ။ ပေါက်တီးပေါက်ရှာ မပြောစမ်းပါနဲ့"
"ဟဲဟဲ - ဆရာက မဆွေ့အပေါ် အတော့်ကို ခံစားနေပါလားဗျ၊ အချစ်ဆိုတာ. . ."
"တော်ပါတော့ကွာ၊ မင်းပါးစပ်ထဲက အချစ်ဆိုတာ ကောက်ရိုးနဲ့ နွားနို့ကျနေတာပဲ"
"ဗျာ- ဘာကိုဆိုလိုတာလဲဗျ"
"မင်းကလည်း ဒုံးပဲ့ကွာ၊ နွားဟာ ကောက်ရိုးစားပေမယ့် ခွန်အားရှိလှတဲ့ နွားနို့ကို ထုတ်ပေးတယ်ကွ။ ကောက်ရိုးနဲ့ နွားနို့ဟာ တွေးကြည့်ရင် ဆက်စပ်မှု ရှိသလိုလိုနဲ့ တခြားစီပဲ။ ခု မင်းပါးစပ် ထဲက အချစ်ကလည်း မင်းအပြုအမူနဲ့ တခြားစီပဲကွ။ ငါကတော့



www.burmeseclassic.com

www.burmeseclassic.com



အပုလေးပြီးရင် ဆွေဆွေပဲကွ- ဟဲဟဲ"

"မလွယ်ပါလား"

ဂျာအေးတစ်ယောက် ဖျောက်ဆိပ်၏ အမူအရာကို ကြည့်ပြီး ခေါင်းတခါခါ ဖြစ်နေ၏။ ထိုအချိန်တွင် သူတို့ စီးနင်းလာသော သင်္ဘောကြီးသည် မအူပင်ဆိပ်ကမ်းသို့ ရောက်ရှိလာလေ၏။ သူတို့လူစု သင်္ဘောပေါ်မှ ကသုတ်ကရက် ဆင်းခဲ့ကြ၏။ ခရီးသည်တွေကလည်း တင်းကြမ်း။

ဆိပ်ကမ်းအလုပ်သမားတစ်စုကလည်း ဆိပ်ကမ်းတံတားပေါ်တွင် သယ်ပိုးပြေးလွှားနေကြ၏။

သူတို့လူစု ဆိုက်ကားနှစ်စီးငှားကာ မြို့ထဲဘက်သို့ ထွက်ခဲ့ကြ၏။ ဒေါ်ရွှေညိုသည် လမ်းတစ်လျှောက်လုံး ဂျာအေးတို့ကို ဝယ်စရာခြမ်းစရာရှိသည့် ပစ္စည်းစာရင်းများကို ပါးစပ်က ပွစိပွစိ ပြောဆိုနေ၏။

သူတို့ တည်းခိုသည့်အိမ်မှာ ဒေါ်ရွှေညို၏ ညီမတစ်ဝမ်းကွဲအိမ်ဖြစ်လေ၏။ သဘောသဘာရ ကောင်းလှပြီး သူတို့လူစုကို ကောင်းမွန်စွာ ဧည့်ခံကျွေးမွေးပြုစု၏။

ဒေါ်ရွှေညို၏ညီမ အပြောအရ သူတို့ ဝယ်ယူမည့် ငါးခြောက်ငါးခြမ်းမှာ ထနီးဘက်တွင် ရနိုင်ကြောင်း သိရသဖြင့် ဖျောက်ဆိပ်နှင့် ဂျာအေးတို့ အဝယ်တော် လွှတ်လိုက်၏။

ဖျောက်ဆိပ်နှင့် ဂျာအေးတို့နှစ်ဦး ငါးမော်တော်လေးနှင့် ထနီးဘက်သို့ ရောက်ရှိလာ၏။ တစ်ရွာလုံးက ရေလုပ်ငန်းနှင့် အသက်မွေးဝမ်းကျောင်းပြုကြ၏။

အိမ်တိုင်းအိမ်တိုင်းတွင် ငါးဖမ်းပိုက်ကြီးများ၊ ငါးခြောက်စင်များ၊ ငါးခွဲငါးခုတ် လုပ်နေသော အလုပ်သမများကို တွေ့ရ၏။ သူတို့နှစ်ဦး ဒေါ်ရွှေညို လိုချင်သည့် ငါးခြောက်အမျိုးအစားကို တစ်ရွာလုံး လှည့်ပတ်ရှာဖွေခဲ့၏။

ထိုအချိန် ငါးမော်တော်တစ်စီးပေါ်မှ သယ်ချလာသော ငါးကြီးနှစ်ကောင်ကို တွေ့လိုက်ရ၏။ ကြည့်ရသည်မှာ ခွဲခြမ်းပြီး ငါးခြောက်လုပ်ထားရသဖြင့် ဆရာတပည့်နှစ်ဦး မေးမြန်းလိုက်၏။

ပိုင်ရှင်က ရောင်းမယ်တကဲကဲ ဖြစ်နေ၏။ ငါးကြီးက ငါးမြွေကြီး



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပြီး တစ်ကောင်လျှင် ခြောက်ပေ ခုနစ်ပေခန့် အရှည်ရှိ၏။ ရင်ခွဲ၊ ဆားနယ်ပြီး သုံးလေးနေပြထားပြီး ဖြစ်၏။

ဂျာအေးသည် ငါးခြောက်ကြီးကို မြင်သည်နှင့် အတင်း ဝယ်ယူရန် တိုက်တွန်းလေရာ ဖျောက်ဆိပ်လည်း ဂျာအေးစကားအတိုင်း ဝယ်ချလိုက်၏။

"မျက်ခုံးတော့ ခပ်လှုပ်လှုပ်ပဲ ဂျာအေးရေ၊ ငါတို့ ဝယ်လာတဲ့ငါးက ငါးမန်းလိုလို ဝေလငါးလိုလိုကွ"

"ဟာ- ဒါမှ တစ်ရွာလုံး စားလို့လောက်မှာပေါ့ဗျ။ မပူပါနဲ့ဗျာ၊ ဒေါ်ရွှေညိုကြီး ကျုပ်တို့ဝယ်လာတဲ့ ငါးခြောက်ကြီး ကြည့်ပြီး ဝမ်းသာအားရ ဖြစ်နေမှာ သေချာတယ်"

"ဖြစ်နိုင်တယ်ကွ၊ ကိုင်း- မော်တော်အမီ ပြန်ရအောင်ကွာ။ ဒီငါးကြီးနှစ်ကောင်ကို ဘယ်လိုလုပ်ကြမလဲ"

"ဟာ- ရှေ့နောက်ထမ်းလိုက်ရင် ဖြစ်ပါတယ်ဗျာ"

ပြောပြောဆိုဆိုနှင့် ငါးရွှေးကြီးကို ရှေ့နောက်ထမ်းခဲ့ကြပြီး မော်တော်ဆိပ် ဆင်းခဲ့ကြ၏။ ရေလုပ်သားတစ်စုမှာ ဂျာအေးနှင့် ဖျောက်ဆိပ်တို့ ဝယ်ခြမ်းလာသည့် ငါးရွှေးကြီးကိုကြည့်ကာ အံ့သြနေကြ၏။

ဆရာတပည့် နှစ်ဦးမှာ ခွက်ပုန်းဝင်မော့ခဲ့သဖြင့် အရှိန်ရနေပြီ ဖြစ်၏။ မြစ်ဆိပ်ရောက်သည်နှင့် မအူပင်ဘက်ပြန်မည့် မော်တော်နှင့် လိုက်ခဲ့ကြ၏။ မအူပင်မြစ်ဆိပ်ရောက်တော့ ညနေစောင်းနေပြီ ဖြစ်လေ၏။ သူတို့နှစ်ဦး ငါးရွှေးခြောက်ကြီးကို ရှေ့နောက်ထမ်းပြီး ဘောတံတားပေါ် တက်ခဲ့ကြ၏။

"ဟာ- ဘာကြီးလဲဟ"

"ငါးမန်းကြီးထင်တယ်"

"ဝေလငါး ဖြစ်လိမ့်မယ်"

"အရက်နဲ့ မြည်းဖို့လား မသိဘူး"

မြင်သူတိုင်းကလည်း တစ်ယောက်တစ်ပေါက် ပြောဆိုနေကြ၏။ ဆရာတပည့်နှစ်ယောက်ကတော့ ပတ်ဝန်းကျင်ရှိသည်ပင် မသိ။ တံတားအပြင်သို့ ရောက်သည်နှင့် မြင်းလှည်းတစ်စီးကို ငှားလိုက်ပြီး ငါးရွှေ



www.burmeseclassic.com

www.burmeseclassic.com



ခြောက်ကြီးကို ထမ်းတင်လိုက်၏။

"ဟာ- ဝေလငါးကြီးပါလား၊ ဘာလုပ်ဖို့တုံး"

"အလှူလေဗျာ၊ အလှူမှာ ရွာလုံးကျွတ် ကျွေးမှာဗျ"

"ဟင်- ကြီးလှချည်လား၊ အသားက အတော့်ကို မာတဲ့ပုံပဲ။ ပုဆိန်နဲ့ပေါက်ပြီး စားရမယ့်ကိန်းပဲဗျ"

"ရှည်လိုက်တာဗျာ၊ ကျုပ်တို့က အားလုံး လုံလုံလောက်လောက် စားဖို့ ဝယ်လာတာဗျ။ ကိုင်း- မောင်းဗျာ"

မြင်းလှည်းသမားသည် ငါးရွေးခြောက်ကြီးကိုကြည့်ပြီး ထင်ရာမြင်ရာတွေ ပြောဆိုနေ၏။ ဖျောက်ဆိပ်က ခပ်ဆတ်ဆတ်ကလေး ပြောလိုက်မှ ပါးစပ်ပိတ်သွား၏။ နှစ်ယောက်စလုံးက ငါးရွေးခြောက်ကြီးကြည့်ပြီး ပျော်တပြုံးပြုံး ဖြစ်နေကြ၏။

"ဟားဟားဟား ရွာတောင်မကဘူး၊ တစ်နယ်လုံး ဖိတ်ကျွေးတောင် ကုန်မှာ မဟုတ်ဘူးကွ"

"အဲဒါပဲလေ၊ လူဆိုတာ အမြော်အမြင်ရှိမှ ဖြစ်မှာပေါ့"

"ဟုတ်ပ့ါ တပည့်ကြီးရာ၊ ဒီကိစ္စမှာ ခေါင်းသုံးဖို့ လိုတယ်ကွ။ ငါတို့ လုပ်ပုံကို တခြား ရွာသားတွေပါ နည်းယူပြီး လုပ်လာကြမှာ မြင်သေးသကွာ"

"ဟားဟားဟား သိပ်ဟုတ်တာပေါ့ဗျာ"

ဆရာတပည့်နှစ်ယောက် အတိုင်အဖောက်ညီစွာနှင့် ပြောဆိုနေကြ၏။ ထိုအချိန် တခွပ်ခွပ် မောင်းနှင်လာသော လှည်းကလေးသည် တည်းခိုသည့် အိမ်ရှေ့အရောက် ရပ်သွား၏။ ဆရာတပည့်နှစ်ဦး ငါးရွေးခြောက်ကြီးကို ရှေ့နောက်ထမ်း၍ ချလိုက်ပြီး အိမ်ပေါ် မနိုင့်တနိုင်နှင့် ယူလာကြ၏။

ဒေါ်ရွှေညိုတို့ ညီအစ်မတစ်သိုက်မှာ အိမ်ထောင့်တွင် ထိုင်ကာ ရှေးဟောင်းနှောင်းဖြစ်များ ပြောဆိုနေကြ၏။ ထိုစဉ် အိမ်ပေါ်သို့ ငါးရွေးခြောက်ကြီးထမ်း၍ တက်လာသော ဖျောက်ဆိပ်တို့ ဆရာတပည့်ကို ကြည့်ကာ ကောက်ခါငင်ကာ ထ၍ အော်ဟစ်လေတော့၏။

"ဟဲ့ဟဲ့- ဘာကြီးတုံးဟဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အို- ဘုရား ဘုရား ဝေလငါးကြီးများလား"

"ဘယ်လိုဖြစ်လာကြသတုံး၊ ဘယ်လိုဟာကြီး ဝယ်လာကြသလဲ။ ဒုက္ခပါပဲတော်"

"ဟုတ်ပါ့တော်၊ ကျုပ်တစ်သက် တစ်ခါမှ မမြင်ဖူးပါဘူးတော်"

ဒေါ်ရွှေညိုတို့လူသိုက် မျက်လုံးပြူး မျက်ဆန်ပြူး ဖြစ်ကုန်ကြ၏။ ဖျောက်ဆိပ်တို့ဆရာတပည့်ကတော့ သူတို့စကားကို ဂရုမစိုက်နိုင်။ ပခုံးပေါ် ထမ်းလာသည့် ငါးရွှေးခြောက်ကြီးကို ဝုန်းခနဲ ပစ်ချလိုက်ပြီး ကြမ်းပြင်ပေါ် ခြေပစ်လက်ပစ် ထိုင်ချလိုက်၏။

ဒေါ်ရွှေညိုသည် ငါးရွှေးခြောက်ကြီးကို မျက်လုံးကြီး အပြူးသားနှင့် စူးစူးရဲရဲ စိုက်ကြည့်နေ၏။ တူမလုပ်သူ မကြာကလေးမှာလည်း ငါးကြီးကို ကြည့်ရင်း နောက်တဆုတ်ဆုတ် ဖြစ်နေ၏။

"ဘာကြီးတုံးဟဲ့၊ နင်တို့နှစ်ယောက် ရူးသွားပြီလား"

"မိကျောင်းကြီးလား မသိဘူး"

"ဟာ- မဟုတ်တာဗျာ၊ အဲဒါ ငါးရွှေးခြောက်ဗျ။ လေးငါးခြောက်ရွာကို အသာလေး ကျွေးလို့ရတယ်"

"ဟင်- ဟုတ်ရဲ့လားဟယ်၊ မိကျောင်းခြောက်ကြီးများလား"

"ကြံကြံဖန်ဖန်ဗျာ၊ ကျုပ်တို့က အမြော်အမြင်ကြီးစွာနဲ့ ဝယ်ခဲ့တာဗျ။ ဒီငါးက အသားလည်း ချိုတယ်၊ ဆားလည်း ဝင်ထားတယ်ဆိုတော့ ကျွေးစမ်းပါလေ့ဗျာ"

ဖျောက်ဆိပ်၏ စကားကို ဒေါ်ရွှေညိုတို့လူစု မှင်သက်မိနေကြ၏။ ဘာတစ်ခွန်းမှ ပြန်မပြောနိုင်ကြ။ အိမ်ရှင်လုပ်သူပင် ငါးကြီးကို ကြည့်ပြီး တတွန့်တွန့် တရွံ့ရွံ့ ဖြစ်နေ၏။

"နင်တို့လုပ်လာပုံက မရှုနိုင်မကယ်နိုင်ပါလား ဖျောက်ဆိပ်ရယ်"

"ဩော်- ကြီးရွှေညိုကလည်း ကျုပ်တို့က အမြော်အမြင်ရှိရှိနဲ့ ဝယ်လာတာပါဗျာ။ ဘာမှ တွေးပူမနေနဲ့၊ ရွာရောက်ရင် ကျုပ်တို့ လုပ်ပေါက်ကို တစ်ရွာလုံး အားကျသွားမှာ သေချာတယ်ဗျ"

"ဟုတ်ရဲ့လား ဖျောက်ဆိပ်ရယ်၊ ငါတော့ ရင်တထိတ်ထိတ်ပဲ ဟယ်"





ဒေါ်ရွှေညိုတစ်ယောက် ဂျာအေးတို့ လုပ်ပေါက်ကို ဘာတစ်ခွန်းမှ မပြောသာတော့။ နောက်ဆုံး သူတို့လူစု ငါးရွှေးခြောက်ကြီး ကန့်လန့်ကန့်လန့်နှင့် သဘော်တစ်တန် ကားတစ်တန် စီးကာ အရပ်ထဲသို့ ပြန်ရောက်လာကြလေတော့၏။

ကားပေါ်မှဆင်းဆင်းချင်း ငါးရွှေးခြောက်ကြီး ကြည့်ပြီး တစ်ရပ်လုံး အုတ်အော်သောင်းတင်း ဖြစ်ကုန်ကြ၏။ တချို့ကလည်း မိကျောင်းခြောက်ကြီးဟု ထင်ကာ နောက်တဆုတ်ဆုတ် ဖြစ်နေကြ၏။

ယခုလောက်ကြီးသည့် ငါးခြောက်ကြီးကိုလည်း မမြင်ဘူးကြ။ ထိုအချိန် ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦးသည် ငါးရွှေးခြောက်ကြီးကို ထမ်းကာ အရပ်လူကြီး ဆရာကြိုင်အိမ်သို့ သယ်လာ၏။

"ဟာ- ဘာကြီးတုံးဟ၊ ဘာကောင်ကြီးလဲ"

"မိကျောင်းခြောက်ကြီးဗျ"

"ဟ- မင်းတို့ ဘာကောင်ကြီး ထမ်းလာတာလဲ၊ မိကျောင်းကြီးလားကွ"

"ဟာ- အရပ်လူကြီးကလည်း ဒါ ငါးရွှေးခြောက်ဗျ။ ပင်လယ်ဘက်က ဖမ်းလာတာ"

"ဟေ- ဘုရား ဘုရား၊ မိန်းမ၊ ဒီနှစ်ကောင် ဘာတွေလုပ်လာသလဲ။ မင်း မပြောတော့ဘူးလား"

"အလိုတော်၊ ရှင့်လူတွေကို ကျုပ်လည်း မနိုင်တော့ဘူး။ သူတို့ပြောတာတော့ အမြော်အမြင်နဲ့ ဝယ်လာတာတဲ့"

"ဟေ- အမြော်အမြင်နဲ့ ဝယ်လာတာ။ ဘာတုံး အဲဒီ ငါးခြောက်ကြီးကို ပုဆိန်နဲ့ ထုရမှာလား ပြောကြစမ်း။ ဒုက္ခပါပဲကွာ၊ မင်းတို့နှစ်ယောက်က ဘာခိုင်းခိုင်း အရာရာနဲ့ အကြောင်းကြောင်းပါလားကွ-ဟေ"

ဆရာကြိုင်တစ်ယောက် ငါးခြောက်ကြီးကို ကြည့်ပြီး တွန့်နေ၏။ [illegible]လို ငါးခြောက်မျိုးလည်း တစ်ခါမှ မမြင်ဘူး။ အိမ်ပေါ်တွင် ဆယ်အိမ်[illegible]ခါင်း ရွှေကိုတို့လည်း ရောက်နေ၏။

ရုတ်တရက် ကြည့်လျှင် မိကျောင်းကြီးတစ်ကောင်အလား။ သူတို့



www.burmeseclassic.com

www.burmeseclassic.com



ဒေါ်ရွှေညိုတစ်ယောက် ဂျာအေးတို့ လုပ်ပေါက်ကို ဘာတစ်ခွန်းမှ မပြောသာတော့။ နောက်ဆုံး သူတို့လူစု ငါးရွေးခြောက်ကြီး ကန့်လန့်ကန့်လန့်နှင့် သဘော်တစ်တန် ကားတစ်တန် စီးကာ အရပ်ထဲသို့ ပြန်ရောက်လာကြလေတော့၏။

ကားပေါ်မှဆင်းဆင်းချင်း ငါးရွေးခြောက်ကြီး ကြည့်ပြီး တစ်ရပ်လုံး အုတ်အော်သောင်းတင်း ဖြစ်ကုန်ကြ၏။ တချို့ကလည်း မိကျောင်းခြောက်ကြီးဟု ထင်ကာ နောက်တဆုတ်ဆုတ် ဖြစ်နေကြ၏။

ယခုလောက်ကြီးသည့် ငါးခြောက်ကြီးကိုလည်း မမြင်ဘူးကြ။ ထိုအချိန် ဂျာအေးနှင့် ဖျောက်ဆိပ်တို့နှစ်ဦးသည် ငါးရွေးခြောက်ကြီးကို ထမ်းကာ အရပ်လူကြီး ဆရာကြိုင်အိမ်သို့ သယ်လာ၏။

"ဟာ- ဘာကြီးတုံးဟ၊ ဘာကောင်ကြီးလဲ"

"မိကျောင်းခြောက်ကြီးဗျ"

"ဟ- မင်းတို့ ဘာကောင်ကြီး ထမ်းလာတာလဲ၊ မိကျောင်းကြီးလား ကွ"

"ဟာ- အရပ်လူကြီးကလည်း ဒါ ငါးရွေးခြောက်ဗျ၊ ပင်လယ်ဘက်က ဖမ်းလာတာ"

"ဟေ- ဘုရား ဘုရား၊ မိန်းမ၊ ဒီနှစ်ကောင် ဘာတွေလုပ်လာသလဲ။ မင်း မပြောတော့ဘူးလား"

"အလိုတော်၊ ရှင့်လူတွေကို ကျုပ်လည်း မနိုင်တော့ဘူး။ သူတို့ပြောတာတော့ အမြော်အမြင်နဲ့ ဝယ်လာတာတဲ့"

"ဟေ- အမြော်အမြင်နဲ့ ဝယ်လာတာ။ ဘာတုံး အဲဒီ ငါးခြောက်ကြီးကို ပုဆိန်နဲ့ ထုရမှာလား ပြောကြစမ်း။ ဒုက္ခပါပဲကွာ၊ မင်းတို့နှစ်ယောက်က ဘာခိုင်းခိုင်း အရာရာနဲ့ အကြောင်းကြောင်းပါလားကွ-ဟေ"

ဆရာကြိုင်တစ်ယောက် ငါးခြောက်ကြီးကို ကြည့်ပြီး တွန့်နေ၏။ ဒီလို ငါးခြောက်မျိုးလည်း တစ်ခါမှ မမြင်ဘူး။ အိမ်ပေါ်တွင် ဆယ်အိမ်ခေါင်း ရွှေကိုတို့လည်း ရောက်နေ၏။

ရုတ်တရက် ကြည့်လျှင် မိကျောင်းကြီးတစ်ကောင်အလား။ ဒူတို့



www.burmeseclassic.com

ww.burmeseclassic.com



အဖွဲ့သားတွေ အားလုံး အူလည်ချာလည်နှင့် ဖြစ်နေကြ၏။ ထိုအချိန်တွင် ဒေါ်ရွှေညိုသည် ဆရာကြိုင်ဘေးနားထိုင်ကာ ကြုံခဲ့ရသည့် အဖြစ်အပျက်များကို ပြောပြလိုက်၏။

"ပြောကို မပြောချင်ဘူး တော်ကြီးရေ"

"ဟေ- ဘာတွေဖြစ်ခဲ့သတုံးဟ၊ ဟိုနှစ်ကောင် လမ်းမှာ မွှေလို့လား"

"ဟုတ်ပါဘူးတော်၊ ကျုပ်တို့ ထဘီထုပ် ပျောက်သွားလို့လေ။ နှစ်ယောက်စလုံး အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ ပြန်လာရတာ"

"ဘာ- ထဘီထုပ်၊ ဟုတ်လား"

"ဟုတ်ပ၊ ရန်ကုန်အဝေးပြေးဂိတ်မှာ ပျောက်တာ။ အဲဒီကတည်းက မျက်ခုံးတလှုပ်လှုပ်။ ခုလည်း ဒီငါးခြောက်ကြီးကြည့်ပြီး အိပ်လို့တောင် မပျော်ဘူး။ ပြောမနေပါနဲ့တော့ရှင်"

"တော်တော် ပြဿနာရှာတဲ့ကောင်တွေပဲကွာ"

ဆရာကြိုင်တစ်ယောက် ဖျောက်ဆိပ်တို့ကို လက်မြှောက်လိုက်ရ၏။ အလှူပွဲကလည်း နီးနေပြီဖြစ်၍ ဝယ်ယူလာသော ငါးရွှေခြောက်ကြီးကို ကာလသားတွေလက် အပ်လိုက်ရ၏။

ကာလသားခေါင်း မှတ်ကြီးတို့လူစုသည် ငါးခြောက်ကြီးကို ကြည့်ပြီး မျက်လုံးပြူးနေကြ၏။ ခုတ်ကြည့် ထစ်ကြည့်တော့လည်း မားမတိုး နောက်ဆုံး ပုဆိန် တစ်ယောက်တစ်လက်ဆီနှင့် ခုတ်ထစ်ရသည့် အခြေအနေသို့ ရောက်ရှိသွား၏။ အားကောင်းမောင်းသန် သုံးလေးဦး ဝိုင်းခုတ်မှ ငါးခြောက်ကြီးက သုံးလေးပိုင်း ဖြစ်သွား၏။ သူတို့ဘေးနား ရပ်ကြည့်နေသော ဆရာကြိုင်မှာ အလိုလိုနေရင်း ချွေးပြန်နေ၏။

"ဟာ- ဟိုနှစ်ကောင် လုပ်လာတာ အတော့်ကို မဟုတ်တရုတ်နိုင်တာပဲကွာ၊ ငါးမှဟုတ်ရဲ့လား မသိဘူး"

"ဆရာကြိုင်၊ ဒါ မိကျောင်းပဲ ဖြစ်ရမယ်ဗျ။ ဒါကြောင့် ပုဆိန်နဲ့ ခုတ်ရတာပေါ့။ ထောင်းရမှာတောင် မလွယ်ဘူးဗျ"

"မိုးမြဒယ်နဲ့ ပြုတ်ရမှာပေါ့"

မှတ်ကြီးတို့လူသိုက် ငါးရွှေခြောက်ကြီးများကို မိုးမြဒယ်ကြီးနှင့်



www.burmeseclassic.com

ww.burmeseclassic.com



မရမက ပြုတ်နေ၏။ သုံးလေးမီး ကုန်သည့်အထိ ငါးကြီးက မာဆတ်ဆတ် ရှိနေဆဲ။ နောက်ဆုံး ခုတ်ထစ်ပြီးသား ငါးခြောက်အပိုင်းကြီးများကို ကြိတ်စက်သို့ ပို့လိုက်ရ၏။

စက်ရောက်ပြန်တော့လည်း မာကျောလှသည့် အသားကြောင့် စက်သီးချိန်းကြိုးများပင် တထောင်းထောင်း ပြတ်ကုန်၏။ နောက်ဆုံး မနူးမနပ် ငါးခြောက်ကြီးကို သယ်လာကာ ဆီများနှင့် ကြော်လှော်လေတော့၏။

တစ်ရပ်လုံးနှင့်ဆိုင်သည့် အလှူပွဲဖြစ်၍ တက်ညီလက်ညီ ဝိုင်း၍ လုပ်ကိုင်ခဲ့ကြ၏။

ငါးပိကြော်၊ ဝက်သားနီချက်၊ ငါးခြောက်ထောင်းကြော်၊ သရက်ချဉ်သုပ်၊ ကုလားပဲအရည်သောက် စသည်ဖြင့် အမျိုးအမည် စုံလင်လှ၏။

ရှင်လောင်းလှည့်သည့်အခါ ဖျောက်ဆိပ်နှင့် ဂျာအေးကိုယ်တိုင် ဦးဆောင်ပြီး လှုပ်ရှားခဲ့၏။ ကိုရင်ရော ရဟန်းပါ အပါးသုံးဆယ်ကျော် ပါဝင်၏။

ဖျောက်ဆိပ်တို့လူစုသည် လမ်းထိပ်တွင် မြင်းပေါက်ကြီးတွေ စီရပ်ကာ တသသ လုပ်နေ၏။

ရှင်လောင်းလှည့်သည့် အချိန်သို့ ရောက်သောအခါ ကွမ်းတောင်ကိုင် ပန်းတောင်ကိုင်များ၊ ကိုရင်နှင့် ရဟန်းတို့၏ အမိအဖများ စသည်ဖြင့် အဝတ်အစား သစ်သစ်လွင်လွင် ဝတ်ကာ ထွက်လာကြ၏။

မှတ်ကြီးတို့ ဒိုးဝိုင်းကလည်း ဗုံသံ၊ လင်းကွင်းသံတွေ ပွက်လောညံနေ၏။ ဦးရွှေရိုးနှင့် ဒေါ်မိုးတို့ကလည်း ဒိုးဝိုင်းရှေ့တွင် ကွေးနေအောင် ကနေကြ၏။ အရပ်လူကြီး ဆရာကြိုင်မှာလည်း ခေါင်းပေါင်းစ တလူလူနှင့် မော်မော်ကြွားကြွား ဖြစ်နေ၏။ တစ်ရပ်လုံးကလည်း ပျော်တပြုံးပြုံး ဖြစ်နေကြ၏။

တစ်မြို့လုံးကို သောသောညံအောင် လှည့်ပတ်ခဲ့ကြ၏။ လော်စပီကာသံကြီးကလည်း တပြုပြု။ ဆိုင်းသံ၊ ဗုံသံများကလည်း တသောသော။ အလှူပွဲကြီးကို အောင်မြင်စွာ ကျင်းပနိုင်ခဲ့သဖြင့် အရပ်လူကြီး ဆရာကြိုင် တစ်ယောက် အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေ၏။



www.burmeseclassic.com

ww.burmeseclassic.com



အကျွေးအမွေး အချိန်အခါ ရောက်သောအခါ မဏ္ဍပ်ကြီး နှစ်ခုအောက်တွင် လူတွေ ကြိတ်ကြိတ်တိုးအောင် စည်ကားနေ၏။ အရပ်လူကြီး ဆရာကြိုင်မှာလည်း မနားရ။

ဒေါ်ရွှေညိုတို့ မိန်းမတစ်သိုက်မှာလည်း ပြေးရလွှားရ လုပ်ရကိုင်ရနှင့် မောဟိုက်နေကြ၏။ သို့သော် ကုသိုလ်ရေးမို့ သူတို့အားလုံး မမောနိုင်ကြ။ ထမင်းကျွေးသည့်အခါ ခုံတန်းလျားရှည်ကြီးများ ချကာ ကျွေးမွေးခဲ့၏။

မဏ္ဍပ်ထဲတွင် လူမျိုးစုံလှ၏။ ကလေးတွေကလည်း တရှန်းရှန်း။ အဘိုးကြီး၊ အဘွားကြီးတွေကအစ မဏ္ဍပ်ထဲ ရောက်နေ၏။ ကျွေးမွေးသည်မှာလည်း အလျှံပယ်။ မှတ်ကြီးတို့လူစုက ထမင်းလိုက်ပွဲ၊ ဟင်းလိုက်ပွဲကို တာဝန်ယူခဲ့၏။ တစ်ရပ်လုံး ပျော်တပြုံးပြုံးနှင့် စားသောက်နေကြ၏။

ထိုသို့ အားပါးတရ စားသောက်ကြစဉ် လူတွေအားလုံး အခက်တွေ့နေသည်မှာ ဂျာအေးတို့ ဝယ်လာသော ငါးခြောက်ထောင်းကြော်ပင် ဖြစ်လေ၏။ အားပါးတရ ခြေကန်ကိုက်သော်လည်း ကိုက်၍မရ။ ပါးစပ်ထဲထည့်ပြီး အံကြိတ်ဝါးသော်လည်း သွားတွေ၊ သွားဖုံးတွေ နာကုန်၏။

"ဟာ- ဘာငါးခြောက်လဲ"

"ငါးခြောက် မဟုတ်ဘူးကွ၊ မိကျောင်းခြောက်လို့ ပြောတာပဲ"

"မာလိုက်တာကွာ"

"အရမ်းမဝါးနဲ့ဟေ့၊ သွားတွေ ကျိုးကုန်ဦးမယ်"

"အား- နာတယ်၊ နာတယ်"

"နင်က တအား ဝါးတာကိုးဟဲ့"

ပြဿနာလုပ်နေသော ငါးခြောက်ထောင်းကြော်ကြောင့် ဆရာကြိုင်တစ်ယောက် မျက်စိမျက်နှာပျက်နေ၏။ အဘိုးကြီး၊ အဘွားကြီးများခမျာမှာလည်း သွားဖုံးနှင့် ကြိတ်ဝါးခဲ့ကြရာ သွားဖုံးတွေ ပေါက်ကုန်၏။

"အောင်မယ်လေးတော်၊ ငါးခြောက်မှ မဟုတ်တာ အမဲရွတ်ကြီးလား မသိဘူး"

"ဟုတ်ပါ့တော်၊ အဲဒီ ငါးခြောက် ထိုင်ဝါးရင် မိုးတောင်လင်းသွားနိုင်သဟေ့"



www.burmeseclassic.com

www.burmeseclassic.com



ဝေဖန်သံတွေက ကျွက်စီကျွက်စီ။ ဆရာကြိုင်ခမျာမှာလည်း ခေါင်းကြီး တငိုင်ငိုင်။ ဆွမ်းဘုဉ်းပေးခဲ့ကြသော ကျောင်းထိုင်ဆရာကြီးများပင် သွားတွေ ကျိန်းနေ၏။

"ဒကာကြီး မောင်ကြိုင်"

"ဘုရား၊ အမိန့်ရှိပါ ဘုရား"

"ဟို- ကျုပ်တို့တော့ သွားတွေ ကျွတ်ထွက်ကုန်ပြီလားတောင် အောက်မေ့ရသဗျာ။ ဘာကြီးတုံးဗျ၊ ငါးခြောက်မှ ဟုတ်ရဲ့လား။ ဇကန္တ မိကျောင်းကြီး ထောင်းပြီး ကြော်လှော်ထားလေသလား"

"ဟို ဟိုဒင်း ဘုရား၊ ဖျောက်ဆိပ်တို့လေ ဘယ်က ငါးခြောက်ကြီး ဝယ်လာမှန်း မသိပါဘူး ဘုရား။ ခုတ်ထစ်တာတောင် ပုဆိန်နဲ့ ခုတ်ထစ်ရပါတယ် ဘုရား"

"ဟေ- ဒီလောက်တောင်ပဲလား။ ဟုတ်မှာပဲ၊ ကျုပ်တို့တောင် ပါးစပ်ထဲ ထည့်ဝါးတာ တစ်ညအိပ် ဝါးရမယ့်ကိန်းဆိုက်နေသဗျ"

"တင်ပါ့ဘုရား၊ အဲဒီကောင်တွေ ထင်ရာမြင်ရာ စွတ်လုပ်လာ တာပါ ဘုရား"

ဆရာကြိုင်မှာ ဆရာတော်ဘုရားကြီး၏ မျက်နှာကို ရဲရဲတောင် မဖူးဝံ့။ ဆရာတော်ကြီးမှာလည်း မေးရိုးကြီးကိုင်ကာ ရှုံ့ရှုံ့မဲ့မဲ့ ဖြစ်နေ၏။

မဏ္ဍပ်ထဲရောက်ပြန်တော့လည်း ကလေးတွေကပြော၊ လူကြီးတွေကပြောနှင့် ဖျောက်ဆိပ်တို့ ဝယ်လာသည့် ငါးရွှေခြောက်ကြီးက တစ်ရပ်ကွက်လုံး ဟိုးလေးတကျော်ကျော် ဖြစ်သွားလေတော့၏။

✿ ✿ ✿



www.burmeseclassic.com

ww.burmeseclassic.com

# နီဂိုး

တစ်ယောက်တည်း အထီးကျန်စွာ နေထိုင်ရသောအခါ ဖျောက်ဆိပ်တစ်ယောက် မနေတတ် မထိုင်တတ် ဖြစ်နေ၏။ သူ့နားထဲတွင် သားဖြစ်သူ ဂျာဖျောက်၏ ငိုသံ၊ ဇနီးသည် အပုလေး၏ ကြိမ်းသံမောင်းသံတို့ကို ကြားနေရသလိုပင်။ ဘယ်ကိုကြည့်ကြည့် သူတို့သားအမိ အရိပ်ကို မြင်နေရသဖြင့် အထီးကျန်ဝေဒနာကို အခံရခက်နေလေ၏။

ထိုအချိန်တွင် သူတို့အိမ်ဝိုင်းရှေ့သို့ မြင်းလှည်းကြီးတစ်စင်း ဝေါခနဲ ထိုးရပ်လာပြီး လှည်းပေါ်မှ ယောက္ခမကြီး ဒေါ်လုံးတင် ဆင်းလာသည်ကို မြင်လိုက်ရ၏။

"ဟာ- ယောက္ခမကြီးပါလား"

"ဟဲ့- ဖျောက်ဆိပ် ရှိသလား"

"အမေ့၊ ကျုပ်. . . ကျုပ် ဒီမှာဗျ"

"ဟဲ့- ငါ့ကို အမေလို့ မခေါ်စမ်းနဲ့၊ နားကြားပြင်းကတ်တယ်ဟဲ့"

"ဗျာ၊ အမေ"

"ခေါ်ပြန်ပြီလား"

"အဲ- ဟိုဒင်း၊ ကြီးတော် ဘာ. . . ဘာကိစ္စ"

ယောက္ခမကြီးကို မြင်လိုက်သည်နှင့် ဖျောက်ဆိပ်တစ်ယောက် မရိုးမရွ ဖြစ်နေ၏။ ယောက္ခမကြီးကို ရဲရဲလည်း မကြည့်ဝံ့။ မျက်နှာကြီး အောက်ချကာ ထုံတုန်တုန်ကြီး မေးလိုက်၏။ ယောက္ခမလုပ်သူ ဒေါ်လုံး



www.burmeseclassic.com

www.burmeseclassic.com



တင်ကလည်း သူ့ကို စားတော့ဝါးတော့မတတ် ကြည့်ကာ အနားသို့ လျှောက်လာ၏။

အနားသို့ ရောက်လာလေလေ ဖျောက်ဆိပ်တစ်ယောက် ထိုင်ရ နိုးနိုး၊ ထရနိုးနိုး ဖြစ်လေပင်။ ထိုစဉ် ဒေါ်လုံးတင်သည် သူ့ရှေ့ တန်းလျား ပေါ်တွင် ဆောင့်ကြီးအောင့်ကြီးနှင့် ဝင်၍ ထိုင်လိုက်၏။

"ကိုင်း- ဘယ်လိုတုံး၊ မောင်ဟုတ္တာ"

"ခင်ဗျာ"

"မင်းလုပ်ပုံတွေ ကောင်းသေးရဲ့လား ပြောပါဦး။ ဟင်-အရင်တုန်း ကတော့ ချစ်လှချည်ရဲ့ ကြိုက်လှချည်ရဲ့၊ မရရင် အဆိပ်တောင် သောက်မယ်လို့ ပြောခဲ့တာလေ။ ခုတော့ ငါ့သမီးကို ရွတ်တွကြီးမို့ ကန်ထုတ်လိုက်တာလား။ ပြောပါဦး သခဲက်ပေါင်းကြီးရဲ့"

"ခင်ဗျား၊ ဟို. . . ဟိုဒင်းလေ ဟိုအဲ့တာ"

"ဘာတွေဖြစ်နေသတုံး၊ ဟိုခမျာမှာတော့ နိစ္စဓူဝ မျက်ရည်တရွဲရွဲ ငိုလိုက်တာမှ ငါတို့ရွာတောင် မျောတော့မယ်"

"ဗျာ- အဲဒီလောက် ငိုနေသလား"

"ဟုတ်တယ်၊ အဲဒါ နင့်လက်ချက်လေ။ အသစ်တွေ့လို့ အဟောင်း ပစ်တာလား။ ငါးစိမ်းမြင် ငါးကင်ပစ်၊ ချောင်းကိုပစ် မြစ်ကိုရှာ . . ."

"မဟုတ်ရပါဘူး ကြီးတော်ရယ်"

"ဘာကြီးတော်လဲ။ ဖျောက်ဆိပ်၊ နင် ငါ့သမီးကို လက်လွှတ်စပယ် ကန်ချလိုက်တာလား ပြောစမ်း။ ရွှေလင်ပန်းနဲ့ အချင်းဆေးပြီး မွေးခဲ့တဲ့ သမီးဟဲ့၊ ချိုကျိုးနားရွက်ပဲ့ မဟုတ်ဘူး"

ဒေါ်လုံးတင်၏ အော်သံဟစ်သံက ခုနစ်အိမ်ကြား၊ ရှစ်အိမ်ကြား။ ထိုစဉ် အိမ်ဝိုင်းထဲသို့ ဂျာအေး ဝင်လာ၏။ ဒေါ်လုံးတင်ကိုမြင်တော့ ရွံ့ တွန့်တွန့် ဖြစ်နေ၏။

"ကြီးတော်လုံး"

"ဩော်- နင်လည်း ဒီမှာ ရှိနေသကိုး။ ဘယ်လိုတုံး၊ နင်တို့နှစ် ယောက်ပေါင်းပြီး ငါ့သမီးကို ဒုက္ခပေးခဲ့ကြတာ မဟုတ်လား။ ငါသိ



www.burmeseclassic.com

www.burmeseclassic.com



တယ်နော်၊ ငါလာတော့လည်း ငါ့ကို ပြဿနာရှာပြီး ကန်ထုတ်တယ်။ ငါ့သားလာတော့လည်း ငါ့သားကို ပြဿနာရှာပြီး ကန်ထုတ်တယ်၊ ခု ငါ့သမီးကိုပါ ကန်ချလိုက်တယ်ဆိုတော့ ဘယ်လိုတုံး မောင်အဟတ္တာရဲ့။ မင်းကိုယ်မင်း ဘောသမားများ အောက်မေ့နေသလား"

"ခင်ဗျာ"

"ဟုတ်တယ် ကြီးတော်ရေ၊ ဆရာဖျောက်က ဘောကန်တာ တအား ကောင်းတာဗျ"

"ဘာ- ဟဲ့ကောင်လေး နင် ဝင်မပါနဲ့။ ကိုင်း- ပြောစမ်း၊ နင် ငါ့သမီးကို ဘာကြောင့် ကန်ချလိုက်တာတုံး။ အဲဒီအဖြေကို သိချင်လို့ ငါ လိုက်လာတာ"

"ခင်ဗျာ၊ ဟိုဟာ ဟိုဒင်းလေ. . ."

ဖျောက်ဆိပ် ဘာပြောလို့ ပြောရမှန်း မသိတော့။ ယောက္ခမ ဒေါ်လုံးတင်ကို ပြူးကြောင်ကြောင်နှင့် လှမ်းကြည့်နေ၏။ ဂျာအေးမှာလည်း ဒေါ်လုံးတင်၏ အနားသို့ တစ်ဖဝါးတောင် မကပ်ရဲ။

"ဘယ်လိုတုံးဟဲ့၊ ဖြေစရာ အဖြေ မရှိတော့ဘူးလား။ ဟိုခမျာ ငိုလိုက်တာမှ တရှုတ်ရှုတ်၊ ဂျာဖျောက်ကလည်း ရွာထိပ်က တကြော်ကြော်။ ဘယ်လိုတုံး၊ ဘယ်လိုလုပ်ကြမှာတုံး။ ဘာတွေဖြစ်ကုန်ပြီတုံး။ မင်း ဒီလိုပစ်ထားသလားပြော။ စကားကို ပြတ်ပြတ်သားသား ပြောပေတော့"

"ခင်ဗျာ၊ ပစ်. . မပစ်ပါဘူး ကြီးတော်ရယ်။ ဟို- သူက အိမ်မှာ နေရတာ မပျော်ဘူးဆိုပြီး ဆင်းသွားတာဗျ။ ဂျာအေးကို မေးကြည့်ပါ ခင်ဗျာ"

"ဟုတ်တယ်၊ ဆရာဖျောက်ပြောတာ အမှန်အကန်ပဲဗျ။ အိမ်မှာ နေရတာ ပျင်းတယ်ဆိုပြီး ရွာပြန်သွားတာ"

"ဘာ- နင်တို့နှစ်ယောက်စလုံး ငါ့ကို ခြောင်လိမ်နေကြတယ်။ ကောင်းပြီ၊ ငါလာမေးတာ အကောင်းလို့ မထင်နဲ့"

"တိုးတိုးပြောပါ ခင်ဗျာ။ ဒီကိစ္စ ကျွန်တော် ရှင်းပါ့မယ် ခင်ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဘာ- ဘယ်လိုရှင်းမှာတုံး၊ ဟိုမှာ မစားနိုင် မသောက်နိုင် ဖြစ်နေတာ သိရဲ့လား။ ခုလည်း သူမသိအောင် ငါ ရွာက ထွက်လာရတာဟဲ့။ ပြောစမ်းပါဦး သမက်ကြီးရဲ့၊ ငါ့သမီးကို ဘာလုပ်လွှတ်လိုက်သလဲ။ ရှင်းရှင်းပြတ်ပြတ်သာပြော။ ဘာတုံး မင်းက ငါ့သမီးကို မပေါင်းချင်တော့ဘူးပေါ့ ဗုတ်လား"

"ဟာ- မဟုတ်. . ."

"တော်စမ်း၊ ဒီမှာ မှတ်ထား လုံးတင်တဲ့ တစ်လုံးတည်း ရှိတယ်ဟဲ့။ နင် မပေါင်းချင်ဘူးဆို ခုပြောလည်း ငါ အခုချက်ချင်း ငါ့သမီးကို ယောက်ျားပေးစားပစ်လိုက်မယ်"

"ဗျာ- အဲဒီလောက် မရက်စက်ပါနဲ့ဗျာ"

"ဟုတ်ပါတယ် ကြီးတော်လုံးရာ၊ ထောင့်ငါးရာ နှောင်ကြိုးဆိုတာ ဘယ်လိုမှ ဖြတ်မရပါဘူးဗျာ။ ဆရာဖျောက်လည်း ညတိုင်း ငိုနေပါတယ်၊ ငိုလွန်းလို့ အရပ်လူကြီးကတောင် တားယူနေရပါတယ်ဗျာ"

"တော်ပြီ၊ ငါ ဘာလုပ်ရမလဲ ပြတ်ပြတ်သာ ပြောကြပေတော့။ ပေါင်းမယ်ဆိုရင် ခုချက်ချင်း ရွာလိုက်ခဲ့၊ ငါ့သမီး ပြန်လာခေါ်သွား"

"ဟင်- ခေါ်လို့ ရမလား၊ ဒါဆို ကျွန်တော် ကြီးတော်ပြန်ရင် လိုက်ပါ့မယ်ဗျာ"

"သေချာတယ်နော်"

"သေချာပါတယ်ဗျာ၊ ကျွန်တော် မုသားစကား မပြောဝံ့ပါဘူး။ အပုလေးကို ကျွန်တော် မျိုထားမတတ် ချစ်တာပါ၊ ဆံတစ်ပင်တင်း ချစ်ခြင်းမယား ဆိုတဲ့စကားလည်း ရှိပါတယ် ကြီးတော်ရယ်။ ပြီးတော့ တစ်ရက်ကလေး ဝေးတာတောင် ရက်ပေါင်းခုနစ်ရာကြာတယ်လို့ထင်တဲ့ ကိန္နရီမောင်နှံ. . ."

"တိတ်- ငါ့ကိုလာပြီး လွမ်းမပြနဲ့၊ လိုက်မယ်ဆို ခုအထုပ်အပိုးပြင်ပေတော့"

"ဗျာ- တကယ်လား၊ အပုလေးက ကျွန်တော့်ကို လက်ခံပါ့မလား"



www.burmeseclassic.com

www.burmeseclassic.com



"ဘာဖြစ်လို့ လက်မခံရမှာလဲ၊ ဟိုမှာ နင့်ကြောင့် ရှုးမတတ် ဖြစ်နေတာ။ မယ်သီလရှင်ဝတ်မယ် ပြောလို့ ငါ မနည်းတားနေရတာ ဟဲ့"

"ဗုဒ္ဓေါ၊ ဟာ- မဖြစ်ဘူး လိုက်မှပဲ။ ကြီးတော်၊ ကျုပ်တို့နှစ်ယောက် စလုံး လိုက်ခဲ့မှာနော်၊ ဟိုကျရင် ကြီးတော် အဆင်ပြေအောင် ကြည့်ပြောပေးပါနော်"

ဖျောက်ဆိပ်၏ ဖျော့တော့တော့ လေသံကြောင့် ဒေါ်လုံးတင် ဒေါသစိတ်တွေ ပြေသွားခဲ့၏။ သူ့ကို တသသ ဖြစ်နေပြီဆိုသော စကားကို ကြားလိုက်ရသောအခါ ဖျောက်ဆိပ် ဝမ်းအသာကြီး သာနေ၏။

ထို့ကြောင့်လည်း အဝတ်အစား ကပျာကယာလဲကာ ဂျာအေးကို ခေါ်၍ ဒေါ်လုံးတင်နှင့်အတူ ရွာသို့ ဈေးကားနှင့် လိုက်ချလာလေတော့၏။

"ဆရာဖျောက်"

"ဟေလကွာ"

"ဟို- ဆရာဖျောက် အဘွားကြီးက ခင်ဗျား ဖောက်ပြန်သွားတာကို မသိသေးဘူးနော်"

"အေးကွ၊ သိသွားရင်တော့ မလွယ်ဘူး။ အပုလေးကရော ငါ့ကို ခွင့်လွှတ်ပါ့မလားကွာ"

"အိုဗျာ၊ လင်နဲ့မယား လျှာနဲ့သွားပဲ ကိုက်မိတဲ့အခါ ကိုက်မိမှာပေါ့။ ကြောက်နေစရာ မလိုပါဘူး။ ကိုယ်ကချစ်လို့၊ မခွဲနိုင်လို့ လာခေါ်တာပဲဗျာ။ ရဲရဲတင်းတင်းသာ လုပ်စမ်းပါ ဆရာဖျောက် ရာ၊ ကြောက်စိတ် မမွေးစမ်းပါနဲ့"

"အေးပါကွာ၊ အပုလေးအကြောင်း မင်းလည်း အသိသားပဲကွာ။ စိတ်က လက်တစ်ဆစ်ကွ၊ ငါ့မြင်လို့ ဓားနဲ့လိုက်ခုတ်နေမှ အခက်"

"ဒီလောက်လည်း မဖြစ်လောက်ပါဘူးဗျာ၊ တောင်တောင်ဤဤ တွေးမနေစမ်းပါနဲ့။ မပုလေးက နှုတ်ကြမ်းလျှာကြမ်း ရှိပေမယ့် နှလုံးသားက နူးညံ့ပါတယ်ဗျ"

"ဟေ- ဟုတ်ရဲ့လား"

"ဟာ- ကိုယ့်မိန်းမအကြောင်း ကိုယ်သိရမှာပေါ့ဗျာ၊ ကြောက်မနေ



www.burmeseclassic.com

www.burmeseclassic.com



စမ်းပါနဲ့"

"အေးပါကွာ"

တပည့်ကျော် ဂျာအေး၏ စကားကြောင့် ဖျောက်ဆိပ် တင်းတင်းရင်းရင်း ဖြစ်လာ၏။ ယောက္ခမ ဒေါ်လုံးတင်ကိုတော့ ရဲရဲမကြည့်ဝံ့သေး။ ကိုယ့်အပြစ်နှင့်ကိုယ်မို့ ထုံအအ ဖြစ်နေ၏။

ရွာထဲ ဝင်လိုက်သည်နှင့် သူ့ရင်တွေ တအုန်းအုန်း ခုန်နေ၏။ ခြေတွေလက်တွေလည်း အေးစက်နေ၏။ လျှောက်သာ လျှောက်နေသော်လည်း နောက်တဆုတ်ဆုတ်။

"ဘယ်လိုဖြစ်နေတာတုံးဗျ"

"ဟို- ငါ ရင်မဆိုင်ရဲဘူးကွ၊ အပုလေးကို ငါ ကြောက်တယ်"

"ကြဲကြဲဖန်ဖန်ဗျာ၊ ဆရာဖျောက်က အိမ်ထောင်ဦးစီးပါဗျ။ ကြောက်နေရင် နောက်တစ်ယောက် ကြားဝင်ခဲ့လိုက်မှာလား"

"ဟာကွာ၊ မင်းကလည်း တောက်တီးတောက်တဲ့"

"ဒီအဖြေပဲ ရှိတာလေ"

"မပြောစမ်းပါနဲ့ကွာ၊ အပုလေးကို ဘယ်သူ့မှ မပေးနိုင်ဘူးကွ"

"အဲဒါပြောတာပေါ့ဗျာ၊ တင်းတင်းရင်းရင်း လုပ်စမ်းပါဗျာ"

"အေးပါကွာ"

ဂျာအေး အားပေးနေသဖြင့် ကိုယ့်ကိုယ်ကိုယ် မနည်းကြီး ထိန်း၍ ရွာထဲ ဝင်လာခဲ့၏။ တစ်ရွာလုံးက သူ့ကို ဝိုင်းကြည့်နေ၏။ တချို့ကလည်း တစ်သွေးတစ်မွေး ပြောင်းလဲနေသော သူတို့အသွင်ကို မှတ်တောင်မမှတ်မိတော့။

အပုလေးရှိသည့် အိမ်ဝိုင်းအနားသို့ အရောက်တွင် ဖျောက်ဆိပ် တလည်လည် ဖြစ်နေ၏။ ထိုစဉ် ယောက္ခမကြီးက အတင်း ဆွဲခေါ်နေသဖြင့် အိမ်ဝိုင်းထဲသို့ ခြေလှမ်း မရဲတရဲနှင့် ဝင်လာခဲ့၏။

"ဟဲ့- မိပု၊ မိပု မရှိဘူးလား"

"မရှိဘူး ကြီးတော်ရေ၊ မယ်သီလရှင် ဝတ်တော့မယ်ဆိုပြီး ရွာဦးကျောင်းဘက် ထွက်သွားတာပဲ"

"ဗျာ"



www.burmeseclassic.com

www.burmeseclassic.com



"ဟယ်တော်- လိုက်စမ်း"

"ဟုတ်ကဲ့"

ကြားလိုက်ရသည့် စကားသံကြောင့် ဖျောက်ဆိပ်တစ်ယောက် ရင်တစ်အုံလုံး ပေါက်ကွဲသွားမတတ် ခံစားလိုက်ရ၏။ ယောက္ခမလုပ်သူမှာလည်း မျက်လုံးပြူး မျက်ဆန်ပြူး။

လိုက်လိုက်ဆိုသဖြင့် ဖျောက်ဆိပ်တစ်ယောက် ရွာဦးကျောင်းသို့ ဒရောသောပါး ပြေးခဲ့ရ၏။ ဂျာအေးကလည်း နောက်မှ ချာလည်ချာလည် လိုက်လာခဲ့၏။

"အပုလေး၊ အပုလေးရေ"

"အော်ပါဗျာ၊ ကျယ်ကျယ်အော်စမ်းပါ"

"အေးပါကွာ"

ဖျောက်ဆိပ်တစ်ယောက် ထန်းတောထဲမှ ဖြတ်၍ ပြေးနေ၏။ ဖုန်တွေ တထောင်းထောင်း။ တောင်သူတွေကလည်း သူတို့နှစ်ဦးကို တအံ့တဩနှင့် ကြည့်နေ၏။ ဖျောက်ဆိပ် အသံကြီးကလည်း တပြုံပြုံ။

အော်ရင်းဟစ်ရင်းနှင့် ရွာဦးကျောင်းထိပ်သို့ ရောက်ရှိသွား၏။

"အပုလေး၊ အပုလေး"

"ဟဲ့- ဘယ်သူတုံးဟ၊ ဒီလောက် အော်ဟစ်နေတာ။ တော်တော် အလိုက်ကန်းဆိုး မသိတဲ့ဟာဘဲ"

"တပည့်တော် ဖျောက်ဆိပ်ပါ ဘုရား"

"ဩော်- ဒကာကြီး ဖျောက်ဆိပ်ကိုး။ ဘာဖြစ်လာသတုံး၊ ဘယ့်နှယ်ကြောင့် နင်းကန် အော်နေရသလဲ"

"ဟို- တပည့်တော် ဟိုဒင်း. . ."

"အိုကွယ်၊ ဖြည်းဖြည်းပြောစမ်းပါ။ ဘာဖြစ်လာသလဲ၊ ကမ္ဘာပျက်လာသလား"

ဆရာတော်ကြီးက ဆီးမေးလိုက်သဖြင့် ဖျောက်ဆိပ် တုံ့ခနဲ ဖြစ်သွား၏။ လက်အုပ်ချီကာ ထင်ရာမြင်ရာတွေ ပြောဆိုနေ၏။ ဆရာတော်ကြီးသည် သူ့ကို ပြုံးစိစိနှင့် ကြည့်နေ၏။

"ဘာတုံး ဒကာ၊ မိန်းမ လာခေါ်တာလား"



www.burmeseclassic.com

www.burmeseclassic.com



"တင်ပါ့ဘုရား၊ သူ. . သူ မယ်သီလရှင် ဝတ်လိုက်ပြီဆို။ အခု ဘယ်မှာလဲ ဘုရား၊ တပည့်တော် သူနဲ့ တွေ့ပါရစေ ဘုရား"

"စေတီဘက်မှာ ရှိတယ်ထင်တယ်"

"တင်ပါ့ဘုရား"

ဖျောက်ဆိပ်တစ်ယောက် အသားထွေ ဆတ်ဆတ်တုန်နေ၏။ ဆရာတော်ဘုရား၏ မိန့်မှာချက်ကြောင့် ကျောင်းအနောက်ဘက် စေတီဆီသို့ ဒရောသောပါး ပြေးထွက်သွား၏။

မောလို့ မောရမှန်းလည်း မသိတော့။ ကိုယ်ပေါ်မှာလည်း ချွေးသီးချွေးပေါက်တွေ စို့နေ၏။ ဖုန်တွေ၊ သဲတွေကလည်း ပေကျံနေ၏။ အချစ်မှ လွဲပြီး ဘာဆိုဘာမှ မမှုနိုင်တော့သည့် ဖျောက်ဆိပ်။

ဘုရားစေတီဘက်သို့ အရောက်တွင် တဘက်ကလေး ခေါင်းပေါ်တင်၍ ဘုရားဝတ်ပြုနေသော သီလရှင်တစ်ပါးကို တွေ့လိုက်ရ၏။

"အပုလေး ရက်စက်လိုက်တာ မိန်းမရယ်၊ ကိုကိုဖျောက် လာတာတောင် မစောင့်တော့ဘူးလား ရက်စက်လိုက်တာ"

"ရှင်"

"ဟာ- အပုလေးမှ မဟုတ်ဘဲ"

"ဒကာကြီးက ဘယ်သူလဲ"

"ဟို- အပုလေးယောကျ်ား ဖျောက်ဆိပ်ပါ ခင်ဗျာ"

"သြော်- မပုလေးယောကျ်ားကိုး"

"ဟို. . ဟို အပုလေးရော၊ ဘယ်မှာတုံး ပြောပါ ဆရာလေးရယ်"

ဘုရားဝတ်ပြုနေသော သီလရှင်မှာ အပုလေး မဟုတ်ပါချေ။ ထင်ရာမြင်ရာ ပြောဆိုမိသဖြင့် ရှက်ကိုးရှက်ကန်း ဖြစ်နေ၏။ နောက်ဆုံး အပုလေးရှိမည့် နေရာကို မေးမြန်းရာ သီလရှင်လေးက စေတီအနောက်ဘက် ဇရပ်ဆီသို့ လက်ညှိုးညွှန်ပြလိုက်၏။

ဖျောက်ဆိပ်ရင်တွေ တဒိတ်ဒိတ် ခုန်နေဆဲ။ ဂျာအေး ပါလာသည်ကိုပင် ဂရုမမှုနိုင်တော့။ စေတီတံတိုင်းပေါ်မှ လွှားခနဲ ခုန်ချကာ ဇရပ်ကလေးဆီသို့ ဒရောသောပါး ပြေးသွားလေ၏။

"အပုလေး၊ ညီမလေး ချစ်ညီမလေးရေ၊ အပု ပုကလေး"



www.burmeseclassic.com

www.burmeseclassic.com



ဖျော့က်ဆိပ်သည် ဇရပ်ရှေ့ ရောက်သည်နှင့် ပါးစပ်က တတွတ်တွတ် ခေါ်လေ၏။ သူ့အသံကြောင့် ဇရပ်ထဲ ဂျာဖျော့က်နှင့်အတူ အိပ်ပျော်နေသော အပုလေးတစ်ယောက် ဖျတ်ခနဲ လန့်နိုးလာ၏။

"ဟင်- တော်. . . တော်ကြီး"

"ဟုတ်တယ်လေ၊ မင်းမောင်ကြီးလေ"

"တော်ကြီး ဘာလာလုပ်သတုံး"

"မိန်းမ၊ ငါ မင်းကို တောင်းပန်ပါတယ်ကွာ။ ငါ့ဘဝမှာ မင်းကလွဲပြီး ဘယ်သူ့ကိုမှ မချစ်ခဲ့ပါဘူးကွာ၊ ဒါ သစ္စာစကားပါကွာ"

"ဘာ- ရှင် ဘာတွေ ပြောနေသတုံး၊ ရှင်ပဲ ကျုပ်ကို ရွံသွားပြီဆို၊ ပြောပါဦး"

"ဟာ- ငါ အဲဒီလို မပြောခဲ့ပါဘူးကွာ၊ မိန်းမ မင်း အထင်တွေလွဲနေပြီ။ ငါ မင်းကို ချစ်ပါတယ်၊ သေတာတောင် မင်းရင်ခွင်ထဲ ခေါင်းချသွားမယ့် ကိုကိုဖျော့က်ပါကွယ်။ အဲဒီစကား ယုံစမ်းပါကွယ်"

"တော်ကြီးနော်၊ လျှာအရိုးမရှိတိုင်း ပြောမနေနဲ့"

"ငါ တကယ်ပြောတာပါ မိန်းမရယ်။ မိန်းမရယ် သားလေးရယ်ဟာ ငါ့ရဲ့ကမ္ဘာပါကွယ်။ မင်းတို့မရှိတော့ ငါ့ရဲ့ ကွန်းခိုရာ ကမ္ဘာကြီး ပျောက်သွားသလိုပါပဲကွယ်"

"တော်ကြီးနော်. . . "

"မိန်းမရယ်၊ ကိုယ့်စကားတွေကို ယုံလိုက်ပါတော့။ ခုလည်း မင်းကို မခွဲနိုင်လို့ ငါ လိုက်ခဲ့တာပါ"

"ဒါဆို ဟိုတစ်ယောက်ကိစ္စရော"

"ဟာ- မင်းအပြင် ဘယ်သူမှ မရှိပါဘူးကွယ်၊ ကြားစကားတွေ မယုံပါနဲ့ မိန်းမရယ်။ ဟော- သားကြီး ဂျာဖျော့က်တောင် နိုးလာပြီ၊ လာလာ အဖေကြီးဆီလာ"

"ရှင်ရို့ မချီနဲ့"

"ဟော- ဘာဖြစ်လို့တုံး မိန်းမရယ်"

"တော်ပြောတာ တကယ်လား၊ ဘုရားရှေ့မှာ သစ္စာဆိုရဲလား"



www.burmeseclassic.com

www.burmeseclassic.com



"ဆိုပါမယ်ကွာ၊ မင်းတို့သားအမိဟာ ငါ့ရဲ့ မဟာရင်ခွင်ကြီးပါ မိန်းမရယ်။ ကိုကိုဖျောက် ထင်ရာလုပ်မိတာကို ခွင့်လွှတ်ပါကွယ်"

"တော်ကြီးနော်"

ဖျောက်ဆိပ်၏ အချွဲအပျစ် စကားကြောင့် နောက်ဆုံးတော့ အပုလေးတစ်ယောက် တင်းထားသော မာနများ လျှော့ချကာ ဖျောက်ဆိပ်၏ ရင်ခွင်ထဲ ဝင်၍ တပြုပြုနှင့် ငိုချလိုက်လေတော့၏။

ဖျောက်ဆိပ်မှာ အပုလေးရော သားဖြစ်သူပါ သူ့ရင်ခွင်ထဲ ရောက်ရှိလာပြီမို့ အကြီးအကျယ် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေတော့၏။

ပေါ်ကျာရစ်



www.burmeseclassic.com